

နဝရတ်ဓား
မိုးကြိုးသွား
စာစဉ် ၃
သိုင်းစာစဉ်များPAGE

တက္ကသိုလ်

# နေလင်းအောင်

---

# နဝရတ်ခါးမိုးကြိုးသွား

<ညှိုးနေလို့ကဲ မြှော်ဂူမယ်>

(စာစဉ်-၃)

အဘိုးကြီးက မကျေမနပ်နှင့် ခေါင်းကိုခါယမ်းလိုက်ပြီး ....

"အိုကွာ .... မင်း စေ့စပ်ထားတာကို ဖျက်သိမ်းပစ်လိုက်စမ်းပါ .... ငါတပည့်လို မိန်းကလေးမျိုးကို မင်းရဲ့တစ်သက် မီးတွန်းပြီး လိုက်ရှာတာတောင် တွေ့မှာ မဟုတ်ပါဘူး .... မင်းအတွေး မမှားစမ်းပါနဲ့ .... "

တိန့်ထောက် စိတ်ထဲမှ ပြုံးလိုက်ပြီး ....

"ကျွန်တော်ရဲ့ စေ့စပ်ထားတာကို ဖျက်သိမ်းဖို့ မဖြစ်နိုင်ပါဘူး ဆရာကြီး .... "

"ဘာဖြစ်လို့လဲကွ .... "

"လူကြီးစုံရာနဲ့ ကျကျနနစေ့စပ်ကြောင်းလမ်းပွဲကို လုပ်ထားလို့ပါ .... "

အဘိုးအိုကြီးက ကလေးဆိုးကြီးလို ခေါင်းကိုခါယမ်း၍ ....

"အိုကွာ .... ဘာပဲဖြစ်ဖြစ် ဖျက်ပစ်လိုက် .... ငါ့စကားကိုသာ နားထောင်စမ်း .... ငါတပည့်မလေးကို မင်းမယူဘူးဆိုရင် .... နောက်မှ မင်းနောင်တကောင်းကောင်းရလိမ့်မယ် .... "

တိန့်သောက်စိတ်ထဲတွင် အဘိုးအိုကြီး တကယ်စိတ်မမှန်ဘဲ

စိတ်ထဲထင်ရာကိုသာ ပြောဆိုနေကြောင်းကို တွေးမိလာ၏။ ထို
ကြောင့် မသိမသာပြုံးလိုက်ပြီး ....

"ထားလိုက်ပါတော့ ဆရာကြီးရယ် .... ဆရာကြီးကသ
အတင်းအကျပ် ကျွန်တော့်ကို ပြောဆိုတိုက်တွန်းနေလိုက်တာ ...
တကယ်လို့ ဆရာကြီးရဲ့စကားကို ကျွန်တော်က နားထောင်မယ်
ထားပါဦး .... ဆရကြီးရဲ့တပည့်မလေးကကော လက်ခံပါ့မလား ...
ပြီးတော့ ချီယွင်ဂေဟာသခင်ကြီးကကော ကျွန်တော်လို လူမျိုး
သဘောတူပါ့မလား .... "

"ဒီမယ် မောင်ရင် .... ချီယွင်ဂေဟာသခင်ကြီးဟာ ကျုပ်
ပြောတဲ့စကားဆိုရင် ဘယ်တော့မှ မပယ်ရှားဘူး .... နားထောင်မှာ
ကျုပ်ရဲ့တပည့်မလေး လန်းလန်းကလည်း ကျုပ်ရဲ့စကားဆိုရင် မြေ
ဝယ်မကျ နားထောင်တယ် .... "

တိန့်ထောက်က ပြုံးလိုက်ပြီး ....

"ဒါပေမယ့် ကျွန်တော့်အနေနဲ့ကတော့ မဖြစ်နိုင်ပါဘူး ဆရာ
ကြီး .... "

အဘိုးအိုကြီး၏မျက်နှာ သုန်မှုန်သွားကာ ....

"ဘာကွ .... မဖြစ်နိုင်ဘူး ဟုတ်လား .... မင်း ငါ့စကားကို
နားမထောင်ဘူး .... သဘောမတူဘူးဆိုရင် ငါ့အခန်းထဲက အပြင်ကို
ထွက်မသွားနဲ့တော့ .... "

အဘိုး၏စကားက လွန်လွန်ကျူးကျူးဖြစ်လာသဖြင့် တိန့်
ထောက် မျက်နှာထားတည်သွားသည်။ သူက လေသံအေးအေးဖြင့်



ပြန်ပြောလိုက်သည်။

"ဆရာကြီးက ကျွန်တော့်ကို အဓမ္မနည်းနဲ့ ချုပ်နှောင်ထား
မလို့လား .... ကျွန်တော်က ငှဲခံနေမှာမို့လား .... "

"ငှဲခံရမယ်ပေ့ .... ငှဲခံရမယ် .... ငါ့အခန်းထဲကိုရောက်လာ
တဲ့သူမှန်သမျှ ငါ့စကားကို နားထောင်ရမယ် .... "

အဘိုးကြီးက တင်းမာခက်ထန်စွာ ပြန်ပြောသည်။

တိန့်ထောက်သည် စိတ်မမှန်သူတစ်ဦးနှင့် ခိုက်ရန်ဒေါသဖြစ်
ရမှာ ခက်နေပြန်သည်။ ထို့ကြောင့် အာရုံလွှဲပြောင်းမှုရှိစေရန် စကားကို
လွှဲလိုက်သည်။

"ဒါဖြင့် ဆရာကြီးကို နည်းနည်းလောက် မေးမြန်းပါရစေ"

"မင်းက ဘာမေးမှာလဲ .... "

"ဆရာကြီးရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ .... "

"ငါ့ရဲ့နာမည်ကတော့ မရှိဘူး .... ဒါပေမယ့် ဘွဲ့နာမည်က
တော့ ရှိတယ် .... မြက်ရိုင်းတဲ့ .... "

တိန့်ထောက်က ခေါင်းတလားအနက်ကြီးကို လှမ်းကြည့်
လိုက်ပြီး ....

"ဒီခေါင်းတလားကြီးကိုကော ဆရာကြီးရဲ့အခန်းထဲမှာ ဘာ
ဖြစ်လို့ ထားတာပါလဲ .... "

တင်းမာနေသော အဘိုးအိုကြီး၏မျက်နှာမှာ အနည်းငယ်
ညိုးနွမ်းသွားပြီး စိတ်မချမ်းမြေ့သည့်လေသံမျိုးဖြင့် ပြန်ပြောသည်။

"ဒီခေါင်းကြီးထဲမှာ ကျုပ်နဲ့သိပ်ပြီးရင်းနှီးတဲ့ မိတ်ဆွေတစ်

ယောက်ရှိတယ် .... သူသေသွားတော့ သူ့ကို ကျုပ်ကသိပ်ပြီးခင်လွ
လို့ ဒီခေါင်းထဲကိုထည့်ပြီး ကျုပ်အခန်းထဲမှာ သွင်းထားတာပဲ ....

တိန့်ထောက် အံ့အားသင့်သွားပြီး ....

"ဘာဖြစ်လို့ မြေမမြှုပ်ပစ်တာလဲ ဆရာကြီး .... ဘယ်
လောက်ပဲခင်ခင် အခုလိုလုပ်ဖို့တော့ မသင့်လျော်ပါဘူး .... "

ထိုအခါ မြက်ရိုင်းသိုင်းသမားကြီးက အရူးတစ်ယောက်
မျက်နှာကြီးကို ရှုံ့မဲ့လိုက်ပြီး ....

"အို .... မမြှုပ်နိုင်ဘူး .... မမြှုပ်နိုင်ဘူး .... ဘာဖြစ်လို့လဲဆို
တော့ သူ့အတွက် ကျုပ်က ကလဲ့စားချေရဦးမယ် .... သူ့ကိုသတ်သွာ
တဲ့လူကို ကလဲ့စားချေပြီးမှ သူ့အလောင်းကို ကောင်းကောင်းမွန်မွ
သဂြိုဟ်မယ် .... "

"ဆရာကြီးရဲ့မိတ်ဆွေက ဘယ်သူလဲ .... "

"သိုင်းလောကမှာကျော်ကြားခဲ့တဲ့ သိုင်းအကျော်အမော်ကြီး
တစ်ယောက်ပေါ့ကွ .... "

"ဘွဲ့နာမည်ကကော ခင်ဗျာ .... "

"ဒါကိုတော့ ဘယ်သူ့ကိုမှ ကျုပ်မပြောခဲ့ဘူး .... မင်းကို
လည်း မပြောနိုင်ဘူး .... "

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ဆရာကြီး .... "

တိန့်ထောက်က ပြောပြောဆိုဆိုဖြင့် ထရပ်လိုက်သည်။

"နေဦး .... မင်းမပြန်နဲ့ဦး .... "

ခြေလှမ်း လှမ်းလှုဆဲဆဲ တိန့်ထောက်သည် မြက်ရိုင်းသမား



တော်ကြီးကို ခက်ထန်စွာပြန်ကြည့်ကာ ပြောလိုက်သည်။

"အတင်းအဓမ္မခြိမ်းခြောက်ပြီးလုပ်မယ့် မင်္ဂလာပွဲမျိုးကို ဘယ်
နည်းနဲ့မှ ကျွန်တော်လက်မခံနိုင်ဘူး .... "

"မင်း တယ်ပြီးခေါင်းမာပါလား .... ဆက်ပြီး မင်းခေါင်းမာ
နေဦးမယ်ဆိုရင်တော့ .... မင်းကို ငါတိုက်ခိုက်ရလိမ့်မယ် .... "

"ဆရာကြီးရဲ့လုပ်ရပ်ဟာ နည်းလမ်းမကျပါဘူး .... ဒါပေမယ့်
ဆရာကြီးတိုက်ခိုက်မယ်ဆိုရင်လည်း ရပါတယ် .... ကျွန်တော်
အဆင်သင့်ပါပဲ .... "

"ဒါဖြင့် တိုက်ပြီ .... "

ပြောပြောဆိုဆို မြက်ရိုင်းသိုင်းသမားကြီးက တိန့်ထောက်ထံ
ခုန်ဝင်လာပြီး လက်နှစ်ဖက်စလုံးဖြင့် ရိုက်လိုက်၏။

တိန့်ထောက်လည်း အတွင်းအားကို ချက်ချင်းစုစည်းလိုက်ပြီး
မြက်ရိုင်းသိုင်းသမားကြီး၏လက်ဝါးနှစ်ဖက်ကို သူ့လက်ဝါးနှင့် ဆီး၍ခံ
လိုက်သည်။

"ဝုန်း .... "

ကျယ်လောင်သော ရိုက်ခတ်သံကြီးပေါ်ထွက်လာပြီးနောက်
တိန့်ထောက်မှာ နောက်ကို ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွား၏။ မြက်
ရိုင်းသိုင်းသမားကြီးကမူ နောက်ကို ဒယီးဒယိုင်ဖြင့် ခြေလှမ်းငါးလှမ်း
ဆုတ်သွားသည်။ သူ့မျက်နှာလည်း ကွက်ခနဲပျက်သွား၏။

"မင်းက အတွင်းအား တယ်ကောင်းပါလား .... "

မြက်ရိုင်းသိုင်းသမားကြီးက စောစောကထက် အတွင်းအား

ကို စုစည်းလိုက်ပြီး တိန့်ထောက်ခံ ခုနဝင်ကာ လက်ဝါးရိုက်ချက်ဖြင့် ထပ်မံရိုက်ပြန်သည်။

တိန့်ထောက် နောက်ကို ခြေလှမ်းနှစ်လှမ်းဆုတ်ပြီး ကိုယ်ကို တစ်ပတ်လှည့်၍ တိမ်းရှောင်လိုက်ရာ သူ့ဘေးနားမှ ပြင်းထန်သော လေလှိုင်းအားအဟုန်တစ်ခုက ကျော်ဖြတ်သွားသည်။ သူသည် လက်ဝါးနှစ်ဖက်ဖြင့် မြက်ရိုင်းသိုင်းသမားကြီး၏ခန္ဓာကိုယ်ကို ရိုက်လိုက်သည်။

"ဘုန်း .... "

ခနဲ အသံခပ်အုပ်အုပ်ပေါ်လာပြီး မြက်ရိုင်းသိုင်းသမားကြီးမှာ ဟပ်ထိုးလဲကျလုမတတ် လွင့်စဉ်သွားသည်။

မြက်ရိုင်းသိုင်းသမားကြီးက သူ့ကိုယ်သူ အချိန်မီပြန်ထိန်းနိုင်၍သာ လဲကျမသွားခြင်းဖြစ်လေသည်။

ယခုတစ်ခါတော့ သူသည် မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြစ်နေလေပြီ။ တိန့်ထောက်ကို ဆက်လက်တိုက်ခိုက်ရန်လည်း ဟန်မပြင်တော့ချေ။

အသက်အရွယ်ငယ်ငယ်ကလေးဖြင့် ဤမျှသိုင်းပညာအဆင့်မြင့်လွန်းနေသော တိန့်ထောက်ကို သူသည် အံ့သြ၍မဆုံးအောင် ဖြစ်နေမိ၏။

တိန့်ထောက်က ခပ်အေးအေးပင် မြက်ရိုင်းသိုင်းသမားကြီးကို မေးမြန်းသည်။

"ကျွန်တော့်ကိုဆက်ပြီး တိုက်ဦးမလား ဆရာကြီး .... "



"မတိုက်တော့ပါဘူး .... မင်းသွားနိုင်ပါပြီ .... "

တိန့်ထောက်သည် ထွက်လာသည်။ တံခါးဝအနီးသို့ အရောက်တွင် နောက်ဘက်ဆီမှ မြက်ရိုင်းသိုင်းသမားကြီး၏အသံ ပေါ်လာသည်။

"တိန့်ထောက် .... "

တိန့်ထောက် တန့်ခနဲ ရပ်ပြီးနောက်ကို လှည့်ကြည့်သည်။

"ဘာပြောဦးမလို့လဲ ဆရာကြီး .... "

"မင်းအတွေးမမှားပါနဲ့ တိန့်ထောက် .... ကျုပ်တပည့်မလေး လန်းလန်းကို လက်ထပ်ယူပါ .... "

"ဝမ်းနည်းပါတယ် ဆရာကြီး .... မဖြစ်နိုင်ပါဘူး .... "

တိန့်ထောက် တံခါးဝမှ ဆက်ပြီးထွက်ခဲ့သည်။

"သွား .... သွား .... မင်းဟာ လူမိုက်ပဲ .... မင်းလောက်မိုက်တဲ့လူမျိုးကို ငါတစ်ခါမှ မတွေ့ဖူးသေးဘူး .... "

နောက်ဘက်မှ မြက်ရိုင်းသိုင်းသမားကြီး၏အသံက ဝေး၍ကျန်ခဲ့၏။

တိန့်ထောက်သည် ဝင်းနံ့ရံတစ်ခုကို ခုန်လွှားကျော်ဖြတ်ခဲ့၏။

ကျောက်ခင်းလမ်းကလေးအတိုင်း သူ့အဆောင်ရှိရာသို့ ခပ်သွက်သွက်လျှောက်လာခဲ့သည်။

တစ်နေရာအရောက်တွင် သူ့ခြေလှမ်းတန့်ခနဲရပ်သွားသည်။

သူသွားမည့်လမ်းကို ပိတ်လျက် လူတစ်ယောက်ကျောခိုင်း၍ ရပ်နေသည်ကို တွေ့ရသောကြောင့်ဖြစ်၏။ အမျိုးသမီးကြီးတစ်ယောက်ဖြစ်ကြောင်း သိရသော်လည်း မျက်နှာကိုမူ တိန့်ထောက်မမြင်ရချေ။

တိန့်ထောက်က လေသံအေးအေးဖြင့် မေးမြန်းလိုက်သည်။

"လမ်းပိတ်ရပ်နေတာ ,ဘယ်သူလဲခင်ဗျာ .... "

အမျိုးသမီးက တိန့်ထောက်အမေးကို ပြန်မဖြေဘဲ သူမကသာ ပြန်မေးသည်။

"မင်း ဟိုအဘိုးကြီးနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့တယ် မဟုတ်လား"

အမျိုးသမီးကြီး၏မျက်နှာကို မမြင်ရသော်လည်း အသံကိုကြားရခြင်းအားဖြင့် အသက်ငါးဆယ်အရွယ်ခန့်ရှိလိမ့်မည်ဟု တိန့်ထောက်တွေးမိသည်။



"မြက်ရိုင်းသိုင်းသမားကြီးကို ပြောတာလား .... "

"အေး ဟုတ်တယ် .... "

အမျိုးသမီးကြီး၏လေသံက ခက်ထန်တင်းမာလှသည်။ သူမသည် တိန့်ထောက်ကို ကျောခိုင်းကာ ရပ်မြဲရပ်နေလေသည်။

တိန့်ထောက်သည် ထိုအမျိုးသမီးကြီးကို မည်သူမည်ဝါမှန်း မသိသော်လည်း ကောင်းကောင်းမွန်မွန်ပင် ပြန်ပြောသည်။

"သူက ကျွန်တော့်ကို စတိုက်လို့ ကျွန်တော်လည်း ကိုယ့်ကိုယ်ကို ခုခံကာကွယ်တဲ့အနေနဲ့ ပြန်တိုက်ရတာပါ .... "

"သူက မင်းကိုဘာဖြစ်လို့ တိုက်သလဲ .... ဘာလဲ ချူလန်းလန်းနဲ့ မင်းကို မင်္ဂလာဆောင်ပေးမယ်ဆိုတာ မင်းကလက်မခံလို့လား"

"ဟုတ်ပါတယ် .... ဒါ့ ဒေါ်ကြီးက ဘယ်သူလဲ .... "

အမျိုးသမီးကြီး၏မျက်နှာက တိန့်ထောက်ဘက်သို့လှည့်လာသည်။ သူမ၏မျက်နှာမှာ ခက်ထန်ကြမ်းတမ်းလှပြီး အရုပ်လည်း ဆိုးသည်။

"ငါဟာ လန်းလန်းကို ငယ်ငယ်လေးကတည်းက ထိန်းလာရတဲ့သူပဲ .... လန်းလန်းတစ်လသမီး အရွယ်မှာပဲ သူ့အမေသေသွားတယ် .... ငါ့ကို ချီယွင်ဂေဟာတစ်ခုလုံးက အမေကြွမ်းလို့ ခေါ်ကြတယ် .... "

တိန့်ထောက်က ဘာမှပြန်မပြောဘဲ အမေကြွမ်းဆိုသည့် အမျိုးသမီးကြီးကိုသာ အကဲခတ်ကြည့်နေသည်။

အမေကြွမ်းကသာ ဆက်ပြောသည်။

"လန်းလန်းနဲ့ယှူဗို့ မင်းကို အတင်းသဘောတူနိုင်းတာပေါ့

ဟုတ်လား .... မင်းက ဘဝင်မြင့်တာကိုး .... အေး .... လန်းလန်းက မင်းထက်ဆယ်ပြန် မာနကြီးသေးတယ် .... မင်းက လက်ခံတာတောင်မှ သခင်မလေးလန်းလန်းက လက်ခံမှာမဟုတ်ဘူး .... "

တိန့်ထောက်က ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။

အမေကြွမ်းက ရှေ့ကို ခြေတစ်လှမ်းတိုးလိုက်ပြီး ပြောပြန်သည်။

"နေပါဦး .... မင်းက တို့ ချိုယွင်ဂေဟာကို ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ရောက်လာတာလဲ .... "

အမေကြွမ်း၏အမေးစကားကြောင့် တိန့်ထောက်ရင်ထိတ်သွားသည်။ အမေကြွမ်းသည် သူလာခဲ့သည့် ရည်ရွယ်ချက်အမှန်ကို ရိပ်စားမိ၍ မေးမြန်းလိုက်ခြင်းလားဟု တွေးမိသည်။

သူသည် ဣန္ဒြေဆည်လိုက်ပြီး ....

"ဘာရည်ရွယ်ချက်နဲ့မှ ရောက်လာတာမဟုတ်ဘူး .... နောင်ကြီးရဲ့က အလည်လိုက်ခဲ့ဖို့ အတင်းအကျပ်ခေါ်တာနဲ့ ကျွန်တော်ရောက်လာတာ .... နေပါဦး အမေကြွမ်းက ဘာသဘောနဲ့ မေးတာလဲ .... "

"မဟူရာသိုင်းသမားကြီးဟာ ဘယ်တုန်းကမှ ငါတို့ ချိုယွင်ဂေဟာနဲ့ ပတ်သက်ခဲ့တာ မဟုတ်ပါဘူး .... မင်းရောက်လာမှ သူလည်း ဒီကို ပြဿနာလာရှာတယ် .... "

"ဒါတော့ ကျွန်တော် ဘယ်သိမလဲ .... "

"မင်း သိကိုသိရမယ် .... "

"မသိပါဘူးဆိုမှ .... "



"မင်း သိပ်ပြီးဘဝင်မြင့်မနေနဲ့ .... ဟိုအဘိုးကြီးက မင်းကို မယှဉ်နိုင်လို့ မဟုတ်ဘူး .... လျှော့ပေးလိုက်တာ .... ငါကတော့ လျှော့ပေးမှာ မဟုတ်ဘူး .... "

"အမေကြွမ်းက ကျွန်တော့်ကို တိုက်ခိုက်မလို့လား .... "

"အေး .... "

ထိုစဉ် အမေကြွမ်းအနီးသို့ လူတစ်ယောက်ရောက်လာသည်။ ရောက်လာသူမှာ ရဲ့ကျိုထိန်ဖြစ်လေသည်။

ရဲ့ကျိုထိန်က တိန့်ထောက်နှင့် အမေကြွမ်းကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီးမှ အမေကြွမ်းကိုပြောသည်။

"အမေကြွမ်းကို သခင်ကြီးခေါ်နေပါတယ် ခင်ဗျာ .... "

"ဘာကိစ္စလဲ .... "

အမေကြွမ်းက တင်းမာသောလေသံဖြင့် ပြန်မေးသည်။

ရဲ့ကျိုထိန်က ခေါင်းကို ခါယမ်းပြီး ....

"ဒါတော့ ကျွန်တော်လည်း မသိပါဘူး အမေကြွမ်း .... "

အမေကြွမ်းသည် တိန့်ထောက်ကို ရှုးရှုးရားရားတစ်ချက်ကြည့်လိုက်ပြီးမှ ချာခနဲလှည့်ထွက်သွားသည်။

ထိုအခါကျမှ ရဲ့ကျိုထိန်သည် တိန့်ထောက်ကို အားတုံ့အားနာဖြင့် ပြောလေသည်။

"ညီလေးတိန့်ထောက်ကိုတော့ အားနာစရာဖြစ်နေပြီ .... သူတို့လင်မယားက ဒီအတိုင်းပဲ .... ပေါင်းရသင်းရ အတော့်ကိုခက်တယ် .... "

တိန့်ထောက်က အံ့အားသင့်သွားပြီး ....

"ဟင် .... မြက်ရိုင်းသိင်းသမားကြီးနဲ့ အမေကွမ်းက လင်မယားလား .... "

"ဟုတ်တယ် ညီလေးတိန့် .... သိပ်ပြီး ဇွတ်တရွတ်နိုင်တဲ့လူတွေ .... ညှို့သည်ရယ်လို့ အားနာမှုလည်း မရှိဘူး .... သူတို့အတွက် ကျုပ်တောင်းပန်ပါတယ် .... "

"ကိစ္စမရှိပါဘူး နောင်ကြီးရဲ့ .... "

"မနက်ဖြန် ညီလေးတိန့် တကယ်ပဲသွားတော့မှာလား ...."

"ဟုတ်ကဲ့ .... ကျွန်တော့်မှာ မသွားမဖြစ်တဲ့ ကိစ္စတစ်ခုရှိနေလို့ပါ .... "

"အင်းလေ .... ဒါဆိုလည်း သွားပေါ့ ညီလေးတိန့် .... သခင်ကြီးက မနက်ဖြန် မနက်စာစားပြီးမှ ခရီးထွက်ပါလို့ ညီလေးတိန့်ကို မှာလိုက်ပါတယ် .... စိမ်ရေးမှူးကြီး အင်းရှောင်းဝေနဲ့ ဖန်းကျားစို့တို့ကိုလည်း ဖိတ်ထားပါတယ် .... ညီလေးတိန့်ကို ဂုဏ်ပြုနှုတ်ဆက်ပွဲဆိုပါတော့ .... "

"ကျွန်တော်ကတော့ မိုးလင်းလင်းချင်း ခရီးထွက်ချင်ပါတယ်"

"သခင်ကြီးက စီစဉ်ထားပြီးနေပြီ ညီလေးတိန့် .... ညီလေးငြင်းဆန်မနေပါနဲ့တော့ .... "

နောက်ဆုံးတွင် တိန့်ထောက်လည်း လက်ခံလိုက်ရသည်။

အခန်း(၁)

## မဟူရာသိုင်းသမားလက်ချက်

နောက်တစ်နေ့နံနက်တွင် တိန့်ထောက် အခန်းထဲသို့ ရဲ့ကျိုထိန် ရောက်လာကာ ခေါ်ဆောင်သွားသည်။

ညှို့ခန်းမကြီးသို့ရောက်လျှင် ချိုယွင်ဂေဟာကြီး၏စိမ်ရေးမှူး ရွှေလှုပ်သိုင်းသမားကြီးအင်းရှောင်းဝေနှင့် ဖန်းကျားစို့တို့ကိုလည်း စားပွဲဝိုင်းကြီးတွင် ဂေဟာသခင်ကြီး ချူဟွားဟီနှင့်ထိုင်နေသည်ကို တွေ့ရ၏။

တိန့်ထောက်နှင့် ရဲ့ကျိုထိန်တို့လည်း စားပွဲတွင် ဝိုင်းထိုင်လိုက်ကြ၏။

သူတို့တစ်တွေ မည်သည့်စကားကိုမှမပြောရသေးခင် ဂေဟာအမှုထမ်းတစ်ယောက် ခပ်သွက်သွက်ဝင်လာကာ ကတ်ပြားတစ်ခုကို သခင်ကြီး ချူဟွားဟီလက်ထဲသို့ ပေးအပ်လိုက်သည်။ ကတ်ပြားမှာ အနီရောင်ဖြစ်လေသည်။

ချူဟွားဟီက ကတ်ပြားမှစာကိုဖတ်၍ စိမ်ရေးမှူးကြီး အင်းရှောင်းဝေကို ပြောလိုက်၏။

"စီမံရေးမှူးကြီးအင်း .... အခုရောက်လာတဲ့ ဧည့်သည်ကို ခင်ဗျားကိုယ်တိုင် ထွက်ပြီး ကြိုဆိုခေါ်ဆောင်လာခဲ့ပါ .... "

"ကောင်းပါပြီ သခင်ကြီး .... "

စီမံရေးမှူးကြီး အင်းရှောင်းဝေလည်း ထိုင်ရာမှထရပ်ကာ အခန်းပြင်သို့ ခပ်သွက်သွက်ထွက်သွားသည်။

ကြွရောက်လာသောဧည့်သည်မှာ မည်သူမည်ဝါဖြစ်လိမ့်မလဲဟု တိန့်ထောက်သိချင်နေသည်။ သခင်ကြီးချူဟွားဟီက ပျာပျာသလဲ ထွက်ကြိုနိုင်းပုံကိုထောက်ချင့်၍ အတော်ရင်းနှီးသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လိမ့်မည်ဟုတော့ တွေးမိသည်။ မကြာပါချေ ....

တံခါးပေါက်မှ ရယ်ရယ်မောမော ပြောဆိုသံနှင့်အတူ အဘိုးကြီးတစ်ယောက်ဝင်လာသည်။

"နောင်ကြီး ချူ .... ကျွန်တော်လည်း နောင်ကြီးချူကို သိပ် ပြီး သတိတရဖြစ်နေတာနဲ့ အလည်အပတ်လာခဲ့တာပါ .... "

ချူဟွားဟီလည်း ထိုင်ရာမှ ကမန်းကတန်းထရပ်လိုက်ပြီး ဆီးကြိုနှုတ်ဆက်လိုက်သည်။

"ကြွပါ မိတ်ဆွေကြီး ကြွပါ .... မမျှော်လင့်ဘဲ ခုလို မိတ်ဆွေကြီးရောက်လာတဲ့အတွက် ကျွန်တော်သိပ်ဝမ်းသာပါတယ် .... "

ဝင်လာသောအဘိုးကြီးမှာ ပိန်လှီသော ခန္ဓာကိုယ်ရှိပြီး အပြ ရောင်ဝတ်ရုံကြီးကို ဝတ်ဆင်ထားသည်။

ရဲကျိထိန်နှင့် ဖန်းကျားစို့တို့လည်း ကမန်းကတန်းရပ်က ၎င်းအဘိုးကြီးကို အရိုအသေပေးလိုက်ကြ၏။



တိန့်ထောက်တစ်ယောက်သာ ထိုင်မြဲထိုင်နေပြီး အဘိုးကြီးကို အကဲခတ်ကြည့်နေသည်။ အဘိုးကြီးကလည်း တိန့်ထောက်ကို ကြည့်လိုက်ပြီးမှ သခင်ကြီးချူဟွားဟီကို ပြောလိုက်သည်။

"အို နောင်ကြီးချူက ဧည့်သည်ကို ဧည့်ခံစကားပြောနေတာကိုး .... ကျွန်တော်ရောက်လာတာများ အနှောင့်အယှက်ဖြစ်သွားမလား .... "

သခင်ကြီးချူဟွားဟီက ရယ်မောလိုက်ပြီး ....

"မဖြစ်ပါဘူး မိတ်ဆွေကြီးရယ် .... မဖြစ်ပါဘူး .... မိတ်ဆွေကြီးရောက်လာတဲ့အတွက် ကျွန်တော် အများကြီးဝမ်းသာနေပါသေးတယ် .... ထိုင်ပါ .... "

ပြီးနောက် သခင်ကြီးချူဟွားဟီက တိန့်ထောက်နှင့် အဘိုးကြီးတို့ကို အပြန်အလှန်မိတ်ဆက်ပေးလေသည်။

"သူကတော့ ရောင်ခြည်သိုင်းသမား တိန့်ထောက်တဲ့ .... အရွယ်ငယ်သေးပေမယ့် အဆင့်မြင့်သိုင်းသမားတစ်ယောက်ပါပဲ မိတ်ဆွေကြီး .... တူမောင် .... ဒီက မိတ်ဆွေကြီးကိုလည်း မှတ်ထားပါ ဒီမိတ်ဆွေကြီးက သိုင်းလောကမှာ နာမည်ကျော်ကြားနေတဲ့ အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးပါပဲ .... "

တိန့်ထောက်သည် သူ့ဆရာ မဟူရာသိုင်းသမားကြီး၏ နာမည်စာရင်းစာအုပ်ထဲတွင် အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီး၏ နာမည်ပါဝင်နေသည်ကို ချက်ချင်းမှတ်မိလိုက်၏။ သူ့ရင်ထဲတွင် လှုပ်ရှားသွားသည်။

မန်းစန်းတောင်တိုက်ပွဲတွင် မဟူရာသိုင်းသမားကြီးကို ဝိုင်းဝန်းတိုက်ခိုက်သူများထဲတွင် အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးလည်း ပါဝင်လေသည်။ ပြီးတော့ အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးမှာ ဒုစရိုက်ခေါင်းဆောင်ကြီးတစ်ယောက်ဖြစ်ကြောင်းလည်း ဆရာဖြစ်သူ မဟူရာသိုင်းသမားကြီးပြောပြထားချက်အရ တိန့်ထောက်သိထားရ၏။

ထို့ကြောင့် ချိုယွင်ဂေဟာသခင်ကြီးချူဟွားဟီနှင့် အရှေ့ကောင်းကင်ကြယ် သိုင်းသမားတို့သည် စရိုက်ချင်းတူကြသူများပီပီ ပေါင်းသင်းရင်းနှီးကြခြင်းဖြစ်လိမ့်မည်ဟု တိန့်ထောက်တွေးမိသည်။

တိန့်ထောက်သည် ဣန္ဒြေမပျက်စေဘဲ အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးကို အရိုအသေပေးကာ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားဆိုသည်။ သူ့စိတ်ထဲကမူ အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးနှင့် တွေ့ဆုံနိုင်ရန် စဉ်းစားလျက်ရှိနေသည်။

ဂေဟာသခင်ကြီးချူဟွားဟီနှင့် အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးတို့သည် ရင်းနှီးခင်မင်စွာ စကားတွေဖောင်လောက်အောင် ပြောကြသည်။

သိုင်းလောက၏သတင်းအရပ်ရပ်ကိုလည်း ပြောဆိုကြလေသည်။

အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးရောက်လာသဖြင့် စကားဝိုင်းမှာ ပိုပြီးစည်စည်ကားကားဖြစ်သွားသည်။

နံနက်စာစားသောက်ဧည့်ခံပွဲပြီးလျှင် တိန့်ထောက်သည်



အားလုံးကိုနှုတ်ဆက်ကာ ခရီးထွက်ခွာရန်အတွက် ခန်းဆောင်ထဲမှ ထွက်ခွာလာခဲ့သည်။

ရဲ့ကျိုထိန်က အိမ်ဂေဟာ ဝင်းအပြင်ဘက်ရောက်သည်အထိ လိုက်ပို့သည်။ မကြာမီ ဤဒေသသို့ လာခဲ့ပါဦးမည်ဟု တိန့်ထောက်က ပြောဆိုနှုတ်ဆက်ကာ ချိုယွင်ဂေဟာမှ ထွက်ခွာလာခဲ့တော့၏။

တိန့်ထောက်သည် ဤညတွင် ချိုယွင်ဂေဟာသို့ ပြန်သွားရန် စိတ်ကူးရှိသဖြင့် ခရီးအဝေးကြီးရောက်အောင် မလာဘဲ တောအုပ်တစ်အုပ်ထဲတွင် ဝင်နေလိုက်သည်။ တောအုပ်ထဲတွင်ပင် တစ်နေကုန်နေသည်။ ရဲ့ကျိုထိန်ထည့်ပေးလိုက်သော ရိက္ခာထုပ်ကို ဖြည်ပြီး စားသောက်ဝမ်းဖြည့်သည်။

မိုးချုပ်သည်နှင့် သူသည် မဟူရာသိုင်းသမားကြီးအသွင်သို့ ပြောင်းလိုက်၏။

ဝတ်စုံနက်နှင့် သားရေမျက်နှာဖုံးကို စွပ်လိုက်သည်နှင့် သူ၏ သသွင်ပြင်ဟန်ပန်နှင့် အသံမှာ တိန့်ထောက်နှင့် မတူတော့ချေ။ မဟူရာ သိုင်းသမားကြီး၏အသွင်အပြင် လှုပ်ရှားမှုမျိုးသာမက အသံပါ တူညီသွားလေသည်။

ဤသို့ တူညီမှုရှိအောင်လည်း တိန့်ထောက်သည် မဟူရာ သိုင်းသမားကြီးနှင့်နေထိုင်ခဲ့စဉ် နှစ်နှစ်အတွင်းတွင် လေ့ကျင့်ခဲ့ရသည်။

ထိုညက ချီယွင်ဂေဟာသခင်ကြီး ချူဟွားဟီနှင့် အရှေ့ ကောင်းကင်ကြယ်သိုင်းသမားကြီးတို့သည် စာဖတ်ခန်းထဲတွင် စကား ပြောဆိုနေကြသည်။

ချူဟွားဟီက သူ့ထံသို့ မဟူရာသိုင်းသမားရောက်လာခဲ့ ကို ယခုမှပြောပြလိုက်သည်။ ချူဟွားဟီ၏ ရှင်းလင်းပြောပြချက်ဂ ကြားရသောအခါ အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးမှာ ထိ လန့်တုန်လှုပ်ခြင်းဖြစ်သွားရသည်။

"မဟူရာသိုင်းသမားဟာ ကျွန်တော့်ဆီမှာ လူနှစ်ယောက်ဂ ဘာဖြစ်လို့လာပြီး မေးရသလဲဆိုတာ ခုထိ ကျွန်တော်လည်း စဉ်းစ လို့မရပါဘူး မိတ်ဆွေကြီး .... ဘာဖြစ်လို့လဲဆိုတော့ သူမေးတဲ့လူနှ ယောက်စလုံးနဲ့ ကျုပ်ဟာ ဘယ်လိုမှ အဆက်အသွယ်ရှိခဲ့တာမှ မဟု ဘဲ .... "

ချူဟွားဟီက ညည်းညည်းညူညူပြောသောအခါ အရှေ့ ကောင်းကင်ကြယ်သိုင်းသမားကြီးက မျက်စိမျက်နှာပျက်ဖြင့် ခေ သည်။

"ဒီကိစ္စကို နောင်ကြီးချူ ဘယ်လိုဖြေရှင်းလိုက်သလဲ ....



"သူက ကျွန်တော့်ကို ခုနစ်ရက်တစ်ပတ်ပဲ အချိန်ပေးသွား တယ်လေ .... ဒီခုနစ်ရက်နဲ့ ဘယ်လိုလုပ် သူလိုချင်တဲ့ ဒီလူနှစ်ယောက် ရဲ့သတင်းကို ကျွန်တော်စုံစမ်းလို့ ရပ့်မလဲ .... တော်သေးတာပေါ့.... မနက်ကပြန်သွားတဲ့ ရောင်ခြည်သိုင်းသမား တိန့်ထောက်နဲ့ မဟူရာ သိုင်းသမားကြီးက သိကျွမ်းနေတယ် .... သူ့ကို အကူအညီတောင်းပြီး မဟူရာသိုင်းသမားကို သွားဖြေရှင်းခိုင်းရတယ် .... ရက်ချိန်းကို နှစ်လ ပြန်ခွာပေးတယ် .... "

အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးက မျက်မှောင် ကြုတ်သွားပြီး ....

"ဒါဆို ရောင်ခြည်သိုင်းသမားတိန့်ထောက်ဟာ ချီပွင်ဂေဟာ ကို ရောက်လာတာ ရည်ရွယ်ချက်တစ်ခုခုရှိလို့များလား နောင်ကြီးချူ"

ချူဟွားဟီက ခေါင်းကိုခါယမ်းပြီး ....

"မဟုတ်ပါဘူး မိတ်ဆွေကြီး ....သူ့ဖာသာသူရောက်လာတာ လည်းမဟုတ်ပါဘူး .... ရဲ့ကျိထိန်ရဲ့အသက်ကို သူက ကယ်တင်ခဲ့လို့ ရဲ့ကျိထိန်က သူ့ကိုဖိတ်ခေါ်လာခဲ့တာပါ .... "

"ရောင်ခြည်သိုင်းသမားရဲ့ပညာအဆင့်ကကော နောင်ကြီး ချူ .... "

"အရွယ်နဲ့မလိုက်အောင် အံ့ဆင့်မြင့်သိုင်းပညာရပ်တွေကို တတ်ထားတယ် .... ကျွန်တော်တို့တစ်တွေ အံ့ဩယူရလောက်အောင် ကို သူက ထက်မြက်လွန်းနေတယ် .... "

အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးက မျက်မှောင် ကြုတ်၍စဉ်းစားလိုက်ပြီးမှ ....

"ဒါဆို သူဟာ မဟူရာသိုင်းသမားကြီးရဲ့ တပည့်တစ်ယောက်များဖြစ်နေမလား .... နောင်ကြီးချူလည်း စဉ်းစားကြည့်ပါဦး ...."

"အင်း .... ကျွန်တော်လည်း ဒီလိုအတွေးမျိုးတော့ တွေးမိပါတယ် .... တိတိကျကျတော့ မပြောနိုင်ဘူးလေ .... "

အရှေ့ကောင်းကင်ကြယ် သိုင်းသမားကြီးသည် ခဏမျှစဉ်းစားနေလိုက်ပြီး ထိုင်ရာမှဆတ်ခနဲထရပ်လိုက်၏။ ပြီးမှ လက်နှစ်ဖက်ကို ယှက်ပြီး နှုတ်ဆက်စကားဆိုလေသည်။

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး နောင်ကြီးချူ .... "

ချူဟွားဟီ အံ့အားသင့်သွားပြီး ....

"အို ဘယ်လိုဖြစ်တာလဲ မိတ်ဆွေကြီး .... ဘယ်လိုစိတ်ကူးမျိုးပေါက်ပြီး ပြန်းစားကြီး ထပြန်တာလဲ .... "

အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးက သက်ပြင်းတစ်ချက်ချပြီး ....

"လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်တုန်းက မန်းစန်းတောင်တိုက်ပွဲမှာ သိုင်းဂိုဏ်းကြီးကိုးဂိုဏ်းက မဟူရာသိုင်းသမားကြီးကို ဝိုင်းတိုက်တော့ ကျွန်တော်လည်း ပါဝင်ခဲ့တယ် .... အခု ဒီဒေသမှာ သူရောက်နေပြီဆိုတော့ ကျွန်တော့်ကို တွေ့သွားရင် လက်စားချေမှာပဲ .... နောင်ကြီးချူရဲ့ ဂေဟာမှာ တွေ့သွားရင် နောင်ကြီးချူအတွက်လည်း မကောင်းဘူး .... ဒါကြောင့် ကျွန်တော်မြန်မြန်ပြန်မှဖြစ်မယ် .... "

ချူဟွားဟီလည်း သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အင်းလေ .... ဒီလိုဆိုတော့လည်း မိတ်ဆွေကြီးပြောတာဟုတ်ပါတယ် .... တကယ်လို့ မဟူရာသိုင်းသမားကြီးကသာ ဒီကို



ရောက်လာပြီး မိတ်ဆွေကြီးကိုတွေ့သွားရင် မိတ်ဆွေကြီးဟာ ကျွန်တော့်ရဲ့ ဧည့်သည်ဖြစ်ပေမယ့် အကာအကွယ်ပေးနိုင်မှာ မဟုတ်ပါဘူး"

"ကျွန်တော်နားလည်ပါတယ် နောင်ကြီးချူ .... ကျွန်တော်သွားမယ် .... "

"အိမ်ဂေဟာဝင်းတံခါးပေါက်အထိ ကျွန်တော်လိုက်ပို့ပါ့မယ်"

နှစ်ဦးသား စာဖတ်ခန်းမှ ထွက်လာခဲ့ကြ၏။

နှစ်ယောက်စလုံး မျက်စိမျက်နှာပျက်ဖြစ်နေကြပြီး အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးကမူ ဣန္ဒြေပျက်လောက်အောင် တုန်လှုပ်ချောက်ချားနေသည်။

ခြံဝင်းကြီးထဲသို့ သူတို့နှစ်ဦး ရောက်သည်နှင့် ခြေလှမ်းတန့်ရပ်သွားမိ၏။ သူတို့နှုတ်မှလည်း ထိတ်လန့်တကြား ရွတ်ဆိုသံပေါ်လာသည်။

"ဟင် .... "

"ဟာ .... မဟူရာသိုင်းသမား .... "

သူတို့ရှေ့တွင် မဟူရာသိုင်းသမားက ဝိတ်ရပ်လျက်ရှိနေလေပြီ။ အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးတစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေသည်။

မဟူရာသိုင်းသမားက အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး အေးစက်စက်လေသံဖြင့်မေးလိုက်၏။

"ဘယ့်နှယ့်လဲ အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးရဲ့ စိတ်ရောကိုယ်ပါ ကျန်းကျန်းမာမာရှိရဲ့နော် .... "

အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးက ချူပွားဟိ
ကြည့်လိုက်သည်။ ချူပွားဟိသည် နောက်ကိုခြေနှစ်လှမ်းခန့် ပြန်ဆုတ်
သွားသည်။

အခြေအနေမှာ ရှောင်လို့မလွတ်တော့ပြီဖြစ်သဖြင့် အရှေ့
ကောင်းကင်ကြယ်သိုင်းသမားက ဣန္ဒြေဆည်လိုက်ပြီး မေးလိုက်၏

"ခင်ဗျား ကျုပ်ကိုလာတွေ့တာထင်ပါရဲ့ .... "

မဟူရာသိုင်းသမားက ခေါင်းညိတ်၍ ....

"ဟုတ်တာပေါ့ သိပ်ဟုတ်တာပေါ့ .... ဘာကြောင့် ခင်ဗျား
ကို လာတွေ့ရတယ်ဆိုတာကော ခင်ဗျားသိပါရဲ့လား .... "

"သိပါတယ် .... မန်းစန်းတောင်တိုက်ပွဲကြောင့်မဟုတ်လာ
ဒါပေမယ့် ခင်ဗျားမသေခဲ့ဘူး .... ဒီတုန်းက တိုက်ပွဲဟာ ခင်ဗျာ
မတရားလုပ်ထားတဲ့ သိုင်းဂိုဏ်းကြီးကိုးဂိုဏ်းက ဝိုင်းတိုက်တယ် ...
ကျုပ်ကတော့ တရားတဲ့ဘက်ကဝင်ပြီး ပါခဲ့တယ် .... "

"တော်စမ်းပါ .... အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးရဲ
ခင်ဗျားကတော့ ဒုစရိုက်သမားတွေကို ဦးဆောင်ပြီး ကျုပ်ကို လာ
တိုက်တာပါ .... ဒီတုန်းက အခွင့်ကောင်းယူပြီး နိုင့်ထက်စီးနင်းလာ
လုပ်တာပါ .... လူ့လောကကြီးမှာ ကျုပ်အသက်ရှင်နေရင် ခင်ဗျားတို့
မတော်မတရားလုပ်တာ မှန်သမျှ ကျုပ်ကလိုက်ပြီးဖျက်ဆီးခဲ့တယ်
မဟုတ်လား .... အခု အနှစ်နှစ်ဆယ်အတွင်းမှာလည်း ခင်ဗျားဟာ
ကျုပ်သေပြီဆိုပြီး ဒုစရိုက်မှုတွေကို ပိုပြီးကျူးလွန်တယ် .... ဒီတော့
ခင်ဗျားကို ဘယ်လိုမှ ကျုပ်ခွင့်မလွှတ်နိုင်ဘူး .... "

အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးနောက်ကို ခြေတ



လှမ်းဆုတ်သွားကာ ....

"ကျုပ်ကို ခင်ဗျားက တိုက် .... တိုက်ခိုက်မှာလား .... "

"ဟုတ်တယ် .... ဒါပေမယ့် ခင်ဗျားအသက်သေအောင် ကျုပ်
မတိုက်ပါဘူး .... မဟူရာသိုင်းသမားဟာ လူမသတ်ဘူး .... အဲ သိုင်း
ပညာအားကိုးနဲ့ ဆိုးသွမ်းနေတဲ့ ခင်ဗျားကိုတော့ ဆုံးမရမယ် .... ခင်
ဗျားရဲ့သိုင်းပညာတွေကို ချေဖျက်သွားရမယ် .... "

အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးက အံကိုတင်းတင်း
ကြိတ်၍ ....

"ဘာ .... ကျုပ်ရဲ့သိုင်းပညာကို ခင်ဗျားက ချေဖျက်သွားမယ်
ဟုတ်လား .... ဘယ်တော့မှ ဒီအဖြစ်မျိုးကိုတော့ အရောက်မခံနိုင်ဘူး
ကျုပ်အသက် သေချင်သေပေစေ .... ခင်ဗျားကို ပြန်တိုက်မယ် ...."

တကယ်တော့ သိုင်းသမားတစ်ယောက်အဖို့ သူတတ်
မြောက်ထားသောသိုင်းပညာကို သုံး၍မရတော့အောင် ချေဖျက်ခံရ
ခြင်းမှာ သေသည်ထက်ကြောက်စရာကောင်းလှ၏။ သိုင်းပညာချေ
ဖျက်ခြင်းခံရသူမှာ လူဖြစ်ရှုံးလောက်အောင် ကိုယ်အင်္ဂါချည့်နဲ့ပြီး ဒုက္ခိတ
ဖြစ်သွားကြရ၏။

"ကောင်းပြီလေ .... ခင်ဗျားက အေးအေးဆေးဆေးပညာ
ကို အချေဖျက်မခံနိုင်ဘူးဆိုရင်တော့ ခုခံကာကွယ်ပေတော့ .... "

မဟူရာသိုင်းသမား၏စကားအဆုံးတွင် လူလေးငါးယောက်
ခန့်အပြေးရောက်လာကြသည်။

ထိုလူများမှာ ချိုယွင်ဂေဟာမှ လူများဖြစ်ကာ ရွှေလူဝံသိုင်းသမားအင်းရှောင်းဝေ၊ ဖန်းကျားစို့၊ ရဲ့ကျိုထိန်နှင့် မြက်ရိုင်းသိုင်းသမားကြီး၊ အမေကွမ်းတို့ဇနီးမောင်နှံဖြစ်ကြလေသည်။

ဂေဟာသခင်ကြီးချူပွားဟီသည် သူ့လူများရောက်လာသည်ကိုမြင်ရသောအခါ စိုးရိမ်စိတ်ဖြင့် လှမ်းပြောလိုက်သည်။

"ဒီပြဿနာဟာ မင်းတို့အားလုံးနဲ့ မပတ်သက်ဘူး .... အားလုံးပြန်သွားကြ .... "

အမေကွမ်းမှလွဲပြီး ကျန်လူများလှည့်ထွက်သွားရန် ဟန်ပြင်ကြသည်။ အမေကွမ်းသာ ချူပွားဟီကို စေ့စေ့ကြည့်ပြီး ပြန်ပြောသည်။

"မဟူရာသိုင်းသမားရောက်လာတာ ကျွန်မတို့ရဲ့ဂေဟာကို ရန်ပြုမလို့ မဟုတ်လား သခင်ကြီး .... ပြီးတော့ သခင်ကြီးကို အန္တရာယ်ပေးရင် ကျွန်မတို့လက်ပိုက်ကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ .... "

ချူပွားဟီက ခေါင်းကိုခါယမ်းပြီး ....

"မဟုတ်ဘူး .... မဟူရာသိုင်းသမားကြီး ရောက်လာတာ ကျုပ်တို့ဂေဟာနဲ့ကော .... ကျုပ်နဲ့ကော ဘာမှမဆိုင်ဘူး .... အရှေ့



ကောင်းကင်ကြယ်သိုင်းသမားကြီးနဲ့ ပြဿနာရှင်းဖို့အတွက်ပဲ လာခဲ့တာ .... အမေကွမ်းတို့အားလုံး ပြန်သွားကြပါ .... "

အမေကွမ်းက ခေါင်းကိုခါယမ်းလိုက်ပြီး ....

"သခင်ကြီး .... အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးဟာ ကျွန်မတို့ဂေဟာကြီးကိုလာလည်တဲ့ ဧည့်သည်တစ်ယောက်ပဲ မဟုတ်လား .... ကျွန်မတို့ရဲ့ ဧည့်သည်တစ်ယောက်ကို လာပြီးရန်ပြုတိုက်ခိုက်တာကို ကျွန်မတို့က ဒီအတိုင်းကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ ...."

"အမေကွမ်းတို့အားလုံး ပြန်ကြပါလို့ ကျုပ်ပြောနေတယ်"

သခင်ကြီးချူပွားဟီက ဒေါသဖြင့် အော်ပြောလိုက်သည်။ သူတို့လူစုဝင်ကူတိုက်၍လည်း မဟူရာသိုင်းသမားကို အနိုင်ရလိမ့်မည်မဟုတ်မှန်းသိသည်။ မဟူရာသိုင်းသမားက စိတ်ဆိုးပြီး သူတို့ဂေဟာကိုတိုက်ခိုက်ချေမှုန်းသွားမှာ ချူပွားဟီ စိုးရိမ်နေမိ၏။

အမေကွမ်းသည် တဇောက်ကန်းစိတ်ရှိသူဖြစ်၏။ သူမက နောက်ကိုမဆုတ်ဘဲ မဟူရာသိုင်းသမားကြီးကိုကြည့်ကာ လေသံမာမာဖြင့် ပြောလိုက်၏။

"ဒီမှာလာပြီး ရှင်ပြဿနာမရှာပါနဲ့ .... "

မဟူရာသိုင်းသမားက အမေကွမ်းကို စူးစူးရဲရဲကြည့်ပြီး အေးစက်စက်လေသံဖြင့် မေးသည်။

"ခင်ဗျားဟာ အမေကွမ်းလား .... "

"ရှင်သိရင် မေးနေစရာမလိုဘူး .... "

အမေကွမ်းက ဘုဆတ်ဆတ်ပင် ပြန်ပြောသည်။

"ခင်ဗျားက ကျုပ်ကို ယှဉ်ဖို့ စိတ်ကူးနေသလား .... အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးဘက်က ကူတိုက်မလို့လား .... "

"ဟုတ်တယ် .... ကျွန်မတို့ဂေဟာက ဧည့်သည်တစ်ယောက်ကို စော်ကားတာ သခင်ကြီးကိုစော်ကားတာနဲ့ အတူတူပဲ .... ရှင်က သာ ကျွန်မတို့ဧည့်သည်ကို တိုက်မယ်ဆိုရင် ကျွန်မက ငြိမ်ကြည့်နေမှာ မဟုတ်ဘူး .... "

"အမေကွမ်း .... တယ်ပြီး ပညာမာနကြီးတာကိုး .... နေရာတကာမှာ ပညာမာနကြီးလို့ ဘယ်ကောင်းပါ့မလဲ .... အမေကွမ်း နောက်ဆုတ်နေရင်ကောင်းမယ် .... "

"ဟုတ်ပါတယ် အမေကွမ်း .... နောက်ဆုတ်လိုက်ပါ .... ကျုပ်တို့ကိစ္စကို ကျုပ်တို့ဖာသာ ဖြေရှင်းပါ့မယ် .... "

အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးကလည်း ဝင်ပြောသည်။

သို့သော် အမေကွမ်းသည် အတွင်းအားကိုစုစည်းလိုက်ပြီး မဟူရာသိုင်းသမားကို တိုက်ခိုက်ရန် သိုင်းကွက်ကိုပြင်လိုက်၏။

ဤသိုင်းကွက်ကား ရေလှိုင်းဟန့်တားသိုင်းကွက်ပင်ဖြစ်သည်။ သူမသည် မဟူရာသိုင်းသမားကို ဦးစွာတိုက်ခိုက်တော့မည်ဖြစ်၏။

"အမေကွမ်း .... နောက်ဆုတ်လို့ ကျုပ်အမိန့်ပေးနေတာကို မကြားဘူးလား .... "

အမေကွမ်းသိုင်းကွက်ကို နှင်းထားလျက်မှ နောက်ကိုမကြည့်



ဘဲ ပြန်ပြောသည်။

"ကျွန်မကို နောက်မှကြိုက်သလို အရေးယူအပြစ်ပေးပါ သခင်ကြီး .... အခုတော့ ကျွန်မတိုက်ရလိမ့်မယ် .... "

အမေကွမ်းသည် ပြောပြောဆိုဆို မဟူရာသိုင်းသမားထံ ခုန်ဝင်သည်။ မဟူရာသိုင်းသမားက လက်နှစ်ဖက်လှုပ်ရှားလိုက်သည်။

"ဟူး .... ဟူး .... ဟူး .... ဟူး .... "

"ဝှစ် .... ဝှစ် .... "

"ဘုန်း .... "

"ဟာ .... "

"အို .... "

လေလှိုင်းတိုက်သံ၊ ခပ်အုပ်အုပ် ရိုက်နှက်မိသံ၊ လူအများ ထိတ်လန့်တကြား အော်ဟစ်ရေရွတ်သံများ ပြိုင်တူလိုလိုပေါ်ထွက်လာသည်။

အမေကွမ်းမှာ နောက်ကိုဒယီးဒယိုင်ဖြင့် ဆုတ်သွားသည်။

"ဝေါ့ .... ဝေါ့ .... "

အမေကွမ်း ပါးစပ်မှ သွေးများအန်ထွက်လာသည်။ သူမသည် မျက်နှာကို ရှုံ့မဲ့ပြီး ရင်ဘတ်ကို လက်ဖြင့်ဖိထားသည်။ သူမမျက်နှာက ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

ပြီးမှ သူမသည် ဒူးညွတ်၍ လဲကျသွားသည်။

ထိုမြင်ကွင်းကိုမြင်ရသော ချူဟွားဟီ၏မျက်နှာမှာလည်း ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

မဟူရာသိုင်းသမားကမူ ထပ်မံ၍တိုက်ခိုက်ခြင်းမပြုတော့ဘဲ မူလနေရာတွင်ပင် ရပ်မြဲရပ်နေသည်။

"မဟူရာသိုင်းသမား .... မင်းရက်စက်လှချည်လား .... "

အော်ဟစ်သံနှင့်အတူ မဟူရာသိုင်းသမားထံသို့ မြက်ရိုင်းသိုင်းသမားကြီး ပြေးလာသည်။

သခင်ကြီးချူပွားဟီကလှမ်း၍ ဟန့်တားလိုက်၏။

"ဆရာကြီးရပ်လိုက် .... အမေကွမ်းကိုသာ ခေါ်သွား .... "

မြက်ရိုင်းသိုင်းသမားကြီး တန့်ခနဲရပ်လိုက်ပြီး အမေကွမ်းထံသို့ သွားကာ ဆွဲယူသည်။ အမေကွမ်းက ဒယီးဒယိုင်ဖြင့် ထရပ်ပြီး သူ့နှုတ်ခမ်းတွင်ပေနေသော သွေးစသွေးနများကို သုတ်လိုက်သည်။

မဟူရာသိုင်းသမားကြီးက မြက်ရိုင်းသိုင်းသမားကြီးကို ညင်သာစွာ ပြောလိုက်သည်။

"ဆရာကြီး .... အမေကွမ်းကို ကျုပ်က သက်သက်ညှာညှာ တိုက်လိုက်တာပါ .... မနက်ဆို ကောင်းသွားမှာပါ .... "

မြက်ရိုင်းသိုင်းသမားကြီးက မဟူရာသိုင်းသမားကို ခက်ထန်စွာကြည့်လိုက်ကာ ဒေါသဖြင့် ပြန်အော်ပြောသည်။

"သွေးအန်အောင် တိုက်ခိုက်လိုက်တာကို သက်သက်ညှာညှာတိုက်တာလို့ မင်းက ပြောနေရသေးသလား .... ငါသည်းမခံနိုင်ဘူး .... "

စကားအဆုံးတွင် မြက်ရိုင်းသိုင်းသမားကြီးသည် မဟူရာသိုင်းသမားထံခုန်ပြီး လက်ဝါးနှစ်ဖက်နှင့် ရိုက်လိုက်၏။



မဟူရာသိုင်းသမားက နောက်ကို ခြေနှစ်လှမ်းဆုတ်ပြီး ကိုယ်ကိုတစ်ပတ်လှည့်လိုက်ကာ လက်ဝါးစောင်းဖြင့် ရိုက်လိုက်၏။

"ဘုံး .... "

ကျယ်လောင်သော ရိုက်မိသံပေါ်လာပြီး မြက်ရိုင်းသိုင်းသမားကြီး နောက်ကိုယိုင်သွားသည်။ သို့သော် သူ့ကိုယ်သူပြန်ထိန်းပြီး မဟူရာသိုင်းသမားကို ပြန်တိုက်ရန် လက်ဝါးမြှောက်လိုက်သည်။ ထိုစဉ် အားပြင်းသော လေလှိုင်းတစ်ချက်က သူ့ရင်ဘတ်ကို ဆောင့်တွန်းခြင်း ခံရသည်။

"အဘိုးကြီး သတိထား .... "

အမေကွမ်းက စိုးရိမ်တကြီးလှမ်းအော်သည်။

မြက်ရိုင်းသိုင်းသမားကြီးမှာ ဖင်ထိုင်လျက် ကျသွားရုံမှလွဲပြီး မည်သို့မျှ မဖြစ်ပါချေ။

အမေကွမ်းက စိုးရိမ်တကြီးနှင့်ရောက်လာပြီး မြက်ရိုင်းသို
သမားကြီးကို ဆွဲထူသည်။ မြက်ရိုင်းသိုင်းသမားကြီးထဲမှ ရေရွတ်ညည်
တွားသံပေါ်လာသည်။

“ကျုပ်ရှုံးပြီ .... ရှုံးသွားပြီ .... အင်း မဟူရာသိုင်းသမား
ဒါကြောင့်လည်း ပြိုင်ဘက်ကင်းသိုင်းသမားတစ်ယောက်ဖြစ်နေ
ကိုး ....”

ဂေဟာသခင်ကြီး ချူဟွားဟီမှာ မဟူရာသိုင်းသမား၏ ထ
မြက်သောသိုင်းကွက်ကိုမြင်ရသောအခါ ပိုပြီးမျက်လုံးမျက်ဆန်ပြူးသွ
သည်။ သူက နောက်ကိုခြေတစ်လှမ်းဆုတ်နေမိသည်။

အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးကလွဲပြီး ကျန်
များလည်း နောက်ကို ဆုတ်သွားကြသည်။ အရှေ့ကောင်းကင်ကြ
သိုင်းသမားက သူ့ခါးမှဓားကိုဆွဲထုတ်ကိုင်လိုက်လေသည်။

သူသည် အော်ဟစ်မာန်သွင်းလိုက်ပြီး ဓားကိုဝှေ့ယမ်း
မဟူရာသိုင်းသမားထံ ခုန်ဝင်၍ တိုက်ခိုက်တော့၏။



သူတို့နှစ်ဦးစလုံး၏ တိုက်ကွက်များက ထက်မြက်သွက်လက်ပြီး ကြောက်စရာကောင်းလှသည်။ ဓား၊ဓားချင်းမထိဘဲ လေထဲတွင် ဓားဝှေ့ယမ်းသံသာ တဝှစ်ဝှစ်နှင့် ပေါ်ထွက်နေသည်။

သိုင်းကွက်ခြောက်ကွက်သို့အရောက်တွင် ဓား၊ဓားချင်းထိသံ ထန်းခနဲမြည်သံပေါ်ထွက်လာပြီး အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးလက်ထဲမှဓားမှာ လွတ်ကျသွားသည်။ သူ့ခန္ဓာကိုယ်လည်း နောက်ယိုင်ပြီး ဆုတ်သွားသည်။

မဟူရာသိုင်းသမားက ရှေ့ကိုမလိုက်ဘဲ ရပ်ငြိမ်ရပ်လျက် သူ့လက်မှဓားကို ဓားအိမ်တွင် ပြန်ထိုးထည့်လိုက်သည်။

ပြီးမှ သူ့ကိုထိတ်လန့်တကြီးကြည့်နေသော လူများကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး ချာခနဲလှည့်ကာ ထွက်သွားတော့၏။ သူသည် ခုန်လွှား၍ထွက်သွားရာ ခဏနှင့် အမှောင်ထဲတွင် ပျောက်ကွယ်သွားလေတော့၏။

ထိုအခါမှ သခင်ကြီးချူဟွားဟီနှင့် သူ့လူများမှာ သက်ပြင်းချနိုင်ကြလေသည်။ အိပ်မက်ဆိုးကြီးတစ်ခုမှ လန့်နိုးလာကြသကဲ့သို့ လှုပ်လှုပ်ရှရှဖြစ်လာ၏။

သခင်ကြီးချူဟွားဟီက အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးအနီးသို့ ရောက်လာသည်။ သူသည် မျက်နှာရှုံ့မဲ့ကာ ရင်ဘတ်ကိုဖိထားသော အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီး၏လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး စိတ်မကောင်းဟန်ဖြင့် ပြောသည်။

"စိတ်ဆွေကြီးကို အကူအညီမပေးနိုင်တာ စိတ်မကောင်းပါဘူး ...."

အရှေ့ကောင်းကင်ကြယ်သိုင်းသမားကြီးက မချိပြုံး ပြုံးလိုက်လေသည်။

"နောင်ကြီးချူအနေနဲ့ မဟူရာသိုင်းသမားကို ယှဉ်ပြိုင်လို့လဲ အကြောင်းမထူးဘူးဆိုတာ ကျွန်တော်နားလည်ပါတယ် .... သူ့ကို မနိုင်မဲ့အတူတူ ဒီလိုပဲ နေရမှာပေါ့ .... သူနဲ့ ရန်ငြိုးရန်စမဖြစ်တာ



အကောင်းဆုံးပါပဲ .... နောင်ကြီးချူသာ ဝင်တိုက်ရင် နောင်ကြီးချူရဲ့ လူတွေကပါ ဝင်တိုက်ကြတော့မယ် .... ဒါပေမယ့် မဟူရာသိုင်းသမားကို နိုင်မှာမဟုတ်ဘဲ သူတို့သာ အသက်ဆုံးရှုံးကြရလိမ့်မယ် .... အခုတော့ သူကျေနပ်လို့ ပြန်သွားပါပြီလေ ...."

သခင်ကြီးချူက သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"တော်ပါသေးရဲ့ဗျာ .... သူက သက်သက်ညှာညှာတိုက်သွားလို့ .... ဒါနဲ့ ဘယ်မှာဒဏ်ရာရသွားသလဲ ...."

"ဓားချက်တော့ မထိပါဘူး .... ဒါပေမယ့် ကျုပ်အကောင်တွေ သေကုန်ပြီ .... ကျုပ်ရဲ့သိုင်းပညာတွေကို အသုံးချလို့ရတော့မှာ မဟုတ်ပါဘူး ...."

"ဟင် ...."

သခင်ကြီးချူဟွားဟီ အံ့သြထိတ်လန့်သွားသည်။ မဟူရာသိုင်းသမားကိုလည်း ပိုပြီးကြောက်ရွံ့ထိတ်လန့်သွားလေသည်။

## အခန်း(၂)
## နှင်ထုတ်ခံရခြင်း

တိန့်ထောက်သည် တစ်ဝက်တစ်ပျက်ဗေဒင်ဆရာကြီးလုံးလန်ထံသို့ ရောက်လာခဲ့ပြန်လေသည်။ သူသည် စားပွဲခုံကလေးရှေ့ရှိ ထိုင်ခုံတွင် အသာအယာဝင်ထိုင်လိုက်သည်နှင့် ဗေဒင်ဆရာကြီးလုံးလန်က မေးသည်။

"အခြေအနေထူးလာလို့လား သခင်လေး .... "

တိန့်ထောက်က လေသံကိုနှိမ့်၍ ပြန်ပြောသည်။

"အခြေအနေတော့ မထူးခြားလှသေးပါဘူး .... အခု ကျွန်တော် မန်းစန်းတောင်ကို ခရီးထွက်မလို့ .... ဆရာကြီးကို လာပြောတာပါ .... မိုးကြိုးသိုင်းသမားကြီး လီခုံးချီကို သွားရှာပြီး အားလုံးသိ သိုင်းသမားကြီးကို အချုပ်အနှောင်က လွတ်အောင် ဆောင်ရွက် ပေးရဦးမယ်လေ .... အားလုံးသိချွမ်းကြည်ကို ကယ်တင်ပြီးမှပဲ ကျွန်တော်တို့မိသားစုကို လာသတ်သွားတဲ့ လူသတ်သမားတွေနောက်ကို ဆက်လိုက်တော့မယ် .... "



"ဒါနဲ့ ဟိုနေ့က သခင်လေးကို လှမ်းခေါ်တဲ့လူက ဘယ်သူလဲ .... "

"သူနာမည်က ဟိုအိလောက်တဲ့ .... သူ့ဆီက အကူအညီကိုလည်း ကျွန်တော်ရသင့်သလောက် ရပါတယ် .... "

"သူကကော ဒီဒေသကို ဘာဖြစ်လို့ ရောက်နေရတာလဲ .... သူ့ရဲ့ဇာစ်မြစ်ကို သခင်လေးသိသလား .... "

"ဒါတော့ မသိဘူး .... ဒီဒေသကို သူရောက်နေတာတော့ ကျွန်တော်တို့လိုပဲ တိမ်နဂါးကျောက်ယွင်စိမ်းကို လာရှာတာပဲ .... "

တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီးလုံးလန် အံ့အားသင့်သွားသည်။

"ဟင် ဟုတ်လား .... သူနဲ့ တိမ်နဂါး ကျောက်ယွင်စိမ်းနဲ့ ဘယ်လိုများ ပတ်သက်ခဲ့ကြလို့လဲ .... "

တိန့်ထောက်က ခေါင်းကိုခါယမ်းပြီး ....

"ဒါတော့ ကျွန်တော်လည်း မသိပါဘူး .... သူက ပြောချင်ပုံမရလို့ မေးမကြည့်မိဘူး .... "

"သတိတော့ထားပါ သခင်လေး .... သိုင်းလောကသားတွေဟာ အင်မတန်ရှုပ်တယ် .... ရန်သူယောင်ဆောင်တဲ့ မိတ်ဆွေတွေများသလို မိတ်ဆွေယောင်ဆောင်တဲ့ ရန်သူတွေလည်း များပါတယ်"

တိန့်ထောက်က ခေါင်းညိတ်၍ ....

"ဟုတ်ကဲ့ ကျွန်တော်သတိထားပါ့မယ် .... ဒါနဲ့ ဆရာကြီးကို ကျွန်တော်တစ်ခုလောက်မေးပါရစေ .... "

"မေးပါ သခင်လေး .... "

"ကျွန်တော်တို့မိသားစုနေတဲ့အိမ်ကို တိုက်ခိုက်ခံရစဉ်တုန်းက ကျွန်တော့်ဖေဖေ ရန်သူ့လက်ချက်နဲ့ ကျဆုံးသွားတော့ ဖေဖေ့ရဲ့ အလောင်းကို ဘယ်မှာမြေမြှုပ်သင်္ဂြိုဟ်ထားပါသလဲ .... "

တစ်ဝက်တစ်ပျက်ဗေဒင်ဆရာကြီးလုံးလန်မျက်နှာမှာ ညှိုးရော်သွားပြီး ငိုင်လည်း ငိုင်သွားသည်။ သူ့မျက်လုံးအစုံမှာလည်း ကြေကွဲဆို့နင့်မှုအသွင်ကို ဆောင်လာသည်။

ပြီးမှ သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ဆို့နင့်စွာဖြင့် ပြန်ပြောသည်။

"ရန်သူတွေဟာ အိမ်ဂေဟာကို ပြာပုံဘဝရောက်အောင် မီးရှို့သွားကြပါတယ် သခင်လေး .... ကျုပ်တို့အားလုံး သခင်ကြီးရဲ့ အလောင်းကို မကောက်နိုင်ကြတော့ဘဲ မီးလွတ်ရာကို ပြေးကြရပါတယ် .... မီးငြိမ်းလို့ ပြန်လာကြည့်တော့ အသားအရေတွေကို မီးလောင်ခံထားရတဲ့ အလောင်းတွေကိုပဲ တွေ့ရပါတယ် .... တချို့ အလောင်းတွေဆိုရင် အသားအရေ လောင်ကျွမ်းသွားတဲ့ အရိုးပဲ ကျန်ပါတော့တယ် .... ဒီတော့ ကျုပ်တို့အနေနဲ့ သခင်ကြီးရဲ့အလောင်းကို မရွေးနိုင်တော့ပါဘူး .... "

တိန့်ထောက်သည် ခံပြင်းနာကြည်းစွာဖြင့် တောက်တစ်ချက် ခေါက်လိုက်ပြီးမှ ....

"ဒါဆို ဖေဖေ့ရဲ့အလောင်းကို သီးသန့်ကောက်ပြီး မြေမြှုပ် မသင်္ဂြိုဟ်နိုင်ခဲ့ဘူးပေါ့ .... "



တစ်ဝက်တစ်ပျက်သိုင်းသမားကြီးက ခေါင်းကိုသာ ညိတ်ပြသည်။ သူ့မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ရစ်ဝဲနေသည်။

တိန့်ထောက်၏ မျက်လုံးအစုံတွင်လည်း မျက်ရည်များ ရစ်ဝဲလာ၏။

သူ့ဘဝက သေဆုံးသွားပြီဖြစ်သော ဖခင်ကြီး၏မြေပုံကိုပင် မကန်တော့နိုင်သော ဘဝမျိုး။

သူသည် လူမြင်ကွင်းဖြစ်နေသောကြောင့် စိတ်ကိုထိန်းပြီး ထိုင်ရာမှ ထရပ်လိုက်၏။

"ကျွန်တော်သွားတော့မယ် .... "

တစ်ဝက်တစ်ပျက်ဗေဒင်ဆရာကြီးက မော့ကြည့်ပြီး ....

"သခင်လေး ဘယ်တော့လောက် ပြန်ရောက်မှာလဲ .... "

"မိုးကြိုးသိုင်းသမားကြီး လီခုံးချီနဲ့တွေ့သည်ဖြစ်စေ .... မတွေ့သည်ဖြစ်စေ ကျွန်တော်တစ်ခေါက် ပြန်လာပြီး ဆရာကြီးနဲ့ တွေ့ပါဦးမယ် .... "

တိန့်ထောက်သည် တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီးကို နှုတ်ဆက်၍ မန်းစန်းတောင်ဆီသို့ ခရီးထွက်လာခဲ့သည်။ သူသည် မန်းစန်းတောင် ချောက်မည်းကြီးထဲတွင် လီခုံးချီကို ရှာဖွေရပေလိမ့်မည်။

သို့သော် ယခုအချိန်တွင် မိုးကြိုးသိုင်းသမားကြီး လီခုံးချီ အသက်ရှင်လျက် ရှိသေးသလား .... ၊ သေဆုံးလေပြီလားဟူ၍မူ တိန့်ထောက် မသိပါချေ။

သူသည် ခရီးပြင်းနှင်လာခဲ့ရာ ခုနက်ရက်မြောက်သောနေ့

တွင် မန်းစန်းတောင်ခြေကို ရောက်လာခဲ့လေသည်။

ထို့နောက် တောင်ပေါ်ခရီးလမ်းကို သုံးရက်တိတိ ဆက်တက်ခဲ့ရ၏။

သိုင်းလောကသားများသာ သိနိုင်သည့် ချောက်မည်းကြီးရှိရာအရပ်သို့ တောင်ပေါ်နေသူအချို့အား မေးမြန်းစုံစမ်းသော်လည်း မည်သူမျှ တိတိကျကျ မပြောနိုင်ကြချေ။

တကယ်တော့ မိုးကြိုးသိုင်းသမားကြီးလီခုံးချိုသည် ဇာတ်မြှုပ်နေထိုင်သူတစ်ယောက်ဖြစ်သောကြောင့် သူနေထိုင်သောအရပ်ကို အတတ်နိုင်ဆုံး ဖုံးကွယ်ထားခဲ့သည်။

တိန့်ထောက်သည် နောက်ဆုံးတွင် မန်းစန်းတောင်၏ အမြင့်ဆုံးနေရာသို့ရောက်လာသည်။ ယခုအထိ ချောက်မည်းကြီးကို မတွေ့ရသေးပါချေ။



တောင်ပေါ်တွင်နေသော မုဆိုးအချို့ကမူ ချောက်မည်းကြီးသည် တောင်၏အမြင့်ဆုံးမြောက်ဘက်ယွန်းယွန်းတွင်တည်ရှိသည်ဟု ခန့်မှန်းပြောဆိုကြသည်။ အချို့ကလည်း အရှေ့ဘက်တွင် ရှိသည်ဟု ထင်မြင်ချက်ပေးကြသည်။

မည်သူကမှ တိတိကျကျ မပြောနိုင်ကြပါချေ။

ထို့ကြောင့် တိန့်ထောက်သည် မန်းစန်းတောင်ထိပ်ဆီသို့ ရောက်လာခဲ့သော်လည်း တဝဲလည်လည်သာဖြစ်နေပြီး တစ်နေကုန်သွားသည့်တိုင်အောင် ချောက်မည်းကြီးကို မတွေ့ရသေးချေ။

နေဝင်တော့မည့်အချိန်ကိုရောက်မှ တိန့်ထောက်သည် စိတ်လျှော့လိုက်ပြီး ကျောက်တုံးကြီးတစ်တုံးပေါ်တွင် မောမောပန်းပန်းနှင့် ထိုင်နားလေသည်။

ဤညအဖို့ ဤနေရာတွင်ပင် နားနေအိပ်စက်ရန်လည်း ဆုံးဖြတ်ချက်ချလိုက်သည်။ ပါလာသော အစားအသောက်များကိုလည်း ထုတ်ယူပြီး စားသောက်လိုက်သည်။

နေဝင်သွားပြီး အမှောင်ဖုံးလာသောအခါ လပြည့်ဝန်းသည် ထွက်ပေါ်လာတော့သည်။ တောင်ထိပ်တွင်ဖြစ်သောကြောင့် လရောင်

မှာလည်း ထိန်ထိန်လင်းနေသည်။

တိန့်ထောက်သည် ဝိုင်းစက်စက်လမင်းကြီးကို မော့ကြည့်ပြီး သူနှင့်အတူ ဒုက္ခဆင်းရဲခံ၍နေခဲ့ပြီး သေဆုံးသွားခဲ့သော မိခင်ကြီးကိုလည်းကောင်း၊ သူမမြင်လိုက်ရသော ဖခင်ကြီးကိုလည်းကောင်း လွမ်းဆွတ်သတိရနေမိ၏။

အထီးကျန်လှသော သူ့ဘဝမှာလည်း မည်သို့သောအချိန်ကာလကိုရောက်မှ အေးအေးချမ်းချမ်းနေထိုင်ရပါတော့မည်နည်းဟု တွေးနေမိ၏။

ထိုစဉ် ချိုလွင်အေးမြသော သီချင်းဆိုသံတစ်သံကို သူ့နားထဲမှာ ကြားလိုက်ရသည်။ ဆွေးဆွေးမြည့်မြည့်နှင့် ခံစားချက်တေးတစ်ပုဒ်ကို သီဆိုနေသော အမျိုးသမီးတစ်ယောက်၏အသံပင်ဖြစ်၏။

ဤသို့ လူသူကင်းမဲ့လှသော တောင်ထိပ်လိုနေရာမျိုးတွင် အမျိုးသမီးတစ်ယောက်၏သီချင်းသံကို ကြားလိုက်ရသောအခါ တိန့်ထောက် အံ့သြတကြီးဖြစ်သွားသည်။

ဤတောင်ထိပ်မှာ မြင့်မားလွန်းလှသဖြင့် တောလိုက်မုဆိုးများပင် မတက်ရောက်ကြချေ။

ရိုးရိုးလူသားများအဖို့မူ တက်ရောက်ရန် စိတ်ကူးထဲတွင်ပင် မထည့်ကြချေ။ ထိုသို့ဆိုလျှင် သီချင်းသံမှာ မည်ကဲ့သို့ ထွက်ပေါ်နေလေသနည်း။ သီချင်းသံမှာ ဆက်လက်ပြီးထွက်ပေါ်နေတုန်းပင်ဖြစ်၏။

တိန့်ထောက်သည် ထိုင်ရာမှထလိုက်ပြီး သီချင်းသံထွက်ပေါ်လာရာအရပ်သို့ နားစွင့်၍ လာခဲ့သည်။



သီချင်းသံမှာ တဖြည်းဖြည်းနီးလာသည်။ အသံရှင်အမျိုးသမီးမှာ အလွမ်းအဆွေးသီချင်းတစ်ပုဒ်ကို အူလှိုက်သည်းလှိုက် သီဆိုနေတုန်းပင်ဖြစ်သည်။

မကြာမီ လရောင်အောက်တွင် အမျိုးသမီးတစ်ယောက် ထိုင်နေသည်ကို တိန့်ထောက် လှမ်းတွေ့ရ၏။

သီချင်းသံမှာ ၎င်းအမျိုးသမီးထံမှ ထွက်ပေါ်နေခြင်းဖြစ်သည်။ အမျိုးသမီးမှာ ကျောက်တုံးတစ်တုံးပေါ်တွင်ထိုင်ပြီး တိန့်ထောက်ကို ကျောပေးထားသည်။

သူမသည် လမင်းကြီးကို မော့ကြည့်ပြီး ခံစားချက်အပြည့်နှင့် သီချင်းဆိုနေခြင်းဖြစ်သည်။

တောင်ထိပ်တွင် လေတဟူးဟူးတိုက်နေသဖြင့် သူ့ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော ဝတ်ရုံဖြူမှာ တလူလူလွင့်နေသည်။

အမျိုးသမီးကမူ သူမနောက်ဘက်တွင် တိန့်ထောက်ရောက်ရှိနေသည်ကို သိဟန်မတူဘဲ သီချင်းကိုသာ ဆက်ဆိုနေသည်။

လူသူအရောက်အပေါက်မရှိသော ဤတောင်ထိပ်တွင် ညကြီးအချိန်မတော် ဤအမျိုးသမီးကို တွေ့ရသဖြင့် တိန့်ထောက် အံ့သြမဆုံးအောင် ဖြစ်မိသည်။

လူသားစင်စစ်တစ်ယောက်မှ ဟုတ်ပါလေရဲ့လားဟုလည်း တွေးမိသည်။

"အဟမ်း .... "

တိန့်ထောက် ချောင်းတစ်ချက်ဟန့်လိုက်သည်။

သီချင်းဆိုသံက ရုတ်ခြည်းရပ်သွားသည်။ သို့သော် သူမသည်
တိန့်ထောက်ကို မကြည့်ဘဲ လမင်းကိုသာ မော့ကြည့်မြဲ ကြည့်ရပ်
ကျောက်ရုပ်တစ်ရုပ်လိုငြိမ်နေသည်။ မည်သည့်စကားမှလည်း မဆိုနေ

အမျိုးသမီး၏ ထူးခြားသော အပြုအမူကြောင့် တိန့်ထောက်
ပို၍အံ့သြသွားပြီး သူမထံသို့လျှောက်လှမ်းလာခဲ့သည်။

ထိုအခါမှ အမျိုးသမီးက တိန့်ထောက်ကို ဖြတ်ခနဲလှည့်ကြည့်
လိုက်ပြီး စူးရှပြတ်သားသောအသံဖြင့် ခက်ထန်စွာ ပြောလိုက်သည်

"ရှင်သေသွားမယ် .... ရှေ့မတိုးနဲ့ .... "

တိန့်ထောက် စိတ်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး ခြေလှမ်းမ
လည်း တန့်ခနဲ ရပ်လိုက်မိ၏။

အမျိုးသမီး၏မျက်လုံးအစုံမှာ ရွှန်းလဲ့တောက်ပနေလေသည်

အမျိုးသမီးထံမှ ဘုဆတ်ဆတ်မေးမြန်းသံ ပေါ်လာပြန်သည်

"ရှင် ဘယ်သူလဲ .... "

တိန့်ထောက်က လက်ဖမိုးနှစ်ဖက်ကို ယှက်လိုက်ပြီး ....

"ကျွန်တော် ခရီးသွားတစ်ယောက်ပါ .... ဒါနဲ့ အစ်မလေးက
ဘယ်သူလဲ.... ဘယ်မှာနေလို့ ညကြီးအချိန်မတော် ဒီမှာလာပြီးသီချင်း
ဆိုနေရတာလဲ .... "

အမျိုးသမီးက ခနဲ့တဲ့တဲ့ တစ်ချက်ရယ်လိုက်ပြီး ....

"ဒီနေရာမှာ ညကြီးမိုးချုပ် ကျွန်မကို အစုလိုတွေ့ရတော
ရှင်သိပ်ပြီး အံ့သြနေသလား .... ဟင်း .... ဟင်း .... ဟင်း ...
ကျွန်မသာ သာမန်မိန်းမတစ်ယောက်ဆိုရင် ဒီလိုအချိန် ဒီလိုနေရာမှာ ဘယ်လာနေဝံ့မှာလဲ .... "



ဝတ်စုံဖြူအမျိုးသမီးက တည်ငြိမ်အေးဆေးစွာ ထရပ်လိုက်၏။

တိန့်ထောက်မှာ ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်နေလေသည်။

ဝတ်စုံဖြူ အမျိုးသမီးသည် တိန့်ထောက်ထံသို့ ခြေလှမ်းနှစ်လှမ်းလျှောက်လာပြီးမှ စူးစိုက်ကြည့်ကာ ပြောပြန်သည်။

"ဟင်း .... ဟင်း .... ကျွန်မဟာ လူသားတစ်ယောက်မဟုတ်ဘူး ....ဒါကြောင့်လည်း ဒီအချိန် ဒီနေရာမှာ တစ်ယောက်တည်းသွားလာလှုပ်ရှားနေတာပေါ့ .... "

တိန့်ထောက် မျက်လုံးပြူးသွားပြီး ....

"ဟင် .... အစ်မလေးက လူမဟုတ်ဘူးဆိုတော့ တစ္ဆေသရဲမို့လို့လား .... "

"ဟုတ်တယ် .... ကျွန်မက တစ္ဆေပဲ .... "

အမျိုးသမီးက ချောက်ချားဖွယ်ရာအသံမျိုးဖြင့်ပြန်ပြောလိုက်သဖြင့် တိန့်ထောက် ကြက်သီးမွေးညင်းများ ထသွားသည်။

တိန့်ထောက်သည် တစ္ဆေသရဲကို ယုံကြည်သူမဟုတ်ချေ။

ဝတ်စုံဖြူအမျိုးသမီးကိုလည်း တစ္ဆေသရဲဟု မထင်ချေ။ သူမသည် နောက်ပြောင်ပြောဆိုခြင်းလည်း ဖြစ်နိုင်သည်။

သို့မဟုတ် စိတ်မမှန်ဘဲ ရူးနေသူဖြစ်သည်ဟုလည်း ပြောနိုင်သည်ဟု တိန့်ထောက် တွေးမိသည်။

အမျိုးသမီးက ခစ်ခနဲတစ်ချက်ရယ်လိုက်ပြီး ....

"တစ္ဆေသရဲဆိုတာမျိုးက ဘဝချင်းတူကြတာ မဟုတ်ဘူး .... ဒီတော့ ရှင်နဲ့ ကျွန်မနဲ့က စကားပြောကြလို့လည်း မဖြစ်ဘူး .... ရှင် ထွက်သွားပါ .... ဒီကနေ ဝေးဝေးထွက်သွားပါ .... "

"ကျွန်တော်သိချင်တာလေးတော့ မေးပါရစေဦး .... "

"ရှင်နဲ့ ကျွန်မ စကားပြောလို့မဖြစ်ဘူးလို့ ကျွန်မပြောပြီးပြီ မဟုတ်လား .... ဒီတော့ ရှင်ထွက်သွားပါ .... "

အမျိုးသမီးက နှင်ထုတ်နေပြီဖြစ်သဖြင့် သူကလည်း အောက်ကျခံပြီး မနေချင်တော့ချေ။ တိန့်ထောက်နောက်ကိုလှည့်ကြည့်မိ၏။ တိန့်ထောက် အံ့သြတကြီးဖြစ်သွားသည်။

ဝတ်စုံဖြူအမျိုးသမီးကို မတွေ့ရတော့ချေ။ ပျောက်ချင်းမလှ ပျောက်ကွယ်သွားလေပြီ။

အမျိုးသမီးထွက်ခွာသွားသည့်ခြေသံကိုလည်း မကြားရချေ။ မည်သည့်နေရာကို ထွက်ခွာသွားကြောင်းလည်း မခန့်မှန်းနိုင်ချေ။

တိန့်ထောက် ခေါင်းနောက်သွားပြီး စောစောက သူထိုင်ခဲ့သော နေရာသို့ ပြန်လာခဲ့သည်။ ထိုနေရာတွင်ပင် စခန်းချပြီး အိပ်စက်လိုက်လေသည်။



အခန်း(၃)

## လှည့်ပြောင်းသော မိန်းမ

မိုးလင်းလာပြီဖြစ်သော်လည်း နှင်းမှုန်တွေ တဖွဲဖွဲကျနေသဖြင့် တိန့်ထောက်လည်း ပတ်ဝန်းကျင်ကိုကောင်းစွာမမြင်ရချေ။

နှင်းမှုန်တွေ ပိန်းပိတ်အောင် ဖုံးလွှမ်းနေသည်။

နှင်းမှုန်များကြားတွင် အရမ်းကာရော ခရီးထွက်လျှင် လမ်းမှားသွားမည်စိုးသောကြောင့် တိန့်ထောက်သည် ပါလာသော စားနပ်ရိက္ခာများကို ဖြေစားရင်း နှင်းအကွဲကိုစောင့်နေလိုက်၏။

နှင်းကွဲသွားတော့မှ သူသည် မနေ့ညက ဝတ်စုံဖြူနှင့် အမျိုးသမီးကိုတွေ့သော နေရာဆီသို့ ပြန်လာခဲ့သည်။

အမျိုးသမီးထိုင်နေခဲ့သော ကျောက်တုံးဆီသို့ ရောက်သောအခါ တိန့်ထောက်ပါးစပ်အဟောင်းသားဖြစ်သွားမိသည်။

အံ့သြစိတ်နှင့်အတူ ဝမ်းမြောက်ဝမ်းသာလည်းဖြစ်သွားသည်။

အကြောင်းမှု အမျိုးသမီးထိုင်ခဲ့သည့် ကျောက်တုံးကြီး အနောက်ဘက်တွင် မြူခိုးတွေဝေ့နေသော ချောက်ကြီးကိုသာ တွေ့ရ

သောကြောင့်ဖြစ်လေသည်။ ပထမတော့ မြူနှိုးတွေ ဝေနေသဖြင့် ချောက်ကြီးအောက်ဘက်ကို မမြင်ရချေ။

တိန့်ထောက်စိတ်ထဲတွင်မူ ဤချောက်ကြီးမှာ ချောက်မည်းကြီးဖြစ်နိုင်သည်ဟု တွေးကာ ချောက်နှုတ်ခမ်းမှ ကျောက်တုံးကြီးပေါ်တွင် ထိုင်၍စောင့်ကြည့်နေသည်။

အတန်ကြာသောအခါ မြူနှိုးများ ပြေသွားသည်။ ချောက်ကမ်းပါး၏နံရံမှာ မည်းနက်နေပြီး ချောက်ကြီးထဲမှ ကျောက်တုံးကျောက်ဆောင်များလည်း အနက်ရောင်ဖြစ်နေသည်ကို တွေ့ရသည်။

ဤချောက်မှာ .... ချောက်မည်းကြီးဖြစ်ကြောင်း သေချာသွားလေပြီ။ တိန့်တောက်မှာ လွန်စွာဝမ်းသာအားတက်ခြင်း ဖြစ်ရသည်။

ချောက်ကြီးထဲဆင်းပြီး 'ထန်အင်း'ဂူကိုရှာဖွေကြည့်ရန် တိန့်ထောက် ဆုံးဖြတ်ချက်ချလိုက်၏။ ယန်အင်းဂူတွင် မိုးကြိုးသိုင်းသမားကြီးလီခုံးချီနေထိုင်သည် မဟုတ်ပါလော။

တိန့်ထောက်သည် တွေဝေတုံ့ဆိုင်းမနေတော့ဘဲ ကိုယ်ဖော့ပညာကိုသုံးကာ ချောက်ကြီးအောက်ခြေသို့ရောက်အောင် ကျောက်ချွန်ကျောက်တုံးများကို တွယ်၍တစ်မျိုး၊ လွှဲခုန်၍တစ်ဖုံဖြင့် ဆင်းသက်လာခဲ့၏။

တော်ရုံတန်ရုံ ကိုယ်ဖော့ပညာတတ်ကျွမ်းသော သိုင်းသမားတစ်ယောက်ပင်လျှင် ဤချောက်ကြီးထဲသို့ဆင်းသက်နိုင်လိမ့်မည်မဟုတ်ချေ။ အဆင့်မြင့်ကိုယ်ဖော့ပညာကို တတ်မြောက်ထားသော



သိုင်းသမားများသာ ဆင်းသက်နိုင်ပေလိမ့်မည်။ ရိုးရိုးသာမန်လူတစ်ယောက်အဖို့ဆိုလျှင် ဝေးလေစွ။

ခဏအကြာတွင် တိန့်ထောက်သည် မည်သို့သော အခက်အခဲမှမရှိဘဲ ချောက်ကြီးအောက်ခြေကိုရောက်လာသည်။ သူ့ပတ်ဝန်းကျင်မှ ကျောက်တုံးကျောက်ဆောင်နံရံတို့မှာ မည်းမည်းမှောင်နေကြ၏။ ကျောက်နံရံကြားမှ စိမ့်ရေများ တစ်ရှိန်ထိုးစီးဆင်းနေပြီး မြေပေါ်တွင် စမ်းချောင်းကလေးအဖြစ် စီးဆင်းသွားသည်ကိုလည်း တွေ့ရ၏။

တိန့်ထောက်သည် စမ်းချောင်းကလေးအတိုင်း ဂူပေါက်ကိုရှာရင်းလာခဲ့ရာ သုံးလီခန့်အထိရောက်ခဲ့သည်။ ထိုအခါ စမ်းချောင်းကလေးမှာ တောင်နံရံပတ်ကြားအက်များထဲသို့ စီးဝင်သွားပြီး ရှေ့ကိုလူဆက်မသွားနိုင်လောက်အောင် တောင်နံရံကြီးက ပိတ်ဆီးလျက်ရှိနေသည်။

ယခုအချိန်အထိ သူသည် ဂူပေါက်ဆို၍ မတွေ့ရသေးချေ။

တိန့်ထောက် စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး လာလမ်းအတိုင်း ပြန်လှည့်၍ လျှောက်လာခဲ့သည်။

ထိုစဉ် သူနားထဲမှ ကြိုးတပ်တူရိယာတီးခတ်သံကို ကြားလို ရလေသည်။

တိန့်ထောက် အံ့သြဝမ်းသာသွားသည်။

သူသည် အသံထွက်ပေါ်လာရာအရပ်ကို လှည့်ပတ်ရှာဖွေ ကြည့်မိ၏။ နားကိုလည်း အစွမ်းကုန်ဖွင့်ထားသည်။

ထိုအခါမှ ကြိုးတပ်တူရိယာသံမှာ သူရပ်နေရာနှင့် မဝေး သော တောင်နံရံအောက်ခြေရှိ ကျောက်ဆောင်ကြီးများ၏ နော ဘက်ဆီမှ ထွက်ပေါ်ပျံ့လွင့်နေခြင်းဖြစ်ကြောင်း ခန့်မှန်းမိလေသည်

တိန့်ထောက်သည် တွေဝေတုံ့ဆိုင်းမနေတော့ဘဲ ကိုယ်ဖျော ပညာကိုသုံးကာ ကျောက်ဆောင်ကြီးပေါ်သို့ ခုန်တက်၍ တစ်ဖက်ကို ကြည့်လိုက်သည်။ ကျောက်ဆောင်ကြီး၏နောက်ဘက်တွင် မြေကွက် လပ်ကလေးကိုတွေ့ရပြီး ထိုမြေကွက်လပ်၏နောက်ဘက်တွင် တော နံရံရှိကာ တောင်နံရံတွင် ဂူပေါက်တစ်ပေါက်ကိုလည်း တွေ့ရသည်။

ကြိုးတပ်တူရိယာ တီးခတ်သံမှာ ၎င်းဂူပေါက်အတွင်းမှ ပေါ ထွက်နေခြင်းဖြစ်လေသည်။

"ထန်အင်းဂူ .... ထန်အင်းဂူပဲဖြစ်ရမယ် .... "



ထိန့်တောက်က ဝမ်းသာအားရ ရေရွတ်လိုက်သည်။

သူသည် မြေကွက်လပ်သို့ ပေါ့ပါးစွာ ခုန်ဆင်းလိုက်ပြီး ဂူ ပေါက်ဆီသို့ ပြေးခဲ့သည်။ ဂူပေါက်ဝသို့အရောက်တွင် တန့်ခနဲရပ်ပြီး အတွင်းကိုကြည့်လိုက်ရာ မည်းမည်းမှောင်နေသဖြင့် ဘာကိုမှ မမြင်ရ ချေ။

ဂူထဲတွင် ကြိုးတပ်တူရိယာကို တီးခတ်နေသူမှာ မိုးကြိုးသိုင်း သမားကြီးလီခုံးချိုပင်ဖြစ်လေသလောဟု တိန့်ထောက်တွေးမိသည်။

အတွင်းဘက်ကို ခွင့်မပန်ဘဲ မဝင်သင့်သဖြင့် တိန့်ထောက် သည် ဂူပေါက်ဝမှပင် အော်ပြောလိုက်သည်။

"ဂူထဲမှာ ဘယ်သူရှိပါသလဲ ခင်ဗျား .... ကျွန်တော် တိန့် ထောက်ပါ .... ဂူထဲကို ခဏလောက်ဝင်ခွင့်ပြုပါ .... "

ထို့နောက် ဂူထဲမှပြန်ပေါ်လာမည့်အသံကို နားစွင့်သည်။ မည်သူများထွက်လာလေမည်လဲဟူ၍ သေချာစွာ ကြည့်လိုက်သည်။

ဂူပေါက်ဝဆီသို့ မည်သူတစ်ဦးတစ်ယောက်မှလည်း ထွက် မလာချေ။ မည်သည့်တုံ့ပြန်သံမှလည်း ပေါ်မလာချေ။ ကြိုးတပ်တူရိ ယာတီးခတ်သံသာ ခပ်မှန်မှန်ပေါ်ထွက်နေသည်။

"ဂူထဲမှာ ဘယ်သူရှိပါသလဲ .... ကျွန်တော့်ကို ဝင်ခွင့်ပြုပါ"

တိန့်ထောက် ထပ်မံပြီး အသံပြုလိုက်ပြန်သည်။ သို့သော် ဂူထဲ မှ မည်သည့်တုံ့ပြန်သံမှ ပေါ်မလာပါချေ။ သူသည် ဂူဝတွင်ရပ်နေရန် စိတ်မရှည်တော့ပါချေ။

ထပ်ပြီး အသံပြုနေလျှင်လည်း အကြောင်းထူးလိမ့်မည်

မဟုတ်ဟု တွေးမိသဖြင့် သူသည် ဂူထဲသို့ ဝင်လာခဲ့သည်။ မှောင်
ထဲတွင် သူသည် စမ်းတဝါးဝါးဖြင့် ဝင်လာခဲ့ရခြင်းဖြစ်သည်။

လိုဏ်ဂူမှာ ညာဘက်သို့ ချိုးကွေ့သွားသဖြင့် တိန့်ထော
လည်း ချိုးကွေ့၍ ဝင်လိုက်ရာ မလှမ်းမကမ်းတွင် မီးရောင်ကို မြ
လေတော့သည်။

မီးရောင်လင်းနေသည့်နေရာမှာ အခန်းတစ်ခန်းဖြစ်ပြီး ၎
အခန်းထဲတွင် လူတစ်ယောက်ကျောပေး၍ ထိုင်နေသည်ကို တိ
ထောက် တွေ့လိုက်ရသည်။ ထိုလူသည် ဆတ်ခနဲထရပ်လိုက်ပြီး တိ
ထောက်ကိုကြည့်လိုက်သည်။

တိန့်ထောက် အံ့အားသင့်သွားသည်။

ထိုသူမှာ မနေ့ညက သူတွေ့ခဲ့ရသော ဝတ်စုံဖြူနှင့် အမျိ
သမီးဖြစ်နေသည်။ ယခုလို သူမသည် မနေ့ညကလိုပင် ဝတ်စားဆ
ယင်ထားသည်။

၎င်းအမျိုးသမီးမှာ ဤကျောက်ဂူကြီးထဲတွင် နေထိုင်သူဖြ
ကြောင်းတွေ့ရသောအခါ တိန့်ထောက်သည် အံ့သြ၍မဆုံးအောင်ဖြစ်
လေသည်။

၎င်းအမျိုးသမီးဟာ ချောက်ကမ်းပါးကြီးထဲသို့ အဆင်
အတက်လုပ်နိုင်သူဖြစ်သဖြင့် ထက်မြက်သောသိုင်းပညာကို တတ်
မြောက်ထားသူဖြစ်လိမ့်မည်ဟုလည်း တိန့်ထောက်တွေးမိသည်။

သူမသည် မိုးကြိုးသိုင်းသမားကြီး လီခုံးချို၏တပည့်မကလေ
ဖြစ်နေလေမည်လော။



"မင်းရောက်လာပြန်ပြီလား .... "

အမျိုးသမီးက တိန့်ထောက်ကို လေသံတင်းတင်းနှင့် မေး
လိုက်သည်။

တိန့်ထောက်က လက်ဖမိုးနှစ်ဖက်ယှက်လိုက်ပြီး ....

"ကျွန်တော်လာတာ အနှောင့်အယှက်ပေးဖို့ ရောက်လာတာ
မဟုတ်ပါဘူး အစ်မလေး .... အကူအညီတစ်ခုတောင်းချင်လို့ပါ ....
ဒီဂူ ထန်အင်းဂူဟုတ်ပါသလား .... "

"ဟုတ်တယ် .... ဘာကိစ္စလဲ .... "

တိန့်ထောက် ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။ မိုးကြိုးသိုင်း
သမားကြီးလီခုံးချိုရှိနေပါစေဟုသာ စိတ်ထဲမှ ကျိတ်၍ဆုတောင်းလိုက်
မိသည်။

"ကျွန်တော်ဟာ ထန်အင်းဂူကို ခက်ခက်ခဲခဲရှာဖွေပြီးမှ
ရောက်လာခဲ့ရတာပါ အစ်မလေး .... ဆရာကြီးလီခုံးချိုနဲ့ တွေ့ချင်လို့ပါ
ခင်ဗျာ .... ဆရာကြီးလီခုံးချို ရှိပါသလား .... "

"နေပါဦး .... မင်းက ဆရာကြီးကို ဘာကိစ္စတွေ့ချင်တာလဲ"

ကိစ္စကိုမပြောလျှင် ဝတ်စုံဖြူအမျိုးသမီးက လီခုံးချိုကို ခေါ်
ပေးလိမ့်မည်မဟုတ်ကြောင်း တိန့်ထောက်တွက်ဆမိသဖြင့် ကွယ်ဝှက်
မနေတော့ဘဲ အမှန်အတိုင်း ဖွင့်ပြောလိုက်ရတော့သည်။

"ဆရာကြီးလီခုံးချိုဆီက .... မိုးကြိုးဓားကို ကျွန်တော်ခဏ
လောက်ငှားချင်လို့ပါ အစ်မလေး .... ဒီဓားနဲ့ လူတစ်ယောက်ရဲ့
အသက်ကို ကယ်တင်ချင်လို့ပါ .... "

အမျိုးသမီးက လေသံပြတ်ဖြင့် ပြန်ပြောသည်။

"ဆရာကြီးလီခုံးချီမရှိတော့ဘူး .... ကွယ်လွန်သွားပြီ"

"ဗျာ .... "

တိန်နုံထောက် စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ သူ့မျက်နှာမှာလည်း အနည်းငယ်ညှိုးသွားသည်။ ချက်ချင်းပင် သူသည် တစ်စုံတစ်ခုကိုတွေးမိပြီး အနည်းငယ်စိတ်အားတက်လာပြန်သည်။



မိုးကြိုးသိုင်းသမားကြီးလီခုံးချီ သေဆုံးသွားပြီဖြစ်သော်လည်း သူ၏မိုးကြိုးဓားကိုတော့ တမလွန်ဘဝသို့ ယူသွားနိုင်လိမ့်မည်မဟုတ်ချေ။

ငင်းအမျိုးသမီးသာ လီခုံးချီ၏တပည့်မကလေးဖြစ်နေပါက မိုးကြိုးဓားအကြောင်းသိထားပေလိမ့်မည်။

ထိုအတွေးဖြင့် တိန်နုံထောက်သည် အမျိုးသမီးကို မေးလိုက်၏။

"အစ်မလေး ဆရာကြီးလီခုံးချီရဲ့တပည့်မလား .... "

အမျိုးသမီးက ခေါင်းခါယမ်းလိုက်ပြီး ....

"မဟုတ်ဘူး .... ငါနဲ့ ဆရာကြီးလီခုံးချီနဲ့ ဘယ်လိုမှ မပတ်သက်ဘူး .... ငါဟာ တဆွေမလို့ မင်းကိုပြောခဲ့ပြီးပြီပဲ .... "

အမျိုးသမီးက စကားကို ပေါ့ရွှတ်ရွှတ်ပြောသဖြင့် အရေးတကြီးဖြစ်နေသော တိန်နုံထောက်က စိတ်တိုသွားသည်။

"ခင်ဗျား စကားကို ကောင်းကောင်းပြောပါ .... ကျွန်တော်ဟာ မျှော်လင့်ချက်ကြီးမားစွာနဲ့ ခရီးအဝေးကြီးက လာခဲ့ရသူပါ .... "

"မင်းလို ရိုင်းပျတဲ့လူကို .... ငါကဘာဖြစ်လို့ စကားကောင်း

ကောင်း ပြောရမှာလဲ .... "

"ကျွန်တော် ဘာမျှား ရိုင်းပျလို့လဲ .... "

"ဒီဂူထဲကို ခွင့်ပြုချက်မရဘဲ ဘာဖြစ်လို့ ဝင်လာရတာလဲ"

"ဩော် .... ဒါကြောင့် ရိုင်းပျတယ်လို့ ပြောတာလား .... ကျွန်တော် ဂူဝကနေ အော်ပြီး အကြာကြီး ခွင့်ပန်နေပါသေးတယ် အစ်မလေး မကြားလို့ဖြစ်မှာပါ .... ဒါကြောင့် ကျွန်တော်လည်း ဝင်လာခဲ့တာပါ .... ဒီအတွက် တောင်းပန်ပါတယ် .... "

"ခုမှ တောင်းပန်နေလို့ အပိုပဲ .... ဂူထဲက မင်းပြန်ထွက်သွား"

"ဗျာ ကျွန်တော် .... "

"ဆရာကြီးလီခုံးချိမှ မရှိတော့တာ .... မင်းရဲ့ကိစ္စက ဘယ်လိုဖြစ်နိုင်တော့မှာလဲ .... ဒီတော့ ပြန်ထွက်သွားတော့ပေါ့ .... "

တိန့်ထောက်စိတ်ထဲတွင် အနည်းငယ်မခံချင်စိတ်ဖြစ်သွား၏။ သို့သော် ဤနေရာ ဤဒေသမှာ သူမ၏ပိုင်နက်ဖြစ်နေပြီး သူမကိုလည်း အလျှဉ်းသင့်အောင် ဆက်ဆံနိုင်ပါက မိမိအတွက် အကျိုးမယုတ်နိုင်ဟု တိန့်ထောက် တွေးမိကာ စိတ်ကိုပြန်ထိန်းလိုက်သည်။

သူသည် လက်ဖမိုးနှစ်ဖက်ကို ယှက်လိုက်ပြီး ....

"ကောင်းပါပြီ အစ်မကြီး .... အိမ်ရှင်က မနေစေချင်တော့မှတော့ ကျွန်တော်သွားပါ့မယ် .... အင်း .... မိုးကြိုးဓားကို ရမသွားရင်တော့ သနားစရာကောင်းတဲ့လူတစ်ယောက် အကျဉ်းသားဘဝနဲ့ သေရတော့မှာပါပဲ .... "

စကားဆုံးသည်နှင့် တိန့်ထောက်လှည့်ထွက်ခဲ့သည်။



"နေဦး .... "

နောက်ဘက်မှ အမျိုးသမီး၏ခေါ်သံကြောင့် တိန့်ထောက်တန့်ခနဲရပ်ပြီး လှည့်ကြည့်သည်။ အမျိုးသမီးသည် ဓားရှည်တစ်လက်ကို ဆုပ်ကိုင်ထားကြောင်း တွေ့မြင်ရသောအခါ တိန့်ထောက်နားမလည်နိုင်အောင်ဖြစ်သွားသည်။

တိန့်ထောက်က ခပ်အေးအေးပင် မေးလိုက်သည်။

"အစ်မလေး ဘာမျှားပြောချင်လို့ပါလဲ .... "

အမျိုးသမီးက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး .... "

"တကယ်လို့ ငါ့ရဲ့ဓားချက်သုံးချက်ကို မင်းခုခံနိုင်မယ်ဆိုရင်တော့ မင်းကိုလက်ခံပြီး ငါစကားကောင်းကောင်းပြောနိုင်ပါလိမ့်မယ်"

တိန့်ထောက်စိတ်ထဲမှ ဝမ်းသာအားတက်သွားပြီး ....

"ကောင်းပါပြီ အစ်မလေး.... ကျွန်တော်သဘောတူပါတယ်"

တိန့်ထောက်က ပြောပြောဆိုဆို ခါးမှဓားကိုခပ်ဖြည်းဖြည်းဆွဲထုတ်ကိုင်လိုက်လေသည်။

အမျိုးသမီးထံသို့လည်း ခြေလှမ်းသုံးလှမ်းလျှောက်သွားလိုက်သည်။

အမျိုးသမီးနှင့် ငါးပေခန့်အကွာအဝေးတွင် ရပ်လိုက်သည်

အမျိုးသမီးက လျှပ်တစ်ပြက် လှုပ်ရှားလိုက်ပြီး သူမ၏ဓ

ဖြင့် သုံးချက်တိတိ ဆင့်ထိုးသည်။ သူမ၏ဓားချက်မှာ သွက်လက်

ပြင်းထန်လှသည်။

တိန့်ထောက်က လုံးဝရှောင်တိမ်းခြင်းမရှိဘဲ သူ၏ဓား

အမျိုးသမီး၏ဓားကို ဖယ်ထုတ်လိုက်သည်။ သူ၏လှုပ်ရှားမှုက တည်ငြိမ်အေးဆေးလှသည်။

သူ့အနေဖြင့် ပြန်လည်တိုက်ခိုက်မည်ဆိုပါက အမျိုးသမီးကို အလွယ်တကူတိုက်ခိုက်အနိုင်ယူနိုင်မည့်အခြေအနေမျိုးဖြစ်လေသည်။

တကယ်တော့ အမျိုးသမီးကလည်း တိန့်ထောက်၏သိုင်းပညာအဆင့်ကို စမ်းသပ်ကြည့်လိုက်ခြင်းသာဖြစ်၏။

သူမ၏ဓားချက်သုံးချက်ကို တိန့်ထောက်က အလွယ်တကူကာကွယ်နိုင်ကြောင်းကိုတွေ့လိုက်ရသောအခါ တိန့်ထောက်၏သိုင်းပညာအဆင့်မှာ သူမထက်များစွာသာလွန်ကြောင်း သိသွားသည်။

အကယ်၍ တိန့်ထောက်ကသာ သူမကို အကြမ်းဖက်တိုက်ခိုက်၍ အန္တရာယ်ပေးမည်ဆိုလျှင် ရနိုင်ကြောင်းလည်း တွေးမိသွားသည်။

တိန့်ထောက်သည် သူမကိုအနိုင်မယူဘဲ အလျှော့ပေးခြင်းကိုထောက်ရှု၍ လူကောင်းတစ်ယောက်ဖြစ်ကြောင်းလည်း ခန့်မှန်းမိသွားသည်။

အမျိုးသမီးက နောက်ကိုဆုတ်သွားပြီး ဓားကိုပြန်သိမ်းလိုက်သည်။

ပြီးမှ တည်ငြိမ်အေးဆေးသောလေသံဖြင့် ပြောသည်။

"ငါ့ကို မင်းကအကူအညီတစ်ခုလောက် ပေးနိုင်မလား"

တိန့်ထောက် နားမလည်နိုင်သလိုဖြစ်သွားပြီး ....

"အစ်မလေးမှာ ဘယ်လိုအကူအညီမျိုး လိုနေလို့ပါလဲ ...



ကျွန်တော်တတ်နိုင်တဲ့အကူအညီမျိုးဆို ပေးဖို့အသင့်ပါပဲ ...."

တိန့်ထောက်လည်း သူ့ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်သည်။

"ထိုင်ပါဦး ငါ့မောင်ရယ် .... ထိုင်ပါဦး .... "

အမျိုးသမီး၏လေသံမှာ ပြောင်းလဲသွားသဖြင့် တိန့်ထောက်လည်း အမျိုးသမီးညွှန်ပြသော ကျောက်စားပွဲတစ်ခုဘေးမှ ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

အမျိုးသမီးကလည်း ကျောက်စားပွဲကိုခြား၍ ထိုင်ခုံတစ်လုံးတွင် အသာအယာ ဝင်ထိုင်လိုက်လေသည်။

## အခန်း(၄)

## ယမိန့်မှာစကား

ကျောက်စားပွဲပေါ်တွင် ဆီမီးခွက်တစ်လုံးကို ထွန်းညှိထားသည်။

ထိုအခါမှ တိန့်ထောက်သည် မီးရောင်ဖြင့် အမျိုးသမီး၏မျက်နှာကို အနီးကပ်မြင်ရလေသည်။

အမျိုးသမီးမှာ မိန်းမချောတစ်ယောက်ဖြစ်သော်လည်း သူမ၏မျက်နှာပြင်တွင် ဆွေးရိပ်သမ်းနေသည်။ အအိပ်ပျက်၊ အစားပျက်ဖြစ်ခဲ့ပုံဖြင့် မျက်နှာလည်း ချောင်ကျနေသည်။

အမျိုးသမီးက ညင်သာစွာပင် စတင်စကားဆိုသည်။

"အစ်မလေးရဲ့ နာမည်က ယန်းယုရှမ်းပါ .... ငါ့မောင်ရဲ့ နာမည်က .... "

တိန့်ထောက်က ခပ်သွက်သွက် ပြန်ပြောသည်။

"ကျွန်တော့်နာမည်က တိန့်ထောက်ပါ .... သိုင်းလောကမှာတော့ ရောင်ခြည်သိုင်းသမားဆိုတဲ့ ဘွဲ့နာမည်နဲ့ လှုပ်ရှားနေပါတယ်"



"ရောင်ခြည်သိုင်းသမား တိန့်ထောက် .... "

ယန်းယုရှမ်းက တီးတိုးရေရွတ်လိုက်သည်။

တိန့်ထောက်က မေးသည်။

"အစ်မလေးယန်းဟာ ဆရာကြီး လီခုံးချိုရဲ့ တပည့်မလားခင်ဗျား .... "

ယန်းယုရှမ်းက ခေါင်းကို ခါယမ်းပြီး ....

"မဟုတ်ပါဘူးကွယ် .... ဆရာကြီး လီခုံးချို ကွယ်လွန်ခဲ့တာ ငါးနှစ်လောက်တောင် ရှိနေပါပြီ .... အစ်မလေး ဒီဂူကြီးကို ရောက်လာတာ ဆရာကြီးလီခုံးချို ကွယ်လွန်ပြီးမှပါ .... "

တိန့်ထောက် အံ့သြသွားပြီး ....

"အစ်မလေး ယန်းက လူသူမနီးတဲ့ ဒီလိုနေရာမျိုးမှာ ဘာဖြစ်လို့ တစ်ယောက်တည်း လာနေရတာလဲ .... "

"လူတစ်ယောက်ကို အစ်မ စောင့်နေပါတယ် ငါ့မောင်"

"ဟင် .... လူတစ်ယောက်ကို စောင့်နေတယ် ဟုတ်လား၊ အစ်မလေးယန်း ဘယ်သူ့ကို စောင့်နေတာလဲ .... "

"သူ့နာမည်က အိုးယင်ချင့်တဲ့ .... ဒီနာမည်ကိုများ ငါ့မောင် ကြားဖူးသလား .... "

"အိုးယင်ချင့် ဟုတ်လား .... ဟင့်အင်း ကျွန်တော် မကြားဖူးပါဘူး .... သူက အစ်မလေးနဲ့ ဘယ်လိုပတ်သက်လို့လဲ .... "

"သူဟာ အစ်မလေးရဲ့ ယောကျ်ားပါပဲ .... "

"ဩော် .... "

"ဒါပေမယ့် .... သူနဲ့ အစ်မလေးဟာ သုံးလလောက်ပဲ ပေါင်းသင်းခဲ့ကြရပါတယ် .... "

ယန်းယုရှမ်း၏ မျက်လုံးအစုံက ရီဝေသွားသည်။ မျက်နှာက မှုန်မှိုင်းသွားသည်။ သူသည် အတိတ်ဆီကို ပြန်သတိရဟန်ဖြင့် တမ်းတမ်းတတ ဆက်ပြောသည်။

"သူနဲ့ အစ်မလေးက .... နိုင်ဖုန်းမြို့မှာ တွေ့ဆုံကြပြီး တစ်ယောက်နဲ့တစ်ယောက် မေတ္တာမျှခဲ့ကြတယ် .... သူ့ကို အစ်မလေးဟာ သိပ်ပြီး ချစ်ခဲ့တယ် .... အစ်မလေးရဲ့ မိဘတွေကတော့ သူနဲ့ သဘောမတူပါဘူး .... ဒါပေမယ့် အစ်မလေးက သူ့ကို ချစ်လွန်းလို့ မိဘတွေစကားကို နားမထောင်ဘဲ သူ့နောက် လိုက်လာခဲ့ပါတယ် .... သူဟာ အစ်မလေးကို ဒီထန်အင်းဂူ ခေါ်လာတာပဲ .... ထန်အင်းဂူမှာ သူနဲ့ အစ်မလေးတို့ သုံးလေးလလောက်တော့ ပျော်ပျော်ပါးပါး ပေါင်းသင်းနေထိုင်ခဲ့ကြတယ် .... "

"အစ်မလေးရဲ့ယောကျ်ား အိုးယင်ချင့်ဟာ ဒီထန်အင်းဂူနဲ့ ဘယ်လိုပတ်သက်နေလို့လဲ .... "

"သူဟာ .... ဆရာကြီး လီခုံးချီရဲ့ တပည့်ရင်းတစ်ယောက်ပဲလေ .... "

"ဪ .... "

"သုံးလလောက် ပေါင်းသင်းနေထိုင်ကြပြီးမှ .... သူက ပြောတယ် .... အရေးတကြီးကိစ္စတစ်ခုနဲ့ တစ်လလောက် ခရီးထွက်ချင်တယ်တဲ့ .... အရေးကြီးတဲ့ကိစ္စဆိုတော့ အစ်မလေးလည်း ခွင့်ပြုလိုက်



ရတာပေါ့ .... သူ ထွက်သွားတဲ့နေ့က အစ်မလေးဟာ သူ့ကို ချောက်ကမ်းပါးထိပ်အထိ လိုက်ပို့ခဲ့သေးတယ် .... "

"သူ ပြန်မလာတော့ဘူးလား အစ်မလေး .... "

တိန့်ထောက်လည်း စိတ်မကောင်းဖြစ်သွားပြီး ဝင်မေးမိသည်။

ယန်းယုရှမ်း၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်တွေ ဝဲနေသည်။ သူမက သက်ပြင်းရှည်ကြီးကိုချပြီး ခေါင်းကို ခါယမ်း၍ ....

"ပြန်ရောက်မလာတော့ပါဘူး ငါ့မောင်ရယ် .... ခုဆို သူ ထွက်သွားတာ လေးနှစ်လောက်တောင် ရှိသွားပြီပေါ့ .... "

"အစ်မလေးလည်း သိုင်းပညာတတ်ရဲ့သားနဲ့ သူ့ကို ဘာဖြစ်လို့ သိုင်းလောကထဲမှာ လိုက်မရှာတာလဲ .... "

"မေမေ .... မေမေ .... "

ထိုစဉ် ကလေးငယ်တစ်ယောက်၏ခေါ်သံက တိန့်ထောက်၏ ဘေးအပေါက်တစ်ပေါက်ဆီမှ ပေါ်ထွက်လာသည်။ တိန့်ထောက် လှည့်ကြည့်လိုက်တော့ အသက်သုံးနှစ်ကျော်ကျော် အရွယ်ရှိမည့် ကလေးငယ်တစ်ယောက် အထဲမှ ထွက်လာသည်ကို မြင်ရသည်။

ကလေးငယ်မှာ အိပ်မှုန်စုံမွှား ဖြစ်နေသဖြင့် အိပ်ရာမှ နိုးထလာကြောင်း သိနိုင်သည်။

ကလေးငယ်က ဂူပေါက်ဝမှ ရပ်ပြီး ယန်းယုရှမ်းနှင့် တိန့်ထောက်ကို ကြည့်နေသည်။ သူ့မျက်နှာမှာ အံ့ဩနေပုံလည်း ရသည်။

ကလေးငယ်က တိန့်ထောက်ကိုကြည့်ပြီးမှ ယန်းယုရှမ်းကို မပီကလာ ပီကလာနှင့် လှမ်းမေးသည်။

"မေမေ .... ဒီလူကြီးက သားရဲ့ဖေဖေလားဟင် .... ဖေဖေ ပြန်လာပြီလား .... "

ထိုကလေးငယ်မှာ ယန်းယုရှမ်း၏ သားကလေးဖြစ်ကြောင်း သိသွားပြီး တိန့်ထောက် စိတ်မကောင်း ဖြစ်သွားသည်။

ယန်းယုရှမ်းကလည်း မချိပြုံးကလေး ပြန်ပြုံးပြပြီး ....

"မဟုတ်ပါဘူး သားရဲ့ .... ဒီဦးဦးက ဦးဦးတိန့်ထောက်တဲ့ သားဖေဖေရဲ့ မိတ်ဆွေပေါ့ .... "

ကလေးငယ်က တိန့်ထောက်အနီးကို လျှောက်လာပြီး

"ဦးဦးက သားဖေဖေရဲ့မိတ်ဆွေဟုတ်လား .... သားရဲ့ဖေဖေကော ခေါ်မလာဘူးလား .... ဖေဖေက ဘာဖြစ်လို့ ဦးဦးနဲ့ လိုက်မလာတာလဲ .... "

တိန့်ထောက်ရင်ထဲတွင် ဆို့နင့်နေသဖြင့် ကလေးကျေနပ်အောင်ပင် ပြန်မဖြေနိုင်ချေ။ ကလေးငယ်ကို သူသည် ကိုယ်ချင်းစာမိသည်။

မိမိလည်း မိခင်ကြီးနှင့်အတူတူ နေထိုင်ကြီးပြင်းခဲ့ရသူဖြစ်၏။ ငယ်စဉ်ကတည်းက ဖခင်နှင့် သေကွဲ,ကွဲခဲ့ရသူ ဖြစ်၏။

ယန်းယုရှမ်းက ဝင်ပြောသည်။

"သားရဲ့ဖေဖေလည်း လာပါလိမ့်မယ်ကွယ် .... ဦးဦးက ဒီအကြောင်းကို လာပြောတာ .... "

ကလေးငယ်က ခေါင်းကိုခါယမ်းပြီး ....

"ဟင့်အင်း .... မေမေကလည်း ခဏခဏ ဒီလိုပဲ ပြောနေတာပဲ .... ဖေဖေလည်း တကယ်မလာဘဲနဲ့ .... ဘယ်တော့မှ ပြန်လာမှာလဲ .... "



ယန်းယုရှမ်း ပြန်မဖြေနိုင်ချေ။ သူမ၏ ပါးပြင်ပေါ်သို့သာ မျက်ရည်များ စီးကျလာသဖြင့် သားကလေး မမြင်စေရန် တစ်ဘက်ကို လှည့်လိုက်ရ၏။

တိန့်ထောက် မနေသာတော့ဘဲ ဝင်ပြောရတော့၏။

"ကလေးရဲ့ဖေဖေ မကြာခင် ပြန်လာတော့မှာပါကွ .... ဦးဦးကို ပြောခိုင်းလိုက်လို့ ဦးဦး လာပြောတာ .... သားရဲ့ဖေဖေ ပြန်လာရင်လေ သားကစားဖို့ အရုပ်တွေလည်း အများကြီး ဝယ်လာမယ်တဲ့၊ စားစရာတွေလည်း အများကြီး ဝယ်လာမယ်တဲ့ .... "

"ဟင် .... တကယ်လား ဦးဦး .... "

ကလေးငယ် ဝမ်းသာအားရ ဖြစ်သွားသည်။

တိန့်ထောက်က ခေါင်းညိတ်၍ ....

"တကယ်ပါကွ .... တကယ်ပါ .... "

ယန်းယုရှမ်းက မျက်ရည်ကိုသုတ်ပြီး သားကလေးကို ပြောသည်။

"သားလေး အခန်းထဲမှာ သွားနေလိုက်ဦးနော် .... ဟောဒီ ဦးဦးနဲ့ မေမေ စကားပြောလိုက်ဦးမယ် .... တော်ကြာ မေမေ လာခဲ့မယ် .... "

ကလေးငယ်က ခေါင်းညိတ်၍ သူထွက်လာသော တံခါးပေါက်ထဲသို့ ပြန်ပြေးဝင်သွားသည်။

အိုးယင်ချင့်သည် ခရီးထွက်သွားရာမှ ဘေးအန္တရာယ်နှင့် တွေ
နေပြီလားဟူ၍ တိန့်ထောက် ရေတွေးနေမိသည်။ သို့မဟုတ် ယန်းယုရှ
တို့သားအမိကို စွန့်ပစ်ကာ တခြားဒေသသို့ ထွက်သွားလေပြီလော



ယန်းယုရှမ်းက စိတ်မချမ်းမြေ့စွာဖြင့် ပြောသည်။

"သားကလေးရဲ့အဖေကို အစ်မလေး လိုက်မရှာတာကတော့ အချက်နှစ်ချက် ရှိပါတယ် .... တစ်ချက်က အစ်မလေးရဲ့ မိဘဆွေမျိုးတွေနဲ့ ပြန်မတွေ့ဝံ့တော့လို့ .... နောက်တစ်ချက်က အရွယ်မရောက်သားတဲ့ သားကလေးကို တတန်းတန်း ခေါ်သွားရင်မဖြစ်လို့ .... "

"အင်း .... ခုလိုဆိုတော့လည်း ဟုတ်ပါတယ် အစ်မလေး၊ ဒါနဲ့ အစ်မလေးရဲ့ယောကျ်ားဟာ ဒီသားလေး မွေးတာကိုတောင် သိမှာ မဟုတ်ဘူးပေါ့နော် .... "

ယန်းယုရှမ်းက နွမ်းလျစွာ ခေါင်းညိတ်၍ ....

"ဘယ်သိပါ့မလဲ ငါ့မောင်ရယ် .... ဒါပေမယ့် သူထွက်သွားတော့ မမမှာ ကိုယ်ဝန်ရှိနေပြီဆိုတာတော့ သူ သိသွားပါတယ် .... "

"စိတ်မကောင်းစရာပါပဲ အစ်မလေးရယ် .... ကျွန်တော်လည်း သိုင်းလောကမှာ သွားရင်းလာရင်း အစ်မလေးရဲ့ယောကျ်ား အိုးယင်ချင့်ကို စုံစမ်းရှာဖွေပေးပါ့မယ် .... "

"အေးကွယ် ကျေးဇူးပါပဲ .... မင်းကို အစ်မလေး အကူအညီ တောင်းချင်တယ်ဆိုတဲ့ကိစ္စဟာလည်း ဒီကိစ္စပါပဲ .... "

"စိတ်ချပါ အစ်မလေး .... သူ့ကိုတွေ့ရင် အစ်မလေးတို့

သားအမိရဲ့ အခြေအနေမှန်ကို ကျွန်တော် ပြောလိုက်ပါ့မယ် ....

"တကယ်လို့ .... သူဟာ အန္တရာယ် ကြုံတွေ့နေတယ်ဆို
လည်း ငါ့မောင်က သူ့ကို ကူညီကယ်တင်ပါကွယ် .... "

"ဒီဟာတော့ စိတ်ချပါ အစ်မလေး .... ကျွန်တော် ကတိ
ပါတယ် .... "

ညှိုးနွမ်းနေသော ယန်းယုရှမ်း၏ လေသံက အနည်းငယ်
တင်းမာသွားသည်။ တည်ငြိမ်အေးဆေးစွာလည်း ဆက်ပြောသည်၊

"ဒါမှမဟုတ်ဘဲ .... သူဟာ အစ်မလေးကို တမင်သက်သ
ပစ်သွားတာမျိုး ဖြစ်နေရင် .... တခြားမိန်းမတစ်ယောက်ယောက်
ပေါင်းသင်းနေမယ်ဆိုရင်တော့ .... "

"အင်း .... ဒီလိုဆို ကျွန်တော် ဘယ်လိုဆောင်ရွက်ရမလဲ

ယန်းယုရှမ်း အံကို တင်းတင်းကြိတ်လိုက်ပြီး ....

"ဒါဆိုရင်တော့ အစ်မလေးကို သစ္စာဖောက်တဲ့ သူ့ကို
အစ်မလေးရဲ့ဘဝကို နစ်မွန်းအောင်လုပ်တဲ့သူ့ကို ငါ့မောင်က စိန်ခေ
တိုက်ခိုက်ပြီး သတ်ပစ်လိုက်ပါကွယ် .... "

"ခင်ဗျာ .... သတ်ရမယ် ဟုတ်လား .... "

ယန်းယုရှမ်း မျက်ရည်တွေ တရဟော ကျဆင်းနေရင်း
ခေါင်းကိုဆတ်ခနဲ ညိတ်လိုက်ပြီး ....

"ဟုတ်တယ် .... "

တိန့်ထောက် သက်ပြင်းတစ်ချက် ချပြီး .... "

"ဒီလိုတော့ အစ်မလေးရဲ့ယောက်ျားက လုပ်မှာမဟုတ်
ဘူး .... တကယ်လို့ သူနဲ့ ကျွန်တော်တွေ့ရင် အကျိုးအကြောင်းပြ



ပြီး အစ်မလေးဆီကို ပြန်လာခိုင်းပါ့မယ် .... သူ့မှာ သားကလေးတစ်
ယောက် ရနေပြီဆိုတာသိရင် မလွဲမသွေ ပြန်လာမှာပါ .... "

"သုံးနှစ်ကျော် လေးနှစ်နီးပါးတောင် ရှိနေပြီပဲ ငါ့မောင်ရယ်၊
သူသာ .... အသက်ဘေးအန္တရာယ်နဲ့ ကြုံတွေ့နေရတာမျိုးမဟုတ်ဘူး
ဆိုရင် .... အဲ .... သစ္စာလည်း မဖောက်ဘူးဆိုရင် သူ ပြန်ရောက်တာ
ကြာလှပြီပေါ့ .... အစ်မလေးမှာ တွယ်တာရမယ့် သားကလေး ရှိနေ
လို့ပေါ့ .... နို့မို့ လူ့ဘဝကြီးထဲမှာ နေချင်စိတ်ကို မရှိတော့ပါဘူး ....
သားလေးသာ မရှိရင် အစ်မလေးကိုယ်အစ်မလေး သတ်သေတာ ကြာ
လှပြီ .... "

"ဒီလိုလည်း တစ်ယူသန်စိတ် မထားပါနဲ့ အစ်မလေးရယ် ....
သူ ပြန်မလာနိုင်တာဟာ ပြန်မလာနိုင်လောက်အောင် ကိစ္စတစ်ခုခုနဲ့
ရင်ဆိုင်ကြုံတွေ့နေရလို့ ဖြစ်ပါလိမ့်မယ် .... ကျွန်တော် သူ့သတင်းကို
စုံစမ်းပါ့မယ် .... သည်းခံပြီး စောင့်လိုက်ပါဦးနော် .... "

ယန်းယုရှမ်းက သက်ပြင်းချ ခေါင်းညိတ်၍ ....

"သားလေး ရှိနေသမျှတော့ သူ့ရဲ့အလာကိုပဲ စောင့်နေရ
တော့မှာပေါ့ .... တကယ်လို့ သူ့သတင်းကို ကြားရရင်တော့ ငါ့မောင်
ဆက်ဆက်လာပြီး ပြောပေါ်နော် .... "

"ဟုတ်ကဲ့၊ စိတ်ချပါ အစ်မလေး .... ကဲ .... ကျွန်တော့်ကို
လည်း ပြန်ခွင့်ပြုပါဦး .... "

တိန့်ထောက် ပြောပြော့ဆိုဆို ထိုင်ရာမှ ထရပ်လိုက်၏။

ယန်းယုရှမ်းက လက်ကာပြ၍ ....

"နေပါဦး ငါ့မောင် .... ငါ့မောင်ကို မေးပါရစေဦး .... "

တိန့်ထောက် ပြန်ထိုင်လိုက်ပြီး ....

"မေးပါ အစ်မလေး .... ဘာမေးမှာလဲ .... "

"ဆရာကြီး လီခုံးချီရဲ့ မိုးကြိုးဓားကိုငှားဖို့ ငါ့မောင် လာခဲ့တာဆိုတော့ ဘယ်သူ့ကို ကယ်တင်ဖို့လဲ .... ဘယ်လိုကော ကယ်တင်မှာမို့လဲ .... မိုးကြိုးဓားဟာ ဘယ်လိုစွမ်းဆောင်နိုင်မှာ မို့လို့လဲ .... "

တိန့်ထောက် တွေသွားပြီးမှ ပြန်ဖြေသည်။

"ဒီလိုပါ အစ်မလေး .... ဆရာကြီး လီခုံးချီရဲ့ မိုးကြိုးဓားဟာ သံမဏိကိုတောင် ငှက်ပျောတုံးလို လှီးဖြတ်နိုင်တယ်လို့ ကျွန်တော် သတင်းကြားသိထားရပါတယ် .... ဟုတ်ပါသလား .... "

"ဟုတ်ပါတယ်ကွယ် .... မိုးကြိုးဓားက ဓားမြှောင်တစ်ချောင်းသာ ဖြစ်ပေမယ့် သိပ်ပြီးထက်မြက်ပါတယ် .... အစ်မလေးရဲ့ ယောကျ်ား အိုးယင်ချင့်ကိုယ်တိုင် ဒီမိုးကြိုးဓားနဲ့ သံမဏိတွေကို လွယ်လွယ်ကူကူ လှီးဖြတ်ပြတာ မမကိုယ်တိုင် မြင်ရတွေ့ရပါတယ် .... "

"ဪ .... မိုးကြိုးဓားက ဓားမြှောင်တစ်ချောင်းကိုး .... အစ်မလေးရဲ့ ယောကျ်ား အိုးယင်ချင့်ဟာ ဆရာကြီး လီခုံးချီရဲ့ တပည့်ရင်းဆိုတော့ သူ့ဆီမှာ ဓားပါသွားမှာပေါ့နော် .... "

"ပါမသွားပါဘူး .... အစ်မလေးဆီမှာ ရှိနေပါတယ် .... "

"ဟင် ဟုတ်လား .... "

တိန့်ထောက် လွန်စွာ ဝမ်းသာအားတက်သွားသည်။

"မိုးကြိုးဓားကို ဘယ်လိုအသုံးချမယ်ဆိုတာသာ ပြောပြပါမင်းကို အစ်မလေး ငှားလိုက်ပါ့မယ် .... "

"ကျွန်တော့်မိတ်ဆွေတစ်ယောက်ဟာ .... အင်မတန် နိုင်ခံ



တဲ့ သံမဏိကြိုးနဲ့ ခြေထိတ်အခတ်ခံရပြီး သချိုင်းဂူတစ်ဂူရဲ့ အောက်မှာ ချုပ်နှောင်ခံထားရပါတယ် အစ်မလေး .... သူ လွတ်မြောက်ရက် ကျော်လာတာ နှစ်နှစ်ရှိသွားပေမယ့် သံမဏိကြိုးကို ဖြတ်နိုင်တဲ့ ဓားတစ်လက် ပျောက်နေတာနဲ့ .... သူဟာ ဆက်ပြီး အချုပ်ခံနေရပါတယ် .... ဒီ သံမဏိကြိုးကို မိုးကြိုးဓားနဲ့ဖြတ်မှ ရမှာမို့ ဆရာကြီးလီခုံးချီဆီမှာ ကျွန်တော် လာငှားရတာပါ .... "

"အင်း .... ဒီလို အခက်အခဲမျိုး ဖြစ်နေတယ်ဆိုရင်တော့ မင်းကို အစ်မလေး ငှားလိုက်ပါ့မယ် .... ခဏ စောင့်နေဦးနော် .... သွားယူလိုက်ဦးမယ် .... "

ယန်းယုရှမ်းက ပြောပြောဆိုဆို စောစောက ကလေးငယ်ဝင်သွားသော ဂူအခန်းထဲသို့ ခပ်သွက်သွက်ဝင်သွားသည်။

ခဏနှင့်ပြန်ထွက်လာသောအခါ သူမ၏လက်ထဲတွင် တစ်ပေခန့်သာသော အရှည်ရှိသော သံသေတ္တာနက်ကလေးတစ်လုံး ပါလာလေသည်။

သူမက သေတ္တာကို ကျောက်စားပွဲပေါ်သို့ တင်လိုက်လေသည်။

သေတ္တာဖုံးကို ဖွင့်လိုက်သောအခါ သားရေအိတ်နှင့် ထည့်ထားသော ဓားမြှောင်တစ်ချောင်းကို တိန့်ထောက် တွေ့ရလေသည်။

ယန်းယုရှမ်းက ဓားမြှောင်ကို ကောက်ယူလိုက်ပြီး တိန့်ထောက်ကိုကြည့်၍ ပြောသည်။

"အစ်မလေးရဲ့ယောကျ်ား အိုးယင်ချင့်က ဒီမိုးကြိုးဓားကို အစ်မလေးအတွက် ချစ်သက်လက်ဆောင် ပေးခဲ့တာပါ .... ဒါကြောင့် သူ ခရီးထွက်တော့ သူနဲ့ ပါမသွားတာပါ .... ငါ့မောင် ယူသွားပါ"

ပြောပြောဆိုဆို ယန်းယုရှမ်းက လှမ်းပေးလိုက်သဖြင့် တိန့်ထောက်ကလည်း ဝမ်းသာအားရ လှမ်းယူလိုက်သည်။

"ဒီဓားကို အသုံးပြုပြီးတာနဲ့ ကျွန်တော်ကိုယ်တိုင် အစ်မလေးကို ဆက်ဆက်လာပြန်ပေးပါ့မယ် .... အစ်မလေးယောကျ်ားရဲ့ သတင်းကိုလည်း စုံစမ်းလာခဲ့ပါ့မယ် .... အခွင့်သင့်ရင်လည်း သူနဲ့ သွားတွေ့ပါ့မယ် .... သူ့ရဲ့ ပုံပန်းသဏ္ဌာန်ကိုသာ ကျွန်တော့်ကို ပြောပြပါ"

ယန်းယုရှမ်း၏ မျက်လုံးအစုံက တွေဝေသွားပြီး ....

"ခုဆို သူဟာ အသက်သုံးဆယ့်နှစ်နှစ်လောက် ရှိပြီ .... သူဟာ အမြဲတမ်း ခပ်တည်တည်နေတတ်တယ် .... သူ့မျက်လုံးက နည်းနည်းပြူးပြီး မျက်ခုံးမွေးလည်း အတော်ထူတယ် .... မျက်ခုံးမွေးနှစ်ဘက်ဟာ တစ်တန်းတည်း ဆက်နေတာကတော့ သူ့ရဲ့ထူးခြားတဲ့



အမှတ်အသားပဲ .... ပြီးတော့ သူဟာ အမြဲလိုလို မင်းလိုပဲ စာပေသမားဝတ်စုံကို ဝတ်ဆင်တတ်တယ် .... "

မျက်ခုံးမွေးနှစ်ခုမှာ တစ်ခုတည်းဖြစ်အောင် ဆက်နေသည်ဆိုသည့် အမှတ်အသားကပင် အိုးယင်ချင့်ကို မြင်မြင်ချင်း သိနိုင်လောက်သည်။

တိန့်ထောက်က မိုးကြိုးဓားကို သေသေချာချာသိမ်းပြီး ယန်းယုရှမ်းကို နှုတ်ဆက်လိုက်သည်။

ယန်းယုရှမ်းက တိန့်ထောက်ကို ဂူဝအထိ လိုက်ပို့သည်။

နောက်ဆုံးအနေနှင့် မှာကြားခြင်းလည်း ပြုသည်။

"ငါ့မောင် .... တကယ်လို့ အစ်မလေးရဲ့ယောကျ်ားဟာ အစ်မလေးအပေါ်မှာ သစ္စာဖောက်သွားတာ မှန်ရင်တော့ ဒီမိုးကြိုးဓားနဲ့ သူ့ကို အဆုံးစီရင်ခဲ့ပါ .... သူ့သွေးဟာ ဒီဓားမြှောင်မှာ စွန်းထင်းပြီး ပါလာပါစေ .... "

## အခန်း (၅)

## ငွေနှင်းပြုနှင့် ချဲ့ခွာခြင်း

တိန့်ထောက်သည် လန့်ယန်းမြို့ဆီသို့ သွားသော လမ်းမကြီးပေါ်တွင် အပြေးနှင်လျက် ရှိနေသည်။

မွန်းတည့်ချိန်ဖြစ်သောကြောင့် နေပူရှိန်မှာ ပြင်းလွန်းလှသည်။

သူသည် တောအုပ်တစ်အုပ်ဆီသို့ ရောက်လာသောအခါ တောအုပ်အစပ်ရှိ အရိပ်အာဝါသ ကောင်းလှသော သစ်ပင်ကြီးတစ်ပင်၏ အရိပ်တွင် ဝင်ခိုရပ်နားလိုက်သည်။

"ဘယ်သူလဲ .... "

မိန်းကလေးတစ်ယောက်၏ လွင်စီသော မေးမြန်းသံမှာ သူ၏ နောက်ကျောဘက်ဆီမှ ပေါ်ထွက်လာသည်ကို တိန့်ထောက် ကြားလိုက်ရသည်။ တိန့်ထောက် လှည့်ကြည့်ရာ သစ်ပင်ကွယ်မှ မိန်းကလေးတစ်ယောက် ထွက်လာသည်ကို မြင်ရသည်။

ထိုမိန်းကလေးကို မြင်မြင်ချင်း တိန့်ထောက် ချက်ချင်းပင် မှတ်မိသွားသည်။

မကြာမီက မန်းစန်းတောင်ပေါ်ရှိ ရှေးဟောင်းသချိုင်းကြီး



တွင် လူထွားကြီး၏ စော်ကားမော်ကား လုပ်ခြင်းခံရ၍ မိမိကယ်တင်လိုက်သော ဝတ်စုံစိမ်းနှင့် မိန်းကလေးဖြစ်နေလေသည်။

ဝတ်စုံစိမ်းနှင့် မိန်းမချောကလေးကလည်း တိန့်ထောက်ကို မြင်မြင်ချင်း ချက်ချင်း မှတ်မိလေသည်။

တိန့်ထောက်က ဝတ်စုံစိမ်းနှင့် မိန်းမချောကလေးကို မြင်ရသောအခါ သူမထက် အဆတစ်ရာမက ချောမောလှပသော သူမ၏ သခင်မ ဝတ်စုံဖြူနှင့် အလှမယ်ကို သတိရလိုက်မိ၏။

မန်းစန်းတောင်ပေါ်ရှိ သချိုင်းဟောင်းကြီးတွင် တွေ့ကြစဉ်က ဝတ်စုံဖြူနှင့် အလှမယ်ကလေးမှာ တိန့်ထောက်ကို ခပ်တည်တည် လုပ်နေခဲ့သည်။

တိန့်ထောက်ကမူ မန်းစန်းတောင် သချိုင်းဟောင်းတွင် ဝတ်စုံဖြူ ဝတ်ထားသော အလှမယ်ကလေးကို မြင်တွေ့ရပြီးကတည်းက သူမကို မျက်စိထဲမှ ဖျောက်၍မရအဲ ဖြစ်နေခဲ့သည်။

ထို့ကြောင့်လည်း ချီယွင်ဂေဟာ သခင်ကြီး နတ်နဂါးချူဟွားဟီ၏သမီး ချူလန်းဆန်းကို လက်ထပ်ရန် ငြင်းဆိုခဲ့ခြင်း ဖြစ်လေသည်။

ဝတ်စုံဖြူ အလှမယ်ကလေး၏ အစေအပါးတစ်ဦးဖြစ်သော ဝတ်စုံစိမ်းနှင့် မိန်းကလေးက တိန့်ထောက်ကို ပြုံးပြုံးရွှင်ရွှင်ပင် စတင်စကားဆိုသည်။

"ဩော် .... ဘယ်သူများလဲလို့ အစ်ကိုလေး တိန့်ထောက်ကိုး .... ဒီမှာ လာပြီး ဆုံကြရပြန်ပြီနော် .... "

တိန့်ထောက်ကလည်း ပြန်လည်ပြုံးပြလိုက်သည်။

သို့သော် သူမျက်လုံးအစုံကမူ ဇတ်စုံဖြူ အလှမယ်ကလေးကို တွေ့လိုဇောနှင့် ရှာနေမိ၏။

တွေ့ရပါပြီ .... ။

မလှမ်းမဝေးရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် ဝတ်စုံဖြူနှင့် အလှမယ်ကလေး ရပ်နေသည်ကို တိန့်ထောက် တွေ့ရသည်။

ဝတ်စုံဖြူ အလှမယ်ကလေးကို မြင်လိုက်ရသဖြင့် ရင်အေးသွားရသော တိန့်ထောက်မှာ သူမ၏ရှေ့မှ ဆိုးရွားသော အမင်္ဂလာမြင်ကွင်းတစ်ခုကို မြင်လိုက်ရသဖြင့် ရင်ပူသွားရပြန်သည်။ မျက်လုံးအပြူးသား ဖြစ်သွားရပြန်သည်။

ဝတ်စုံဖြူအလှမယ်ကလေးရှေ့၌ သစ်ပင်တွင် ကြိုးဖြင့်ဇောက်ထိုးဆွဲထားကာ သေဆုံးနေသော လူတစ်ယောက်၏ အလောင်းကို တွေ့ရသောကြောင့်ဖြစ်၏။ မြေကို ခေါင်းစိုက်နေသော အလောင်း၏ ပါးစပ်ထဲမှ သွေးများ တစ်စက်စက် ကျနေတုန်း ဖြစ်၏။

ပြီးတော့ ဝတ်စုံဖြူနှင့် အလှမယ်ကလေးအနီး မြေပေါ်တွင် သွေးရဲရဲနှင့် သေဆုံးနေသော လူလေးယောက်ကို တွေ့ရပြန်သည်။



တိန့်ထောက် စိတ်လှုပ်ရှားစွာဖြင့် ဝတ်စုံဖြူအလှမယ်ကလေး အနီးသို့ ခုန်လွှားရောက်လာခဲ့သည်။ ပြီးတော့ အလောင်းငါးလောင်းကို သေချာစွာကြည့်သည်။

ထပ်မံပြီး အံ့သြသွားရပြန်သည်။

သေဆုံးနေသူများ၏ ကိုယ်ပေါ်တွင် ဝတ်စုံနက်များကို ဝတ်ဆင်ထားကြသည်။ အင်္ကျီရင်ဘတ်ပေါ်တွင် အဖြူရောင် တံဆိပ်ဝိုင်းကလေးများ ကိုယ်စီရှိနေကြသည်။ ထိုသူတို့ကား ဝမ်ရဲ့ရဲတိုက်ကြီးမှ သိုင်းသမားများဖြစ်ကြောင်း တိန့်ထောက် ချက်ချင်း သိလိုက်လေသည်။

အလောင်းအားလုံး၏ မျက်နှာပြင်များမှာ ညိုမည်းနေလေရာ အဆိပ်မိပြီး သေဆုံးကုန်ကြခြင်းဖြစ်ကြောင်း သိသာလှသည်။

သစ်ပင်တွင် ဇောက်ထိုးဆွဲခံရပြီး သေဆုံးနေသူမှာ ဝမ်ရဲ့ရဲတိုက်မှ ခေါင်းဆောင်တစ်ဦးဖြစ်သော ဝမ်းကြည် ဖြစ်နေသည်ကို တိန့်ထောက် တွေ့ရ၏။

တိန့်ထောက်သည် အလောင်းများကို သေချာစွာ ကြည့်ရှုလိုက်ပြီးမှ ဝတ်စုံဖြူနှင့် အလှမယ်ကလေးကို မေးလိုက်သည်။

"ဒီလူတွေအားလုံးကို အဆိပ်နဲ့ မင်း တိုက်ခိုက်လိုက်တာလား .... "

ဝတ်စုံဖြူအလှမယ်ကလေးက တိန့်ထောက်ကို အရေးမစိုက်ဟန်ဖြင့် တစ်ဘက်ကို မျက်နှာလွှဲထားသည်။ တိန့်ထောက် အောင့်သက်သက် ဖြစ်သွားမိသည်။

ဝတ်စုံစိမ်းနှင့် မိန်းကလေးက တိန့်ထောက်အနီးသို့ ရောက်လာပြီး မေးသည်။

"အို .... ဘယ်ကလာ ဟုတ်ရမှာလဲ သခင်လေးရဲ့ .... သူတို့ကို ကျွန်မတို့ သခင်မလေးက တိုက်ခိုက်တာ မဟုတ်ပါဘူး .... ကျွန်မတို့တစ်တွေ ဒီတောအုပ်ထဲကို ရောက်လာတော့ ဒီအလောင်းတွေကို အခုအတိုင်း တွေ့တာပဲ .... အဲ .... ကျွန်မတို့ ရောက်လာတော့ ဟိုသစ်ပင်မှာ ကျောက်ထိုးဆွဲပြီး ထားခံရတဲ့သူဟာ မသေသေးဘူး .... ဒီလူက သေမင်းတမန်ဘီလူး သေမင်းတမန်ဘီလူးလို့ ပြောပြီးမှ အသက်ထွက်သွားတာ .... "

တိန့်ထောက် အံ့သြတုန်လှုပ်သွားသည်။

"ဟင် .... ဒါဆို သူတို့ကို သေမင်းတမန်ဘီလူးက တိုက်ခိုက်သတ်ဖြတ်သွားတာပေါ့ .... "

"ဒါပဲ ဖြစ်ရမှာပေါ့ အစ်ကိုလေးရဲ့ .... ဒါကြောင့် ဒီလူက မသေခင် သေမင်းတမန်ဘီလူးရဲ့နာမည်ကို ရေရွတ်သွားတာပေါ့ .... သေမင်းတမန်ဘီလူးဟာ ဒီလူတွေကို အဆိပ်လက်နက်နဲ့ တိုက်ခိုက်သွားတာပဲ ဖြစ်ရမယ် .... "



တိန့်ထောက်က ဝတ်စုံဖြူနှင့် အလှမယ်ကလေးထံ မျက်လုံးဝေကြည့်လိုက်သည်။

ဝတ်စုံဖြူနှင့် အလှမယ်ကလေးမှာ မိမိနှင့် အစေအပါး မိန်းကလေး စကားပြောနေကြသည်ကို စိတ်ဝင်တစား နားစွင့်ထောင်နေကြောင်း တိန့်ထောက် သတိထားမိလေသည်။

ယခုလည်း သူမသည် တိန့်ထောက်ကို လှမ်းကြည့်နေလေရာ တိန့်ထောက်က လက်ဖမိုးနှစ်ဖက်ကို ယှက်လိုက်ပြီး ....

"ကိုယ့်နာမည် တိန့်ထောက်ပါ .... ညီမနာမည် ဘယ်လိုခေါ်တယ်ဆိုတာ သိပါရစေ .... "

ဝတ်စုံဖြူ အလှမယ်ကလေးက သူ့အမေးကို ပြန်ဖြေလိမ့်မည် မဟုတ်ဟု တိန့်ထောက် ထင်ထားသည်။

"ကျွန်မကို သိုင်းလောကသားတွေကတော့ ငွေနှင်းဖြူလို့ ခေါ်ကြပါတယ် .... "

ဝတ်စုံဖြူ အလှမယ်ကလေးက ခပ်အေးအေး ပြန်ဖြေလိုက်သောအခါ တိန့်ထောက် အံ့သြဝမ်းသာသွားသည်။

"သြော် .... သိပ်လှတဲ့ နာမည်ကလေးပဲ .... ဒီနာမည်ဟာ ညီမနဲ့လည်း လိုက်ဖက်ညီပါပေတယ် .... ငွေနှင်းဖြူဆိုတာ ညီမရဲ့ အစ်နာမည်လား .... "

"ဆိုပါတော့ .... "

ထိုစဉ် လူရိပ်တစ်ရိပ်မှာ သစ်ပင်ကြီးတစ်ပင်နောက်ကွယ်မှ ခုန်ထွက်လာသည်ကို တွေ့ကြရသည်။

ထိုသူကိုကြည့်ပြီး တိန့်ထောက် အံ့အားသင့်သွားသည်။ မျက်နှာလည်း ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်သွားသည်။

သစ်ပင်နောက်မှ ခုန်ထွက်လာသူမှာ သွေးရိပ်သခင်မ ဖြစ်နေသောကြောင့်ပင်တည်း။

သွေးရိပ်သခင်မက ငွေနှင်းဖြူကို မျက်စောင်းတစ်ချက် ထိုးကြည့်လိုက်ပြီးမှ တိန့်ထောက်ကို မဒိုးတရိုကြည့်ကာ မနာလိုဝန်တိုသော လေသံမျိုးဖြင့် ပြောသည်။

"မမကဖြင့် မောင်လေးကို လိုက်ရှာလိုက်ရတာကွယ် .... မောင်လေးကတော့ ဒီမှာလာပြီး သူစိမ်းမိန်းကလေးတစ်ယောက်နဲ့ အကြည်ဆိုက် သဘောခွေ့နေတာကိုး .... "

သွေးရိပ်သခင်မက တိန့်ထောက်ထံ ညင်သာစွာ လျှောက်လှမ်းလာရင်း ပြောသည်။

သူမသည် လှပစွာ ခြယ်မှုန်းပြင်ဆင်ထားလေသည်။ သူမအလှနှင့် ငွေနှင်းဖြူတို့၏အလှမှာ အလှချင်း ပြိုင်နေကြ၏။

ငွေနှင်းဖြူက သွေးရိပ်သခင်မကို ငဲ့စောင်း၍ မသိမသာ အကဲခတ်ကြည့်လိုက်သည်။ သွေးရိပ်သခင်မ၏ ခနိုးခနဲ့စကားကိုလည်း ကျေနပ်ပုံမရသဖြင့် မျက်နှာကြီး တည်ထားသည်။

သွေးရိပ်သခင်မက ငွေနှင်းဖြူကို တစ်ချက်ကြည့်လိုက်ပြန်ပြီးမှ တိန့်ထောက်ကိုကြည့်၍ ပြောပြန်သည်။

"မောင်လေးရယ် .... မမကို အခုလို ပစ်ပစ်ပြီး လျှောက်သွားမနေပါနဲ့ကွယ် .... မမအနားမှာ မင်းမရှိရင် မမက နေတတ်တာ



မဟုတ်ဘူး .... အခုလို လိုက်ရှာနေရတော့ မမ မောတာပေါ့ .... မမကို မင်း မသနားတော့ဘူးလား .... "

သွေးရိပ်သခင်မ၏စကားကြောင့် ငွေနှင်းဖြူမှာ တိန့်ထောက်အပေါ် တစ်မျိုးဖြစ်သွားသည်။

တိန့်ထောက်ကလည်း သူ စိတ်ဝင်စားနေသော ငွေနှင်းဖြူ အလှမယ်ကလေးက သူ့ကို တစ်မျိုးတမည် ထင်သွားမည်ကို လွန်စွာ စိုးရိမ်မိသည်။

ငွေနှင်းဖြူ အထင်လွဲအောင် ပြောဆိုသော သွေးရိပ်သခင်မအပေါ်လည်း ပို၍ မျက်မုန်းကျိုးမိသည်။

သူက သွေးရိပ်သခင်မကို မျက်နှာထားတင်းတင်းနှင့် လှမ်းကြည့်လိုက်ပြီး လေသံမာမာဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်တော်နဲ့ ခင်ဗျားနဲ့ ဘယ်လိုပတ်ပတ်သက်သက် ရှိခဲ့လို့လဲ .... ခင်ဗျား စကားပြောတာ သတိထားပြောပါ .... အမျိုးသမီးတစ်ယောက် ဖြစ်လျက်သားနဲ့ ကိုယ့်သိက္ခာ ကိုယ်ငဲ့ဦးမှပေါ့ .... "

သွေးရိပ်သခင်မက ပြုံးလိုက်ပြီး ....

"မောင်လေးက မမကို စိမ်းစိမ်းကားကား ပြောပေမယ့် .... မမကတော့ စိတ်မဆိုးပါဘူး .... ဒါပေမယ့် အသစ်မြင်လို့ အဟောင်းကို မေ့တာတော့ မမ စိတ်မကောင်းဘူးကွယ် .... "

"တော်စမ်းဗျာ .... အရှက်မရှိတိုင်း ခင်ဗျား ပြောမနေနဲ့ .... ခင်ဗျား အရှက်မရှိပေမယ့် ကျုပ်ရဲ့နား ရှက်တယ် .... "

သွေးရိပ်သခင်မက ငွေနှင်းဖြူကို ကြည့်လိုက်ပြီး သတိပေး

သော လေသံမျိုးဖြင့် ပြောသည်။

"သူ့ကို သတိထား ညီမလေး .... သူဟာ သစ္စာရှိတာမဟုတ်ဘူး .... သူဟာ မိန်းမလှလေးတွေကိုမြင်တိုင်း တစ်ယောက်မှ အလွတ်ပေးချင်တာ မဟုတ်ဘူးကွယ် .... "

ငွေနှင်းဖြူ မိမိအပေါ် ရွံရှာမုန်းတီးအောင် ပြောဆိုနေသော သွေးရိပ်သခင်မကို တိန့်ထောက် သည်းမခံနိုင်လောက်အောင် ဖြစ်လာသည်။

သူသည် သွေးရိပ်သခင်မကို တိုက်ခိုက်ရန်ပင် ပြင်လိုက်မိ၏။

ထိုစဉ် ငွေနှင်းဖြူက သွေးရိပ်သခင်မကို စိမ်းစိမ်းကြီးကြည့်ပြီး လေသံပြင်းဖြင့် ပြန်ပြောသည်။

"အစ်ကိုက ရှင့်အပေါ်မှာ သစ္စာမရှိပေမယ့် .... ကျွန်မအပေါ်မှာ သစ္စာရှိမယ်ဆိုရင် ကျွန်မ ကျေနပ်ပါပြီ .... "

ငွေနှင်းဖြူ၏စကားကြောင့် သွေးရိပ်သခင်မသာမက တိန့်ထောက်ပါ အံ့အားသင့်သွားသည်။ သူမသည် သွေးရိပ်သခင်မကို မျက်မုန်းကျိုးပြီး တမင်သက်သက် ရွဲ့၍ပြောလိုက်ကြောင်းလည်း တိန့်ထောက် သိသည်။

သွေးရိပ်သခင်မ၏ မျက်နှာထားက တင်းမာသွားပြီး ဒေါသဖြင့် ငွေနှင်းဖြူကို ငေါက်ဆတ်ဆတ် ပြန်ပြောလိုက်၏။

"ဩော် .... မင်းက ငါ့ရဲ့အချစ်ကို လုတာပေါ့ ဟုတ်လား"

ငွေနှင်းဖြူက မဲ့ပြုံး ပြုံးလိုက်ပြီး ....

"အစ်ကိုဟာ ရှင့်ရဲ့အချစ် .... ရှင်က အစ်ကို့ကို ချစ်နေတယ်



ဆိုတာ မှန်ပေမယ့် အစ်ကိုကတော့ ရှင့်ကို မချစ်ပါဘူး .... ရှင့်ကိုလည်း ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူး .... ရှင်ကသာ မိန်းမတန်မယ် .... "

"ဟင် .... မင်းက ဘာဖြစ်လို့ ခုလိုပြောနိုင်တာလဲ .... "

"ဒါကတော့ .... ကျွန်မကလည်း လူကဲခတ်ကောင်းတဲ့လူပဲ၊ ရှင်နဲ့ အစ်ကိုတို့ အမူအရာ အပြောအဆို ဆက်ဆံပုံတွေကို ကြည့်ပြီး သိတာပေါ့ .... "

တိန့်ထောက်သည် ငွေနှင်းဖြူနှင့် သွေးရိပ်သခင်မတို့ တစ်ယောက်တစ်ပြန် ပြောဆိုနေကြသည်ကို ဘာမှ ဝင်မပြောဘဲ အသာပင် ကြည့်နေလိုက်၏။ ငွေနှင်းဖြူက အခြေအနေမှန်ကို ရိပ်စားမိသဖြင့် ဝမ်းသာနေမိသည်။

ငွေနှင်းဖြူက လှောင်ရယ်ရယ်ပြီး ပြောပြန်သည်။

"ရှင်ဟာ .... မိန်းမကျခြေကိုတောင် မထိန်းသိမ်းနိုင်တဲ့ မိန်းမပဲ .... "

သွေးရိပ်သခင်မက အံကို တင်းတင်းကြိတ်၍ ....

"ဟဲ့ကောင်မ .... နင် သေချင်ပြီနဲ့တူတယ် .... "

ပြောပြောဆိုဆို သူမသည် ငွေနှင်းဖြူကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ တိန့်ထောက်သည် စိုးရိမ်သွားပြီး ငွေနှင်းဖြူကို လှမ်း၍ သတိပေးသည်။

"ညီမ သတိထား .... သူက သွေးလက်ဝါးသိုင်းနဲ့ တိုက်လိမ့်မယ် .... "

တိန့်ထောက် စကားဆုံးသည်နှင့် သွေးရိပ်သခင်မလည်း

လက်နှစ်ဖက်ကို ဝှေ့ယမ်းကာ ငွေနှင်းဖြူထံ ခုန်ပျံသွားလိုက်သည်။

ငွေနှင်းဖြူမှာ ကြောက်စရာကောင်း၍ အင်အားကြီးမား သော သွေးလက်ဝါးရိုက်ချက်ကို ခံနိုင်လိမ့်မည်မဟုတ်ကြောင်း တိန့် ထောက် သိလိုက်သည်။ သူသည် ရုတ်ခြည်း အတွင်းအားကို စုစည်း လိုက်ပြီး ငွေနှင်းဖြူနှင့် သွေးရိပ်သခင်မကြားထဲသို့ ခုန်ဝင်လိုက်၏။

သူ့ခန္ဓာကိုယ်ကို ချာလပတ်လှည့်ပြီး လက်နှစ်ဖက်ကိုလည်း ဝှေ့ယမ်းလိုက်သည်။ သူသည် ငွေနှင်းဖြူနှင့် သွေးရိပ်သခင်မ၏ တိုက် ကွက်ကို ဝင်ရောက်ဖျက်ဆီးလိုက်ခြင်း ဖြစ်၏။

'ဘုံး'ခနဲ 'ဘုံး'ခနဲ လက်ဝါးချင်း ပြင်းထန်စွာ ရိုက်မိသံများ တစ်ပြိုင်နက်လိုလို ပေါ်ထွက်လာပြီးနောက် တိန့်ထောက်မှာ ခြေနှစ် လှမ်း သုံးလှမ်းခန့် နောက်ကို ပြန်ယိုင်ထွက်လာသည်။

သွေးရိပ်သခင်မမှာလည်း ကိုယ်တစ်ပတ်လည်ပြီး နောက်သို့ ယိုင်သွားသည်။

ငွေနှင်းဖြူမှာ မျက်စိမျက်နှာ ပျက်နေသည်။ သူမ၏ မျက်နှာ ပေါ်တွင် ထိတ်လန့်စိုးရွံ့မှုလည်း လွှမ်းမိုးနေသည်။ ယခုမှ သူမသည် သွေးရိပ်သခင်မကို မည်သူမည်ဝါမှန်း သိသွားသောကြောင့် ဖြစ်၏။

သွေးရိပ်သခင်မသည် တိန့်ထောက်ကို စူးစူးရားရားကြည့်ပြီး တင်းမာသော လေသံဖြင့် ပြန်ပြောလိုက်၏။

"တိန့်ထောက် .... မင်းက သူ့ဘက်က ငါ့ကိုတိုက်တယ်ပေါ့

တိန့်ထောက်ကလည်း အေးစက်စက်လေသံဖြင့် ပြန်ပြော သည်။



"သူ့ရဲ့အသက် သေးအန္တရာယ်ကို ကျွန်တော်က ဝင်ပြီး ကာ ကွယ်တာ .... နို့မို့ ခင်ဗျားရဲ့ ရက်စက်လွန်းတဲ့ သွေးလက်ဝါးရိုက်ချက် ကို သူ ခံနိုင်မှာမဟုတ်ဘူး .... "

သွေးရိပ်သခင်မက တောက်တစ်ချက် ခေါက်လိုက်ပြီး ....

"တိန့်ထောက် .... မင်းဟာ ကျေးဇူးတရားကို မသိတတ်တဲ့ ကောင်ပဲ .... အသစ်တွေ့ရင် အဟောင်းလည်း မေ့တတ်တယ် .... "

တိန့်ထောက် ဒေါသဖြစ်သွားပြီး သူ့ခါးမှဓားကို ဆွဲထုတ်လိုက် ကာ သွေးရိပ်သခင်မကို ပြန်အော်ပြောသည်။

"တော်စမ်းဗျာ .... ခင်ဗျားရဲ့ကျေးဇူး ကျုပ်မှာ ဘာမှမရှိဘူး၊ ကျုပ်ကျေးဇူးသာ ခင်ဗျားအပေါ်မှာရှိတာ .... မျက်နှာအေး သီလရှင် ကြီးနဲ့ တွေ့တုန်းက ကျုပ်ကြောင့် ခင်ဗျား အသက်ဘေးက လွတ်သွား တာ မေ့သွားပြီလား .... ဒီကျေးဇူးကိုမှ မထောက်ဘူး .... ကျုပ်ကို လူယုတ်မာတစ်ယောက်ဖြစ်အောင် ခင်ဗျားက လာပြီး အပုပ်ချနေ သေးတယ် .... ခင်ဗျားပါးစပ်က ထပ်ပြီး ပေါက်ကရစကားပြောကြည့်၊ ဒီတစ်ခါတော့ ခင်ဗျားကို ကျုပ် တိုက်ရလိမ့်မယ် .... "

သွေးရိပ်သခင်မသည် တိန့်ထောက်အား နာကျည်းသော အကြည့်မျိုးဖြင့် စူးစူးရားရား ကြည့်နေပြီးမှ ချာခနဲလှည့်ကာ ထွက် သွားလေသည်။ ခဏနှင့် သွေးရိပ်သခင်မသည် ပျောက်သွားသ

ထိုအခါမှ ငွေနှင်းဖြူက မျက်နှာဖြူဖပ်ဖြူရော်ဖြင့် တိန့် ထောက်ကို ကြည့်ကာ မေးသည်။

"သူ .... သူဟာ သွေးရိပ်သခင်မလား .... "

"ဟုတ်တယ် ညီမ .... သူ့ကို ခုမှ ညီမ မြင်ဖူးတာလား"

ငွေနှင်းဖြူက ခေါင်းပြန်ညိတ်ပြသည်။ သူမသည် အစကသာ သွေးရိပ်သခင်မမှန်းသိလျှင် ယခုကဲ့သို့ ပြန်လည်၍ ပြောဆိုရဲလိမ့်မည် မဟုတ်ချေ။ သူမအနေဖြင့် သွေးရိပ်သခင်မကို ယခုမှ မြင်ဖူးသော်လည်း သွေးရိပ်သခင်မ၏ ကြောက်စရာကောင်းသော သွေးလက်ဝါးသိုင်းကွက်အကြောင်းကိုတော့ ကောင်းစွာကြားသိဖူးထားလေသည်။



တိန့်ထောက်က ဓားကို ဓားအိမ်ထဲ ပြန်ထိုးထည့်လိုက်သည်။ ငွေနှင်းဖြူက အသံတုန်တုန်ယင်ယင်ဖြင့် ပြောပြန်သည်။

"တော်ပါသေးရဲ့ .... အစ်ကိုက ကြားဝင်ပြီး သူ့ရိုက်ချက်ကို ပြန်တွန်းလိုက်ပေလို့သာပေါ့ .... နို့မို့ သူ့ရဲ့သွေးလက်ဝါး ရိုက်ချက်ကို ဘယ်လိုမှ ခံနိုင်မှာမဟုတ်ဘူး .... ခုဆို သွေးအန်ပြီး သေနေပြီ .... အစ်ကို့ကို အများကြီး ကျေးဇူးတင်မိပါတယ် .... "

"ကျေးဇူးတင်ဖို့ မလိုပါဘူး ညီမရယ် .... အစ်ကို့ကြောင့် ဖြစ်ရတဲ့ ပြဿနာပဲ .... "

"သွေးရိပ်သခင်မဟာ အသက်ခြောက်ဆယ်ကျော် မိန်းမကြီး တစ်ယောက်လို့ ညီမက ထင်ထားတာ .... ခုလောက် ခပ်ငယ်ငယ်ပဲ ရှိလိမ့်မယ်လို့ မထင်ဘူး .... ဒါကြောင့် သူ့ကို သွေးရိပ်သခင်မလို့ ညီမ မထင်တာပေါ့ .... "

"အခုလည်း သူ့အသက်ဟာ ခြောက်ဆယ်ထက်မနည်း ရှိနေပါပြီ ညီမ .... သူ့ရုပ်ရည်မကျအောင် နုပျိုဆေးကို စားထားလို့ပါ"

"ဟင် .... ဟုတ်လား"

"ဟုတ်ပါတယ် .... အစ်ကိုတောင် ဒီအကြောင်းမှန်ကို သိရတာ မကြာသေးပါဘူး .... "

"သူကတော့ အစ်ကို့အပေါ် စွဲလမ်းနေပုံပဲနော် .... "

"အစ်ကိုကတော့ သူ့ကို လုံးလုံးကြည့်မရဘူး .... သူဟာ ရုပ်ကလေး ချောသလောက် ယုတ်မာကောက်ကျစ်တဲ့ မိန်းမကြီး တစ်ယောက် .... သူဟာ သိုင်းဘီလူးရှစ်ဖော်ထဲက တစ်ယောက်ပဲ လေ .... ဘယ်ကောင်းပါတော့မလဲ .... "

ငွေနှင်းဖြူ သက်ပြင်းကလေးချပြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ကဲ .... ညီမ ငွေနှင်းဖြူ .... အစ်ကို့ကို ခွင့်ပြုပါဦး .... အစ်ကို့မှာ သွားစရာကိစ္စလေး ရှိနေသေးလို့ပါ .... "

"အစ်ကို့ကို ညီမ အကူအညီတစ်ခု တောင်းချင်တယ် .... "

"ဘာအကူအညီလိုလို့လဲ ညီမ .... ပြောပါ .... အစ်ကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးပါ့မယ် .... "

"အစ်ကို လမ်းကြုံမယ်ဆိုရင် .... ကုချင်မြို့နားက အင်းမြောင်ဘုရားကျောင်းပျက်ကြီးမှာ ပစ္စည်းတစ်ခုကို ဝင်ယူပေးစေချင်ပါတယ်၊ ယူပြီးရင် အစ်ကိုသိမ်းထားပါ .... နောက် ညီမနဲ့ တွေ့တော့မှ ပေးပေါ့"

"ဘယ်လိုပစ္စည်းမျိုးလဲ ညီမ .... "

"ကတ္တီပါအိတ်အနီကလေး တစ်လုံးပါ .... အိတ်နီထဲမှာ ဘူးကလေးနှစ်ဘူးလည်း ရှိပါတယ် .... သေတ္တာဘူးကလေး နှစ်ဘူးထဲမှာတော့ ညီမတို့ ဘိုးဘွားများ ပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်းနှစ်မျိုး ရှိပါတယ် .... အိတ်အနီကို အင်းမြောင်ဘုရားကျောင်းမှာ တင်ထားခဲ့ပါတယ်"

တိန့်ထောက်မှာ ငွေနှင်းဖြူ၏ အကူအညီ တောင်းခံမှုကို



သဘောပေါက် နားမလည်သော်လည်း ခက်ခဲစွာ ဆောင်ရွက်ရမည့် ကိစ္စမျိုး မဟုတ်သဖြင့် ဆောင်ရွက်ပေးပါမည်ဟု ကတိပြုလိုက်သည်။

"ညီမထားခဲ့တဲ့ ဒီပစ္စည်းကို ညီမဘာသာ ဘာဖြစ်လို့ သွားမယူသလဲလို့ .... အစ်ကိုကတော့ စဉ်းစားနေမှာပဲ .... "

တိန့်ထောက်ကလည်း ခေါင်းညိတ်ပြီး ....

"ဟုတ်တယ် ညီမ .... ညီမ ထားခဲ့တဲ့ ပစ္စည်းကို ညီမဘာသာ သွားယူတော့ ပိုပြီး စိတ်ချရတာပေါ့ .... အစ်ကို့ကိုဆိုရင် စိတ်ချချင်မှ ချရမှာ .... "

"အစ်ကို့ကို ကျွန်မ ယုံကြည်လို့ အကူအညီတောင်းတာပါ၊ ဒီအိတ်အနီကလေးကို အစ်ကိုယူပြီး သိမ်းထားပါ .... ဒါပေမယ့် ဒီ သေတ္တာဘူးကလေး နှစ်ဘူးကို တခြား ဘယ်သူမှ မမြင်အောင် ဝှက် ထားဖို့တော့ လိုပါတယ် .... ဘာဖြစ်လို့လဲဆိုတော့ ဒီပစ္စည်းကို ညီမ ကိုယ်တိုင် သွားယူရင် နောက်ယောင်ခံပြီး လိုက်လာကြမယ့်သူတွေ ရှိလို့ ညီမ မသွားတာပါ .... "

ထိုအခါ တိန့်ထောက် သဘောပေါက်ပြီး ....

"ကောင်းပါပြီ ညီမ .... ညီမဆန္ဒအတိုင်း ဖြစ်ရပါစေမယ်"

တိန့်ထောက်သည် ငွေနှင်းဖြူနှင့် သူ့အစေအပါးမကလေးကို နှုတ်ဆက်ကာ ခွဲထွက်လာခဲ့တော့သည်။

## အခန်း (၆)

# သေဆုံးနေသော သိုင်းဘီလူး

သေမင်းတမန် ဘီလူးသည် ဝမ်ရဲ့ ရဲတိုက်မှ သိုင်းသမား ငါးယောက်တို့ တိုက်ခိုက်သတ်ဖြတ်ပြီး မန်းစန်းတောင်ပေါ်သို့ပင် ထွက်ပြေးသွားလိမ့်မည်ဟု တိန့်ထောက် တွေးမိသဖြင့် သူသည် မန်းစန်းတောင်ပေါ်သို့ အခြား တောင်တက်လမ်းမှ တက်လာခဲ့သည်။

မကြာမီ ထင်းရှူးပင်များ ထူထပ်စွာ ပေါက်ရောက်နေသော တောအုပ်တစ်အုပ်ဆီသို့ ရောက်လာပြီး အဖြူရောင်ဝတ်စုံဖြင့် လူရိပ်တစ်ရိပ် ဖြတ်ပြေးလာသည်ကိုလည်း တိန့်ထောက် တွေ့လိုက်ရသည်။

သူသည် ကျောက်တုံးကြီးတစ်တုံး နောက်ကွယ်ကို လှစ်ခနဲ ခုန်ဝင်ကာ ပြေးလာသောလူရိပ်ကို ကြည့်လိုက်၏။ ထိုသူသည် လန်းယန်းမြို့ ဆိပ်ကမ်းတွင် ရဲ့ကျိုထိန်ကို တိုက်ခိုက်သုတ်သင်ရန် ကြံစည်သော ရုပ်ဆိုးအဘိုးကြီး ဖြစ်နေကြောင်း တိန့်ထောက် တွေ့ရလေသည်။



ရုပ်ဆိုးအဘိုးကြီးသည် တိန့်ထောက်နှင့် မလှမ်းမကမ်းမှ ပြေးသွားပြီး ထင်းရှူးတောထဲတွင် ပျောက်ကွယ်သွားသည်။

တိန့်ထောက်သည် ရုပ်ဆိုးအဘိုးကြီး၏ ထူးခြားသော အမူအရာကြောင့် ထိုသူ ထွက်ပြေးလာရာဆီသို့ ခပ်သွက်သွက် လျှောက်လာကြည့်ရာ မကြာမီ ထင်းရှူးသော အလယ်မှ မြေကွက်လပ်ကြီးထဲတွင် တည်ဆောက်ထားသော တဲအိမ်ကြီးတစ်လုံးကို တွေ့ရတော့သည်။

တဲအိမ်ကြီးနောက်ဘက်တွင် စားဖိုဆောင်တစ်ဆောင်လည်း တွဲ၍ ရှိနေသည်။

တဲအိမ်ကြီးတံခါးမှာ စေ့ထားပြီး တဲအိမ်ကြီးထဲတွင်လည်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ရုပ်ဆိုးအဘိုးကြီးမှာ ဤတဲမှ ထွက်သွားခြင်း ဖြစ်ပေလိမ့်မည်။

တဲအိမ်ကြီးထဲတွင် ထူးခြားမှုတစ်ခုခု ရှိရပေလိမ့်မည်။

တိန့်ထောက်သည် စေ့ထားသော အိမ်တံခါးကို ဖွင့်လိုက်ပြီး အပြင်ဘက်မှ အထဲကိုကြည့်လိုက်ရာ လူရိပ်လူခြည်ကို မမြင်ရချေ။

"အိမ်ထဲမှာ ဘယ်သူရှိသလဲ ...."

သူက အသံပေးလိုက်သော်လည်း တုံ့ပြန်ထူးသံကိုလည်း မကြားရချေ။ သူသည် အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

ဧည့်ခန်းဆောင်ထဲရှိ စားပွဲတစ်လုံးတွင် လူနှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်လျက် ရှိနေကြသည်။

စားပွဲပေါ်တွင်မူ စားကောင်းသောက်ဖွယ်များနှင့် အရက်အိုး တစ်အိုး ရှိနေသည်။

ထိုင်နေသူနှစ်ဦးအနက် တစ်ဦးမှာ အရပ်အနည်းငယ်ပု၍ တစ်ဦးက အရပ်ရှည်သူ ဖြစ်၏။ အရပ်ရှည်သူ၏ လက်ထဲတွင် အရက် ခွက်တစ်ခွက်ကို ကိုင်ထားပြီး သူသည် ထိုင်လျက်နှင့် ခေါင်းငိုက်စိုက် ကျနေသည်။ အရပ်ပုသည့်လူကမူ ကုလားထိုင်နောက်မှီတွင် ခေါင်းကြီး လန်နေသည်။ သူတို့နှစ်ဦးစလုံး၏ ဟန်ပန်က အရက်အလွန်အကျွံ မူးနေပုံမျိုး ဖြစ်၏။

"အဟမ်း .... အဟမ်း .... "

တိန့်ထောက်က ခပ်ကျယ်ကျယ် ချောင်းဟန့်သံ ပေးလိုက် သော်လည်း ထိုသူနှစ်ယောက်စလုံး လှုပ်ရှားမလာကြချေ။ တိန့် ထောက် ရှေ့ကိုတိုးပြီး စားပွဲအနီးကို လာကြည့်တော့မှ ထိတ်ခနဲ ဖြစ် သွားရသည်။

ထိုသူနှစ်ယောက်စလုံး၏ ဝမ်းဗိုက်တွင် သွေးများ ယိုစီးထွက် နေပြီး နှစ်ဦးစလုံး သေဆုံးနေပြီဖြစ်ကြောင်း သိရသောကြောင့် ဖြစ်၏။

စားပွဲပေါ်တွင်မူ တူသုံးစုံနှင့် သောက်လက်စ အရက်တစ်ခွက် ကိုပါတွေ့ရသည်။ စောစောက တွေ့လိုက်ရသော ရုပ်ဆိုးအဘိုးကြီး လည်း ဤစားပွဲတွင် ထိုင်သွားကြောင်း တိန့်ထောက် တွေးမိသည်။



ရုပ်ဆိုးအဘိုးကြီးသည် ဤလူနှစ်ယောက်ကို စားသောက်နေ ရင်းမှ သတ်ကာ ထွက်ခွာသွားခြင်း ဖြစ်ပေလိမ့်မည်။ သေဆုံးသူ နှစ်ဦး စလုံးမှာ ရုန်းကန်လှုပ်ရှားခြင်းမရှိဘဲ ညင်သာစွာ သေဆုံးသွားပုံရ၏။

သေဆုံးနေသူ နှစ်ဦးမှာ မည်သူတွေ ဖြစ်လေသနည်း။

ရုပ်ဆိုးအဘိုးကြီးသည် အဘယ့်ကြောင့် ဤလူနှစ်ယောက် ကို သတ်ဖြတ်သွားလေသနည်း။

တိန့်ထောက်က ရှေ့ကိုတိုးသွားပြီး ခပ်ပိန်ပိန်လူ၏ အလောင်း ကို ကိုင်ကြည့်ရန် လက်ရွယ်လိုက်သည်။

"တိန့်ထောက် .... သူတို့ကို သွားမကိုင်နဲ့ .... "

တိန့်ထောက်နောက်ဘက်မှ အော်ဟစ်သတိပေးသံ ရုတ် တရက် ပေါ်လာသည်။ သူသည် ထိတ်ခနဲဖြစ်သွားပြီး နောက်ကို ခုန် ဆုတ်လိုက်သည်။ အသံလာရာကိုလည်း လှည့်ကြည့်မိလေသည်။

အိမ်အပြင်ဘက်မှ အဘိုးကြီးတစ်ယောက် ဝင်လာသည်။ အဘိုးကြီး ဟိုအိလောက်ပင် ဖြစ်လေသည်။

တိန့်ထောက် အံ့သြသွားပြီး ....

"ဟင် ဘကြီးဟို .... ဘယ့်နှယ် ဒီကိုရောက်လာတာလဲ"

အဘိုးကြီး ဟိုအိလောက်က ခုံပေါ်တွင် ခေါင်းငိုက်စို သေဆုံးနေသော အရုပ်ရှည်ရှည်အလောင်းကို လက်ညှိုးထိုးပြပြီး တိ ထောက်ကို ပြန်မေးသည်။

"သူနောက်ကို ကျုပ် နောက်ယောင်ခံလိုက်လာရင်း .... ဒီကို ရောက်လာတာပဲ မောင်ရင် .... မောင်ရင်ကကော ဒီကို ဘယ်လို ရောက်လာရတာလဲ .... "

"ဒီတဲအိမ်ကြီးဘက်က .... မသင်္ကာစရာ လူတစ်ယော ထွက်ပြေးလာတာတွေ့လို့ ကျွန်တော်လည်း ဝင်ကြည့်တာပါ .... အလောင်းနှစ်လောင်းကို ခုပုံစံအတိုင်း မြင်ရတော့တာပဲ .... ဒါနဲ့ ဟို အရုပ်ရှည်ရှည်နဲ့ သေဆုံးနေတဲ့လူက ဘယ်သူလဲ .... ဘာဖြစ်လို့ ဘကြီး ဟိုက နောက်ယောင်ခံ လိုက်လာရတာလဲ .... "

"သူက သိုင်းလောကမှာ နာမည်ကြီးနေတဲ့ သိုင်းဘီလူးရဲ ဖော်ထဲက သေမင်းတမန်ဘီလူးပေါ့ .... "

"ဗျာ .... "

တိန့်ထောက်တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ အံ့သြတကြီး လည်း ဖြစ်သွားမိသည်။ သူက မချင့်မရဲဖြင့် ပြန်ပြောလေသည်။

"ကျွန်တော်လည်း သေမင်းတမန်ဘီလူးကို လိုက်ရှာနေတာ သူ့နာမည်ကို ကြားဖူးပြီး လူကို မမြင်ဘူးလို့ မသိတာ .... ဒီကို ရော မလာခင် သူဟာ ဝမ်ရဲ့ရဲတိုက်က လူငါးယောက်ကို တိုက်ခိုက်သ ဖြတ်သွားသေးတယ် .... "



အဘိုးကြီး ဟိုအိလောက်က မျက်မှောင်ကြုတ်သွားပြီး .

"မောင်ရင်ကလည်း သေမင်းတမန်ဘီလူးကို လိုက်ရှာနေ ဟုတ်လား .... သူနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ .... "

"သူ့ဆီမှာ ကျွန်တော့်အတွက် အရေးကြီးတဲ့အချက်တွေက မေးမြန်းချင်လို့ပါ .... "

"ဩော် .... "

"ဘကြီးဟိုကလည်း သေမင်းတမန်ဘီလူးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ .... "

"သူ့နောက်ကို နောက်ယောင်ခံလိုက်ကြည့်ရင်း ကျုပ်တွေ့ချင်တဲ့ တိမ်နဂါးကျောက်ယွင်စိမ်းကို တွေ့ရမလားလို့ပါ .... သူတို့နှစ်ယောက်ဟာ ဆက်ဆံမှုရှိတယ်လို့ ကျုပ် သတင်းကြားထားရတယ်လေ .... "

တိန့်ထောက်ကိုယ်တိုင်လည်း တိမ်နဂါး ကျောက်ယွင်စိမ်းကို အလွန်အမင်း တွေ့ချင်နေသည်။ သူ မိဘတို့မိသားစု၏ အိမ်ဂေဟာကို ဝင်ရောက်တိုက်ခိုက်သတ်ဖြတ်ကြသော သိုင်းသမားရုစ်ဦးအဖွဲ့တွင် တိမ်နဂါး ကျောက်ယွင်စိမ်းမှာ အဓိကခေါင်းဆောင် ဖြစ်လိမ့်မည်ဟု တိန့်ထောက် ယူဆထားသောကြောင့် ဖြစ်၏။

တိမ်နဂါးကျောက်ယွင်စိမ်းကို ဝမ်ရဲ့ ရဲတိုက်က ခိုလှုံခွင့်ပေးထားသည်ဟု သတင်းရထားသည်။ တိမ်နဂါး ကျောက်ယွင်စိမ်းနှင့် သေမင်းတမန်ဘီလူးမှာ အဆက်အသွယ် ရှိခဲ့သူဖြစ်၏။

ထိုသို့ဆိုလျှင် သေမင်းတမန်ဘီလူးသည် ဝမ်ရဲ့ရဲတိုက်မှ သိုင်း

ား ငါးယောက်ကို အဘယ်ကြောင့် သတ်ဖြတ်သွားလေသနည်း
ိုးအဘိုးကြီးကလည်း သေမင်းတမန်ဘီလူးကို အဘယ်ကြော
တ်ဖြတ်သွားလေသနည်း။

၆ ဤသည်တို့ကို ထောက်ချင့်၍ ချိုပွင့်ဂေဟာနှင့် ဝမ်ရဲ့ရဲတိုက်
ိသည် တစ်ဘက်နှင့်တစ်ဘက် ချေမှုန်းရန် အကြံအစည်များ ရှိနေ
ကြကြောင်း သိသာနိုင်လေသည်။



ဟိုအီလောက်က သူ့အိတ်ထဲမှ ပုလဲလုံးကဲ့သို့ ဖြူဖြူအလုံးကလေးတစ်လုံးကို ထုတ်ယူလိုက်ပြီး စားပွဲပေါ်မှ စားသောက်ဖွယ်ရာများထဲသို့ တစ်ခုပြီးတစ်ခု နစ်မြှုပ်စမ်းသပ်ကြည့်သည်။

ဖြူဖြူအလုံးကလေးမှာ အရောင်အဆင်းလည်း မပျက်၊ ပျော်ဝင်သွားခြင်းလည်း မရှိချေ။

"အစားအသောက်တွေထဲမှာတော့ အဆိပ်ခတ်မထားဘူးမောင်ရင် .... ကျုပ်လည်း ဗိုက်ဆာလှပြီ .... ဒီအစားအသောက်တွေကို နောက်ဖေးဆောင်ထဲရွှေ့ပြီး ကျုပ်တို့တစ်တွေ စားသောက်ရင်းစကားပြောကြတာပေါ့ .... "

တိန့်ထောက်နှင့် ဟိုအီလောက်တို့သည် စားသောက်ဖွယ်ရာများကို နောက်ဖေးဆောင်ထဲတွင်ရှိသော စားပွဲသို့ ရွှေ့ပြောင်းသယ်ယူလိုက်ကြပြီးနောက် အေးအေးလူလူထိုင်၍ စားသောက်သည်။ တစ်ဦးနှင့်တစ်ဦး အတန်ကြာသည်အထိ စကားမဆိုနိုင်ကြချေ။

တိန့်ထောက်ကလည်း သူ့အတွေးနှင့်သူ ငြိမ်နေသည်။

ယခု သေမင်းတမန်ဘီလူး သေဆုံးသွားပြီဖြစ်၍ မိမိတို့ တိန့်

အိမ်ဂေဟာ မိသားစုကို တိုက်ခိုက်သတ်ဖြတ်သွားသူများထဲတွင် ကျောက်ယွှင်စိမ်း၊ သံတောင်ပံငှက် သိုင်းသမားနှင့် အသည်းမည်း သိုင်းသမားတို့သာ ကျန်နေကြတော့၏။ နောက်တစ်ဦး ကျန်သေးသော်လည်း ထိုသူ၏ အမည်နာမကို မသိပါချေ။

ဝါးရုံတောဘိုးဘိုး၏ ပြောပြချက်အရ ထိုသူ၏ ရင်ဘတ်တွင် ဆေးမင်ကြောင် ထိုးထားသော နဂါးရုပ်တစ်ရုပ် ရှိသည်ဟုသာ သိရ၏။

ထိုသူများကို စေခိုင်းလိုက်သူမှာ ချီယွှင်ဂေဟာသခင်ကြီး နတ်နဂါး ချူပွားဟီပင် ဖြစ်သည်ဟုလည်း ပြောပြသည်။ ပထမတော့ တိန့်ထောက်သည် ထိုကဲ့သို့ပင် ထင်မြင်ခဲ့သည်။

သို့သော် သူကိုယ်တိုင် ချီယွှင်ဂေဟာတွင် သွားရောက်ပြီး ခည့်သည်အဖြစ်နှင့် နေထိုင်စဉ်အတွင်း ဂေဟာသခင်ကြီး ချူပွားဟီကို လေ့လာအကဲခတ်ကြည့်ခဲ့သည်။ အနီးကပ် ပေါင်းကြည့်သည်၊ ဂေဟာသခင်ကြီး ချူပွားဟီမှာ ရက်စက်ယုတ်မာသော အသွင်မျိုး မရှိပါချေ။

ထွက်ပြေးတိမ်းရှောင်သွားသော တိမ်နဂါးကျောက်ယွှင်စိမ်းသည် သိုင်းသမားအချို့ကို စုစည်းကာ ချီယွှင်ဂေဟာသခင်ကြီး ချူပွားဟီ၏နာမည်ကို အလွဲသုံးစားလုပ်၍ မိမိတို့ မိသားစုကို တိုက်ခိုက်လုပ်ကြံသွားလေသလော။

ဟိုအိလောက်၏ မေးမြန်းသံ ပေါ်ထွက်လာသည်။

"သေမင်းတမန် ဘီလူးတို့ကို လုပ်ကြံသွားတဲ့ ရုပ်ဆိုးအဘိုးကြီးက ဘယ်သူလဲဆိုတာကော မောင်ရင် သိသလား ...."



တိန့်ထောက်က ခေါင်းကို ခါယမ်းလိုက်ပြီး ....

"မသိပါဘူး ဘကြီးဟို .... စုံစမ်းတော့ ကြည့်ရမှာပဲ .... "

"အားလုံးသိ သိုင်းသမား ချွမ်းကြည်ကိုမေးရင် သိမှာပေါ့"

"ဟာ ဟုတ်သားပဲ ဘကြီးဟို .... အားလုံးသိ ချွမ်းကြည်ဟာ သိုင်းလောကရဲ့ သတင်းတွေကို အားလုံးလိုလို သူ သိနေတာပဲ .... သူ့ကိုပဲ ကျွန်တော် မေးမြန်းကြည့်ရမယ် .... "

ထိုညတွင် သူတို့နှစ်ဦးသည် တဲအိမ်ကြီးထဲတွင် အိပ်စက်အနားယူလိုက်ကြသည်။

နောက်တစ်နေ့တွင် တိန့်ထောက်နှင့် ဟိုအိလောက်တို့သည် လမ်းခွဲလိုက်ကြပြီး ခရီးဆက်ကြလေသည်။

## အခန်း (၇)
## အပေ့ရန်ကြေး

တိန့်ထောက်သည် အရှေ့ဘက်လမ်းမကြီးအတိုင်း လာခဲ့ရာ ကျုံးစန်းတောင်ကုန်းဒေသသို့ ရောက်လာခဲ့လေသည်။

၎င်းကျုံးစန်းတောင်ပေါ်ဒေသတွင် ယခင်က သူ၏ အိမ် ဂေဟာ ရှိခဲ့ကြောင်း ဝါးရုံတောဘိုးဘိုးက ပြောပြထားသည်။ ရန်သူ များ တိုက်ခိုက်မီးရှို့ခဲ့သဖြင့် ပြာပုံသာ ရှိတော့သည်ဟုလည်း သိရ၏။

မိမိတို့၏ အိမ်ဂေဟာမှာ ပြာပုံသာ ရှိတော့မည်မှန်း သိသော် လည်း တိန့်ထောက်သည် ဤနေရာသို့ ရောက်တုန်းရောက်ခိုက် မိမိ ၏ မိဘနှစ်ပါး နေထိုင်ခဲ့သော တိန့်ဂေဟာကို ကြည့်ရှုလိုစိတ် ဖြစ်မိ၏။

ထို့ကြောင့် သူသည် ကျုံးစန်းတောင်ပေါ်သို့ တက်လာခဲ့ သည်။

မကြာမီ တောင်ကုန်းပေါ်တွင် တဲအိမ်စုစုများကို တွေ့ရ သည်။ မိမိတို့ တိန့်ဂေဟာနေရာကို သိနိုင်ရန် တိန့်ထောက်သည် အိမ်စုများဆီသို့ ဝင်၍ ဦးစွာမေးမြန်းရသည်။



အဘိုးအိုကြီးတစ်ယောက်က လွန်ခဲ့သော ဆယ့်ခြောက်နှစ် ခန့်က တိန့်ဂေဟာ၏ အဖြစ်ဆိုးကို ပြောပြပြီး တောင်ပေါ်ရှိ တိန့် ဂေဟာ ရှိခဲ့သော နေရာကိုလည်း လမ်းညွှန်လိုက်သည်။

လမ်းညွှန်ချက်အတိုင်း လာခဲ့ရာ အတန်ကြာသောအခါ ထင်း ရှူးတောအုပ်ကြီးရှေ့တွင် ကျယ်ဝန်းလှသော မြေကွက်လပ်ကြီးကို တွေ့ရသည်။ မြေကွက်လပ်ကြီးမှာ မြက်ရိုင်းပင်များ ဖုံးအုပ်နေပြီး မြက် ရိုင်းပင်များ မီးလောင်ထားသော အိမ်နံရံ အကျိုးအပဲ့များကို တိန့် ထောက် တွေ့ရသည်။

တစ်ချိန်က ဤနေရာတွင် မိမိ၏ မိဘနှစ်ပါးတို့မှာ ပျော်ရွှင် ချမ်းမြေ့စွာ နေထိုင်ခဲ့ကြပုံ၊ ဆိုးသွမ်းယုတ်မာသော လူမသမာများက မိမိတို့အိမ်ဂေဟာကို လာတိုက်ပုံ၊ မီးလောင်နေသည့် အိမ်ဂေဟာအနီး တွင် မိခင်ကြီးမှာ မိမိကို ရင်ခွင်ပိုက်ကာ ငိုယို၍ ပြေးလွှားနေပုံတို့ကို တိန့်ထောက်၏ စိတ်အာရုံထဲတွင် မြင်ယောင်လာသည်။

သူသည် ကြေကွဲဆို့နင့်စွာ ခံစားလာရပြီး ပါးပြင်ပေါ်သို့ မျက် ရည်များလည်း စီးကျလာမိသည်။ မျက်ရည်တို့ဖြင့် သူ့မျက်လုံးအစုံမှာ ဝေဝါးနေသည်။

ထိုစဉ် ဝေဝါးနေသော မျက်လုံးအစုံက လူတစ်ယောက် လာ နေသည်ကို မြင်ရသည်။ ထိုလူသည် မြက်ရိုင်းပင်များကို ကျော်နင်း၍ လာနေသည်။

ထိုသူမှာ အသက်ငါးဆယ်အရွယ် အဘိုးကြီးတစ်ယောက် ဖြစ်ပြီး တိန့်ထောက်နှင့် ဆယ်ပေခန့်အရောက်တွင် ရပ်တန့်သွားသည်။

အဘိုးကြီးက တိန့်ထောက်ကို စူးစူးရှားရှား ကြည့်လိုက်ပြီး ....

"ဒီမှာ သူငယ် .... မင်းက ဘယ်သူလဲ .... "

တိန့်ထောက်က ထိုလူကြီး၏ တည်ကြည်ခန့်ညားသော ရုပ်သွင်ကို လေးစားသွားသဖြင့် လက်ဖမိုးနှစ်ဖက်ယှက်၍ ပြန်ပြောလိုက်၏

"ကျွန်တော်ဟာ တိန့်ဂေဟာ သခင်ကြီးကို လာရှာတာပါ ခင်ဗျာ .... ဒီရောက်တော့ ခုလိုအခြေအနေမျိုးကို တွေ့ရတော့တာပါပဲ .... "

အဘိုးကြီးက မျက်မှောင်ကြုတ်သွားပြီး ....

"မောင်ရင် .... တိန့်ဂေဟာသခင်ကြီးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ .... "

တိန့်ထောက်သည် အဘိုးကြီးကို မည်သို့သော လူစားမျိုးဖြစ်ကြောင်း မသိသဖြင့် အမှန်အတိုင်း မပြောရဲချေ။

"ဘယ်လိုမှ ပတ်သက်လို့တော့ မဟုတ်ပါဘူး .... ကျွန်တော် ဆရာသခင်ရဲ့ စေခိုင်းချက်နဲ့ လာခဲ့တာပါ .... ဆရာကြီးကကော ဘယ်သူပါလဲ .... "

အဘိုးကြီးက တိန့်ထောက်ကို စူးစူးရှားရှား အကဲခတ်ကြည့်ပြီးမှ မဲ့ပြုံး ပြုံးလိုက်ပြီး ....

"မဟုတ်သေးပါဘူး .... မင်းကို ကြည့်ရတာ တိန့်ရောင်ရှမ်းရဲ့ တပည့်သားချင်း တစ်ယောက်ပဲ ဖြစ်ရမယ် .... ငါ့ကို မှန်မှန်ပြောစမ်း .... "

အဘိုးကြီးမှာ မိမိ၏ဖခင် တိန့်ရောင်ရှမ်းနှင့် ပတ်သက်နိုင်



သူဖြစ်ကြောင်း တိန့်ထောက် တွေးမိသည်။ အဘိုးကြီးထံမှ ထပ်မံပြောဆိုသံ ပေါ်လာပြန်သည်။

"ပြောစမ်း .... မင်းရဲ့ဆရာ တိန့်ရောင်ရှမ်းက မင်းကို ဒီလွှတ်ပြီး ဘာလုပ်ခိုင်းတာလဲ .... အခု တိန့်ရောင်ရှမ်း ဘယ်မှာလဲ .... "

အဘိုးကြီး၏ မေးမြန်းချက်ကြောင့် တိန့်ထောက် အံ့အားသင့်သွားရ၏။

ထိုအဘိုးကြီး၏ လေသံဟန်ပန်က မိမိ၏ဖခင် သေဆုံးသွားသည်ကို သိပုံမရချေ။ သူသည် ဖခင်ဖြစ်သူကို ယခုမှ လာရောက်ရှာဖွေပုံရသည်။

တိန့်ထောက်သည် .... အဘိုးကြီးနာမည် မည်သူမည်ဝါ ဖြစ်ကြောင်း သိနိုင်ရန် သူ၏မေးခွန်းကို ပြန်မဖြေတော့ဘဲ အဘိုးကြီး လာရင်းအကြောင်းကို သိနိုင်ရန်သာ ပြန်ပြောလိုက်သည်။

"ဆရာကြီး .... တိန့်ဂေဟာသခင်ကြီးကို ဘာဖြစ်လို့ တွေ့ချင်တယ်ဆိုတာ အရင်ပြောပြပါဦး .... "

"မပြောနိုင်ဘူး ဆိုရင်ကောကွာ .... "

"ဆရာကြီးက မပြောနိုင်ဘူးဆိုရင် ကျွန်တော်ကလည်း ဆရာကြီးမေးတာကို ဘာမှပြန်မပြောနိုင်ပါဘူး .... "

တိန့်ထောက်က အေးစက်စက်လေသံဖြင့် ပြန်ပြောလိုက်ရာ အဘိုးကြီးသည် တွေဝေသွားပြီးမှ ခေါင်းညိတ်၍ ....

"ကောင်းပြီလေ .... ကျုပ် လာရင်းအကြောင်းကို ပြောပြပါ့မယ် .... ကျုပ်ပြောပြီးရင်တော့ တိန့်ရောင်ရှမ်း ဘယ်မှာရှိတယ်ဆိုတာကို မင်းပြောရလိမ့်မယ်နော် .... "

"ဟုတ်ကဲ့ .... "

"တိန့်ရောင်ရှမ်းကိုတွေ့ဖို့ ကျုပ်လာခဲ့တာ .... သူနဲ့ ကြွေးစာရင်းတစ်ခုကို ရှင်းဖို့ပဲ .... "



"ဗျာ .... ဘာကြွေးစာရင်းလဲ .... "

"ငါ ပြောပြမယ် .... ငါပြောပြတဲ့အတိုင်း မင်းက တိန့်ရောင်ရှမ်းကို ပြန်ပြောလိုက်ပါ .... "

"ကောင်းပါပြီ .... "

"ကျုပ်နာမည်က စီးကူချိန်းလို့ ခေါ်တယ် .... တစ်ချိန်က ကျုပ်မှာ အမျိုးသမီးမိတ်ဆွေတစ်ယောက် ရှိခဲ့တယ် .... ကျုပ်နဲ့ သိပ်ပြီး ခင်မင်ရင်းနှီးတဲ့ အမျိုးသမီးပေါ့ .... သူ့နာမည်က စုချင်းချင်းတဲ့"

တိန့်ထောက်သည် စုချင်းချင်းဟူသော နာမည်ကိုကြားလျှင် ဝါးရုံတောဘိုးဘိုး ပြောပြသော မိဘနှစ်ပါး၏ အချစ်ဇာတ်လမ်းကို သွားပြီး သတိရမိသည်။ စုချင်းချင်းမှာ ဖခင်ဖြစ်သူကို တစ်ဖက်သတ် ချစ်ကြိုက်နေသော အမျိုးသမီးဖြစ်ပြီး ဖခင်ဖြစ်သူက စုချင်းချင်းကို အိမ်ထောင်ဘက်အဖြစ် မရွေးချယ်ဘဲ မိခင်ကိုသာ ရွေးချယ်လိုက်သော အခါ စုချင်းချင်းသည် ဖခင်ကို စိတ်နာကာ သီလရှင်ဝတ်သွားသည်။

စုချင်းချင်းနှင့် မိမိရှေ့ကို ရောက်နေသော အဘိုးကြီး စီးကူချိန်းမှာ မိတ်ဆွေဖြစ်နေသဖြင့် ယခု ဖခင်ကို လာရှာခြင်းမှာ ဤရန်ငြိုးကြောင့်ပင် ဖြစ်လိမ့်မည်ဟု တိန့်ထောက် တွေးမိသည်။

အဘိုးကြီး စီးကူချိန်းက ဆက်ပြောသည်။

"စုချင်းချင်းဟာ .... တိန့်ရောင်ရှမ်းအပေါ် စွဲစွဲမြဲမြဲ နှစ်နှစ်ကာကာ ချစ်မြတ်နိုးခဲ့တဲ့သူတစ်ယောက် .... သူ့ကိုပဲ တိန့်ရောင်ရှမ်းက လက်ထပ်လိမ့်မယ်လို့ အမျှော်လင့်ကြီး မျှော်လင့်ခဲ့တယ် .... အဲနောက်တော့ တိန့်ရောင်ရှမ်းက တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်

သွားတယ် .... ကျုပ်မိတ်ဆွေ ရှုချင်းချင်းဟာ အသည်းကွဲမတတ် ခံစားခဲ့ရတယ် .... လူ့လောကကြီးကို စိတ်နာပြီး သီလရှင်ဝတ်သွားတယ် .... "

တိန့်ထောက်က ဖြတ်ပြီး ပြောသည်။

"ဒါကလည်း ကျွန်တော်သိသလောက်တော့ .... ရှုချင်းချင်းကသာ တိန့်ဂေဟာသခင်ကြီးကို တစ်ဖက်သတ် ကြိုက်နေတာပဲ .... တိန့်ဂေဟာ သခင်ကြီးက သစ္စာဖောက်သွားတာမျိုးမှ မဟုတ်ဘဲ"

"ဟုတ်တယ် .... ဒါပေမယ့် ဒီတုန်းက ကျုပ်ဟာ စိတ်မြန်တဲ့ လူရွယ်တစ်ယောက်ဆိုတော့ ကြားက မခံချင်စိတ်နဲ့ တိန့်ရောင်ရှမ်းကို ယှဉ်ပြိုင်တိုက်ခိုက်ဖို့ စိန်ခေါ်ချိန်းဆိုခဲ့တယ် .... တိန့်ရောင်ရှမ်းကလည်း လာတွေ့တာပါပဲ .... ကျုပ်တို့နှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြတယ် .... သိုင်းကွက် သုံးဆယ်အရောက်မှာ ကျုပ် ရှုံးသွားတယ် .... သူက ကျုပ်ကို အသက်အန္တရာယ်မပြုဘဲ ခပ်ပြုံးပြုံးပဲ ပြောတယ် .... ကျေနပ်ရဲ့လားတဲ့ .... မကျေနပ်သေးဘူးဆိုရင် နောက်ဆယ်နှစ်ကြာတဲ့အခါမှာ သူနဲ့ ယှဉ်ပြိုင်ဖို့ လာခဲ့ပါဦးတဲ့ .... ကျုပ်လည်း သိုင်းပညာကို ထပ်ပြီးတော့ လေ့ကျင့်ခဲ့သေးတယ် .... ဒါပေမယ့် ဆယ်နှစ်ပြည့်တော့လည်း သူ့ဆီကို မလာနိုင်ခဲ့ဘူး .... ကျုပ်ဟာ အန္တရာယ်နဲ့ ကြုံတွေ့နေရလို့ လေးငါးခြောက်နှစ် ထပ်ကြာသွားတယ် .... အခုတော့ သူနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ကျုပ် လာခဲ့တာပါပဲ .... ဒါပေမယ့် ဒီမှာ သူ မရှိတော့ဘူး .... အိမ်ဂေဟာတောင် မရှိတော့ဘူး .... ပြောစမ်းပါ .... သူ ဘယ်ကိုပြောင်းသွားလဲ .... သူနဲ့ ကျုပ် တွေ့ရလိမ့်မယ်"



တိန့်ထောက် ခေါင်းကို ခါယမ်းလိုက်ပြီး ....

"ကျွန်တော် ပြောမပြနိုင်ပါဘူး ဆရာကြီး .... "

"ဘာ .... ဘယ်လို .... ခုနကတော့ .... "

"ဆရာကြီး မကျေနပ်ဘူးဆိုရင်တော့ .... သခင်ကြီး တိန့်ရောင်ရှမ်းကို ရှာမနေပါနဲ့ .... ကျွန်တော်နဲ့ပဲ ယှဉ်ပြိုင်ကြည့်ပါဦး .... ကျွန်တော့်ကို မနိုင်ဘဲနဲ့ သူ့ကို ပြိုင်လို့တော့ အလကားပဲ .... "

"မင်းက သူ့ရဲ့တပည့်မို့လား .... "

"ဟုတ်တယ်ပဲ ဆိုပါတော့ ဆရာကြီး .... "

အဘိုးကြီး စီးကူချိန်းက လှောင်ရယ်ရယ်လိုက်ပြီး ....

"ဟား ဟား ဟား ဟား .... သိုင်းလောကကို ခုမှ ခြေချကာစ ကောင်လေးကများ .... ကျုပ်လို အတွေ့အကြုံရင့်ကျက်တဲ့ သိုင်းသမားကြီးတစ်ယောက်ကို ယှဉ်ပြိုင်မလို့လား .... မင်း သေသွားမှာပေါ့ .... ဒီမှာသူငယ် မင်းရဲ့ဆရာ ဘယ်မှာရှိတယ်ဆိုတာပဲ ကျုပ်ကို ပြောပြပါ .... "

"မပြောနိုင်ဘူး .... ဒီကြွေးစာရင်းကို ဆရာသမားရဲ့ကိုယ်စား ကျွန်တော်ပဲ ရှင်းပါရစေ .... တစ်ခုတော့ ရှိတယ်၊ အခု ယှဉ်ပြိုင်ပွဲမှာ ကျွန်တော်နိုင်ရင် ဒီကိစ္စ ဒီတင်ပဲပြီးပြီလို့ ဆရာကြီး စိတ်ပိုင်းဖြတ်ရလိမ့်မယ် .... "

"ဟား ဟား ဟား ဟား .... ကောင်းပါပြီကွာ .... ကောင်းပါပြီ .... ကဲကွာ .... မင်း ရှုံးပြီဆိုရင်ကော .... "

"ကျွန်တော်ရှုံးရင် ကျွန်တော့်ဆရာသမား ဘယ်မှာရှိတယ် ဆိုတာ ပြောပြပါ့မယ် .... "

"ကောင်းပြီ .... ဒါဖြင့် ဓားထုတ်တော့ .... "

စီးကူချိန်းက ပြောပြောဆိုဆို သူ့ဓားကို ဆွဲထုတ်လိုက်သည်။

သူက တိန့်ထောက်ကို ဓားကွက်သုံးလေးကွက်နှင့် လွယ်လွယ်ကူကူ အနိုင်ရလိမ့်မည်ဟု တထစ်ချ ယူဆထားလေသည်။



တိန့်ထောက်ကလည်း ဓားကို ဆွဲထုတ်လိုက်ပြီး ....

"ကျွန်တော်တို့ သတ်မှတ်ချက်တော့ လုပ်မှဖြစ်မယ် .... "

"ဆိုပါဦးကွ .... ဘယ်လိုသတ်မှတ်ချက်လဲ .... "

"ကျွန်တော်နဲ့ ဆရာကြီးနဲ့ ဓားကွက်ဆယ်ကွက်ထဲပဲ ယှဉ်ပြိုင်တိုက်ခိုက်မယ် .... ဆယ်ကွက်နဲ့ အရှုံးအနိုင်ပေါ်ရင် ဒီကိစ္စ ပြီးပြတ်ပြီ၊ ဆရာကြီး ကျေနပ်ရဲ့လား .... "

"ဟား .... ဟား .... ဟား .... ကျေနပ်ပါတယ်ကွာ .... ကဲ စကြစို့ .... "

တိန့်ထောက်နှင့် စီးကူချိန်းတို့နှစ်ယောက်စလုံး တစ်ပြိုင်တည်း လှုပ်ရှားလိုက်ကြသည်။ သူတို့နှစ်ယောက်၏ ခန္ဓာကိုယ်က အရိပ်သဖွယ် လှုပ်ရှားသွားပြီး ဓားရောင်တွေက ဝင်းခနဲ လက်ခနဲ ဖြစ်သွားသည်။

"ထန်း .... ထန်း .... ထန်း .... "

"ချွမ်း .... ထန်း ချွမ်း .... "

"ဝှစ် .... ဝှစ် .... ဒိုး .... "

"ဟိတ် ယား ...."

ဓားကွက် ခုနစ်ကွက်တိတိသို့ အရောက်တွင် စီးကူချိန်း အောင်ဟစ်မာန်သွင်းကာ တိန့်ထောက်၏ဓားကို သူ့ဓားနှင့် ပက်ထုတ်သည်။

"ထန်း ...."

ဓားချင်းထိသံ ပြင်းထန်စွာ ပေါ်ထွက်လာပြီး မီးပွင့်များလည်း ဖွားခနဲ ပေါ်လာသည်။

သို့သော် စီးကူချိန်းပင် နောက်ကို ယိုင်ဆုတ်သွားသည်။ သူ့တစ်ကိုယ်လုံးထုံကျင်သွားကာ သူ့လက်ထဲမှဓားလည်း လွတ်ကျသွားသည်။

တစ်ဆက်တည်းပင် လေလှိုင်းတစ်ခုက သူ့ကို တွန်းထုတ်လိုက်သကဲ့သို့ ခံစားလိုက်ရပြီး သူသည် နောက်သို့လွင့်သွားပြီး မြေကြီးပေါ်သို့ ဖင်ထိုင်လျက် ကျသွားသည်။

စီးကူချိန်း၏ ရင်ဘတ်က မခံမရပ်နိုင်လောက်အောင် အောင့်နေသည်။ သူသည် ထိတ်လန့်အံ့သြသော မျက်လုံးအစုံဖြင့် တိန့်ထောက်ကို ကြည့်သည်။ တိန့်ထောက်က ခပ်လှမ်းလှမ်းတွင် ဓားကို ဆုပ်ကိုင်ပြီး ရပ်နေသည်။

သူ့ရင်ဘတ်မှ ဝေဒနာကြောင့် စီးကူချိန်းသည် ထပ်မံယှဉ်ပြိုင်တိုက်ခိုက်နိုင်တော့မည် မဟုတ်တော့ပါချေ။

"ကျုပ် ရှုံးသွားပါပြီ ...."

စီးကူချိန်းက ဝန်ခံပြောဆိုလိုက်သည်။



တိန့်ထောက် ဓားကို ပြန်သိမ်းလိုက်သည်။

စီးကူချိန်း ဒယီးဒယိုင်နှင့် ထရပ်လိုက်ပြီးမှ အံ့သြတကြီးဖြင့် ပြောပြန်သည်။

"မင်းဟာ မင်းဆရာသမားလိုပဲ ဓားရေး ထက်လှပါကလား၊ မင်းရဲ့ ဆရာသမားကို ပြန်ပြောလိုက်ပါ .... စီးကူချိန်းဆိုတဲ့လူဟာ ဒီတစ်သက်မှာ မယှဉ်တော့ပါဘူးလို့ ...."

"ကောင်းပါပြီ .... ကျွန်တော် ပြောလိုက်ပါ့မယ် ...."

စီးကူချိန်းသည် သူ့ဓားကို ကောက်ယူပြီး ထပ်မံပြောဆိုခြင်း မပြုတော့ဘဲ ရင်ဝကို လက်ဖြင့်ထိကာ ထွက်သွားတော့၏။

တိန့်ထောက်သည် သူ့ဖခင်၏ ရန်ကြွေးတစ်ခုကို သူက ချောမောစွာ ဖြေရှင်းလိုက်နိုင်သဖြင့် ကျေနပ်အားရခြင်း ဖြစ်မိသည်။

သူသည် အတန်ကြာအောင် အိမ်ဂေဟာ အပျက်အစီးများထဲတွင် ကြည့်ရှုနေခဲ့ပြီး တောင်ကုန်းပေါ်မှ ပြန်ဆင်းလာခဲ့တော့၏။

## အခန်း (၈)

## နိုးရာပါပစ္စည်း

ကုချင်မြို့ အရှေ့ဘက်တံခါးမှ မြို့ပြင်သို့ တိန့်ထောက် ထွက်လာသောအခါ ညနေစောင်းနေပြီ ဖြစ်၏။ သူသည် မေးမြန်းစုံစမ်းပြီ အင်းမြောင်ကျောင်းပျက်ကြီး ရှိရာဘက်သို့ လျှောက်လာခဲ့သည်။

မကြာမီ အင်းမြောင်ဘုရားကျောင်းပျက်ကြီးရှေ့သို့ ရောက်လာသည်။

တိန့်ထောက်၏ ကိုယ်ပေါ်တွင် ဝတ်စုံဖားဖားကြီးကို ဝတ်ဆင်ထားသည်။ သူ့ဘယ်လက်၌ ဟောင်းနွမ်းသော ဓားတစ်လက်ကို ဆုပ်ကိုင်ထားသည်။ ထိုဓားကောင်းမှာ ရှေးဟောင်းဓားရတနာတစ်လက် ဖြစ်သည်ကို မည်သူမှ သိလိမ့်မည်မဟုတ်ပါချေ။

သူ၏ ညာဘက်လက်တွင်မူ အဖုံးပါသော လေးထောင့်ကျက်ကြိမ်ခြင်းတောင်းတစ်လုံးကို ကိုင်ထားသည်။ သူ့ပုံစံက ထူးခြားနေသဖြင့် သူ့ကိုမြင်သူတိုင်း နှစ်ကြိမ်တော့ ကြည့်မိပေလိမ့်မည်။



အင်းမြောင်ဘုရားကျောင်းရှေ့သို့ တိန့်ထောက် ရောက်လာလျှင် နေဝင်မိုးချုပ်သွားပြီ ဖြစ်သဖြင့် ဘုရားကျောင်းပျက်ကြီးထဲတွင် မီးထွန်းထားလေပြီ။

ဘုရားကျောင်းပျက်ဆိုသော်လည်း အနောက်ဘက်အဆောင်သာ အနည်းငယ် ပျက်စီးယိုယွင်းနေပြီး ကျန်နေရာများက အကောင်းပကတိ ရှိနေသေးသည်။

ဘုရားကျောင်းပျက်တွင် လူသံသူသံကို မကြားရသဖြင့်၊ သူသည် ကျောင်းကြီးအတွင်း ဝင်လာခဲ့သည်။ သူ ဝင်ဝင်ချင်းအဆောင်မှာ ဘုရားဆောင်ဖြစ်၏။ ဘုရားစင်ရှေ့တွင် စားပွဲရှည်ကြီးတစ်လုံး ချထားပြီး စားပွဲပေါ်တွင် ဖယောင်းတိုင်ကြီးတစ်တိုင်ကိုလည်း ထွန်းညှိထားသည်။ ဖယောင်းတိုင်ကြီး၏ မီးရောင်မှာ ဘုရားဆောင်တစ်ဆောင်လုံး ထိန်ထိန်လင်းနေသည်။

တိန့်ထောက် အထဲကို ဝင်လာ,လာချင်း မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရသေးချေ။ သို့သော် ခဏနှင့် အတွင်းဘက်မှ အဘိုးအိုကြီးတစ်ဦး ထွက်လာသည်ကို တိန့်ထောက် မြင်ရသည်။ သူ့လက်ထဲတွင် အမှိုက်တောင်းတစ်တောင်းကိုလည်း ကိုင်လာသည်။

အဘိုးအိုကြီး၏ ပုံပန်းသဏ္ဌာန်ကို မြင်ရုံနှင့် ကျောင်းစောင့်ကြီး ဖြစ်လိမ့်မည်ဟု တိန့်ထောက် ခန့်မှန်းမိသည်။

အဘိုးအိုကြီးသည် တိန့်ထောက်ကို ဘုရားလာဖူးသည့် ဧည့်သည်တစ်ယောက်ဟု ထင်မှတ်၍ လှိုက်လှဲစွာ ပြုံးပြသည်။

ခြင်းတောင်းထဲမှ အမှိုက်များကိုသွန်ရန် အပြင်ကို ထွက်သွားသည်။

တိန့်ထောက် အချိန်ဆွဲမနေတော့ဘဲ လက်ထဲမှဓားနှင့် ခြင်းတောင်းကိုချ၍ ငွေနှင်းဖြူ ဝှက်ထားခဲ့သော ပစ္စည်းကိုယူရန် ထုပ်တန်းပေါ် ခုန်တက်လိုက်သည်။

ညာဘက် ထုပ်တန်းပေါ်တွင်ကော ဘယ်ဘက်ထုပ်တန်းပေါ်တွင်ပါ သေချာစွာ ကြည့်သော်လည်း မည်သည့်အရာကိုမှ မတွေ့ရပါချေ။

တိန့်ထောက် စိတ်ပျက်သွားပြီး ပြန်ခုန်ဆင်းသည်။

ကျောင်းစောင့်အဘိုးအိုလည်း အပြင်မှ ပြန်ဝင်လာ၏။

တိန့်ထောက်က ငွေတုံးတစ်တုံးကို နှိုက်ယူပြီး အဘိုးအိုကို အလှူငွေအဖြစ် ပေးလိုက်သောအခါ အဘိုးအိုကြီးက သူ့ကို ပျာပျာသလဲ လက်ဖက်ရည်ကြမ်းသောက်ရန် တစ်ဘက်ခန်းသို့ ဖိတ်ခေါ်လေတော့သည်။



တိန့်ထောက်သည် ကျောင်းစောင့်အဘိုးအိုကို မေးမြန်းပြောဆိုလိုသဖြင့် အဘိုးအိုခေါ်ရာကို လိုက်လာခဲ့သည်။

အဘိုးအိုမှာ သိုင်းပညာ လုံးဝမတတ်ကြောင်း တိန့်ထောက် အကဲခတ်မိသည်။

အဘိုးအိုက သူ့အခန်းထဲတွင် တိန့်ထောက်ကို ရေနွေးကြမ်းဖြင့် ဧည့်ခံသည်။

"ဒါနဲ့ ဘကြီး .... ဒီဘုရားကျောင်းကို ထူးထူးခြားခြား အသွင်အပြင်မျိုးရှိတဲ့ ဘုရားဖူးတွေ မလာကြဘူးလား .... မလှူကြ မတန်းကြဘူးလား .... "

တိန့်ထောက်ကို အဘိုးအိုက ကြည့်လိုက်ပြီး ....

"တူမောင်ဆိုလိုတာက သူဌေးသူကြွယ်တွေ .... မင်းစိုးရာဇာတွေကို ပြောနေတာလား၊ မလာကြပါဘူး .... ဘုရားပွဲတော်ဖြစ်တဲ့ တစ်နှစ်တစ်ခါလောက်မှပဲ မြို့ထဲကလူတွေက ဘုရားကျောင်းကို သတိရပြီး လာကြတာပါ .... ကျန်တဲ့အချိန်တွေမှာတော့ ဘုရားဖူးဆိုလို့ မလာကြသလောက်ပါပဲ .... နေထိုင်မကောင်းလို့ ဘုရားလာမေးတဲ့လူမျိုးလောက်ပဲ ရှိကြပါတယ် .... "

"ဒီတစ်လအတွင်းမှာရော ဘုရားလာဖူးတဲ့လူ မရှိဘူးလာ ဘကြီး .... "

"မရှိပါဘူး .... အဲ လူတစ်ယောက်တော့ရှိတယ် တူမော အဲဒီလူက ဘုရားလာဖူးတာတော့ မဟုတ်ဘူး .... ဒီဘုရားကျောင်းမှ လာပြီး ကပ်နေတဲ့လူပဲ .... ကပ်စေးနဲလိုက်တာလည်း လွန်ပါရော ကွယ် .... ဘုရားကို ဆီမီးအမွှေးတိုင် ပူဇော်ဖို့ အလှူငွေခံတာတော မှပဲ တစ်ခါပဲ ထည့်သေးတယ် .... မိုးလင်းတာနဲ့ မြို့ထဲထွက်သွားပြ နေဝင်မိုးချုပ်မှ ပြန်လာတတ်တယ် .... ညဥ့်နက်သန်းခေါင် အချိ မတော်ကြီးမှာလည်း ထွက်သွားရင် သွားတတ်တယ် .... သူပြန်လာ တဲ့အခါတိုင်း အရက်မူးပြီး ပြန်လာတာချည်းပါပဲ .... ဘယ်လိုပဲ နှ ထုတ် နှင်ထုတ် ထွက်လည်းမသွားဘူး .... ဘယ်လိုလူစားမျိုးလဲ မသ ပါဘူးကွယ် .... "

ထိုစဉ် ဘုရားဆောင်ဆီမှ ခြေနင်းသံပြင်းပြင်းဖြင့် လာသော အသံကို ကြားရသဖြင့် ကျောင်းစောင့်အဘိုးကြီးမှာ သူ့စကားကို မဆက် ဝံ့တော့ဟန်ဖြင့် ရပ်လိုက်သည်။

အရက်မူးသမားၡ လေသံမျိုးဖြင့် ပြောလိုက်သော စကားသံ လည်း ပေါ်ထွက်လာသည်။

"အဘိုးကြီးက .... ကျုပ်အတင်းတွေကို ပြောနေတယ်မ ဟုတ်လား .... ဒီဘုရားကျောင်းကို ခင်ဗျားက ပိုင်လို့လား .... ဒီဘုရ ကျောင်းမှာ အလှူငွေထည့်မှ ကျုပ်က နေရမှာလား .... "

စကားသံအဆုံးတွင် တံခါးဝ၌ လူကြီးတစ်ယောက် ပေါ်လာ



သည်။ သူ့လက်တစ်ဖက်တွင် ဗူးသီးခြောက်ကြီးတစ်လုံးကို ကိုင်ထား သည်။ ဗူးသီးခြောက်ကြီးထဲတွင် အရက်များ ပါရှိမည်ဖြစ်ကြောင်း တိန့် ထောက် သိလိုက်၏။ ထိုလူကြီး၏ ခန္ဓာကိုယ်မှာ ယိမ်းယိုင်နေပြီး မျက်လုံးအစုံမှာလည်း ရီဝေနေလေသည်။

သူ့ဆံပင်များမှာ ပွယောင်းနေပြီး အဝတ်အစားကလည်း ဖရို ဖရဲ ဖြစ်နေသည်။ သူ့ရင်ဖုံးအိတ်မှာ ဖောင်းနေလေရာ တစ်စုံတစ်ခု ထည့်ထားကြောင်း သိသာလှ၏။

ထိုအရက်မူးသမားကြီးသည် တိန့်ထောက်ကို မြင်သည်နှင့် အံ့အားသင့်သွားပြီး ကောင်းမွန်စွာ စကားဆိုသည်။

"အလို .... ရောင်ခြည်သိုင်းသမားလည်း ဒီကို ရောက်နေတာ ကိုး .... ဘယ်လိုလုပ်ပြီး ဒီဘုရားကျောင်းကို ရောက်လာရတာလဲ"

အရက်မူးသမား အဘိုးကြီးက သူ့နာမည်ကို သိနေသဖြင့် တိန့်ထောက် အံ့အားသင့်သွားသည်။ တိန့်ထောက်က ထိုင်ရာမှ ထရပ် လိုက်ပြီး ....

"ဘဘက ကျွန်တော့်ကို သိလို့လား .... "

"သိတာပေါ့ မောင်ရင်ရယ် သိတာပေါ့ .... ကဲ .... ကျုပ်ရဲ့ အခန်းထဲကို လိုက်ခဲ့စမ်းပါ .... စကားစမြည် ပြောကြရအောင် .... "

တိန့်ထောက်လည်း အရက်သမားကြီးနှင့် လိုက်သွားလျှင် ထူးခြားသော သတင်းစကားကို ကြားရလိမ့်မည်ဟု တွက်ဆမိသော ကြောင့် ငြင်းဆန်မနေတော့ဘဲ အရက်သမားကြီးခေါ်ရာ သူ၏အခန်း ကို လိုက်လာခဲ့သည်။

အရက်သမားအဘိုးကြီး နေထိုင်ရာ အခန်းမှာ ဘုရားကျောင်း နောက်ဘက် အဆောင်တွင်ရှိပြီး အမှောင်ထုက စိုးမိုးနေသည်။

အခန်းထဲတွင် စားပွဲတစ်လုံးနှင့် ခုံနှစ်လုံးရှိပြီး တစ်လုံးစီတွင် တိန့်ထောက်နှင့် အရက်သမားကြီးတို့ ထိုင်ကြ၏။ အရက်သမားကြီးက သူ့ရင်ဖုံးအိတ်ထဲတွင် ထည့်ယူလာသော အစားအစာများကို တိန့်ထောက်အား ထုတ်ကျွေးသည်။ ဗူးခြောက်ထဲမှ အရက်ကိုလည်း သောက်ရန် ဧည့်ခံသည်။

အရက်သမားအဘိုးကြီးက ပြုံးဖြီးဖြီးနှင့် ပြောသည်။

"ဟဲ .... ဟဲ .... ကျုပ်က နေတာထိုင်တာ ဝတ်တာစားတာကို မမက်ပါဘူး .... ဟောဒီအရက်ကိုပဲ မက်တယ် .... ဒါကြောင့် ဘုရားကျောင်းထဲမှာနေတာ မှန်ပေမယ့် သောက်နေရတာပဲ မောင်ရင် .... "

အဘိုးကြီးစကားဆုံးသည်နှင့် အရက်ကို တငွပ်ငွပ်မော့သောက်သည်။

တိန့်ထောက်က အဘိုးကြီးကို အကဲခတ်ကြည့်ပြီးမေးသည်။

"အဘနာမည်က ဘယ်သူလဲ .... "

အဘိုးကြီးက ရယ်မောလိုက်ပြီး ....

"မောင်ရင့်ကိုတော့ ကျုပ် မလိမ်ပါဘူး .... ကျုပ်နာမည်က ကြောင်နက် .... ဟဲ .... ပ .... ဟဲ .... ကျုပ်က အရင်းအနှီး လုံးဝ မစိုက်ရဲဘဲ ကျိန်းသေပေါက် အမြတ်ရတဲ့အလုပ်မျိုးကိုပဲ လုပ်တယ် .... ရှင်းရှင်းပဲ ပြောမယ် .... ကျုပ်လုပ်ငန်းက ညသူခိုး .... ဟား .... ဟား .... ဟား .... အဲ .... အဲ .... ဒါပေမယ့် ကျုပ် စည်းစောင့်တယ်၊ မရှိဆင်းရဲသားတွေရဲ့ပစ္စည်း .... လူကောင်း သူကောင်းတွေရဲ့ပစ္စည်းမျိုးကိုတော့ ဘယ်တော့မှ မပြစ်မှားဘူး .... ဟား .... ဟား .... ဟား .... ဟား"

အဘိုးကြီးက သူ ပြောချင်ရာကိုသာ အာလေးလျှာလေးကြီးဖြင့် ပြောနေသည်။ တိန့်ထောက်ကမူ သူ့ဆီက စကားလွှန်မည်စိုးသဖြင့် ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။

အမူးသမား အဘိုးကြီးက ဆက်ပြောသည်။

"မောင်ရင် ဒီဘုရားကျောင်းကိုလာတာ ဘုရားဖူးလာတာတော့ မဟုတ်ပါဘူးနော် .... ဘာအကြောင်းကိစ္စနဲ့ လာတာလဲ .... ကျုပ်ကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ .... တတ်နိုင်သမျှ ကျုပ် ကူညီပါ့မယ် .... မောင်ရင့်ကို ခုမှ မြင်ဖူးပေမယ့် မောင်ရင့်ရဲ့နာမည်ကိုတော့ ကြားဖူးထားပါတယ် .... "

တိန့်ထောက်က သူ့ရင်ဖုံးအိတ်ထဲမှ ရွှေတုံးကလေးတစ်တုံးကို နှိုက်ယူပြီး စားပွဲပေါ်တင်လိုက်သည်။ အဘိုးကြီးက ပြူးကျယ်သော မျက်လုံးအစုံဖြင့် ကြည့်သည်။

ထိုအခါမှ တိန့်ထောက်က ပြောသည်။

"ကျွန်တော် .... ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ် အဘ .... ကျွန်တော့်မိတ်ဆွေတစ်ယောက်က ပစ္စည်းတစ်ခုကို ဒီဘုရားကျောင်းမှာ လာအပ်ထားပါတယ် .... အခု လမ်းကြုံလို့ ကျွန်တော့်ကို ဝင်ယူခိုင်းတာကို လာယူတာပါ .... "

"ဟေ .... ဘယ်သူ့ကို အပ်ထားတာလဲ .... ကျောင်းစောင့်ကြီးကို အပ်ထားတာလား .... "

"ကျွန်တော့်မိတ်ဆွေက ပစ္စည်းကို ဘုရားကျောင်းထဲက ထုပ်တန်းပေါ်တင်ပြီး ဝှက်ခဲ့တာပါ .... အခု ကျွန်တော် လာရှာတော့ မတွေ့ရတော့ဘူး .... "

"ဟင် .... ဘယ်လိုပစ္စည်းများလဲ .... သိပ်ပြီးအဖိုးတန်တဲ့ ပစ္စည်းမျိုးလား .... "

"ဒါတော့ ကျွန်တော်လည်း မသိပါဘူး .... ဒါပေမယ့် ဒီပစ္စည်းဟာ သူ့ရဲ့ ဘိုးဘွားပိုင်ပစ္စည်းမို့လို့ သိပ်ပြီးတန်ဖိုးထားပါတယ် .... "

အဘိုးကြီးက မျက်မှောင်ကြုတ် စဉ်းစားလိုက်ပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်ကာ ....

"အင်း .... ဘုရားကျောင်းထုပ်တန်းပေါ်က ပစ္စည်းဟာ သူ့အလိုလိုပျောက်သွားတယ်ဆိုတာတော့ ဘုရားကျောင်းစောင့်နတ်နှစ်ပါးက ဝှက်ထားသလား မသိဘူး .... ဒါပေမယ့် စိတ်မပူပါနဲ့လေ .... စိတ်အေးအေးထားပြီး စားသောက်သာနေဖူး.... ဘုရားကျောင်းစောင့်နတ်နှစ်ပါးကို ကျုပ်ကိုယ်တိုင် မေးမြန်းပါ့မယ် .... "

တိန့်တောက်သည် ထုပ်တန်းပေါ်ကပစ္စည်းကို အဘိုးကြီးကြောင်နက်ယူထားခြင်းဖြစ်လိမ့်မည်ဟု တွေးလိုက်မိသော်လည်း မသိချင်ယောင်ဆောင်ကာ ခေါင်းညိတ်၍ ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့ခင်ဗျာ .... ခုလို ဘုရားကျောင်းစောင့်နတ်နှစ်ပါးကို မေးမြန်းပေးမယ်ဆိုရင်တော့ အဘကိုသိပ်ပြီးကျေးဇူးတင်မှာပါ"



"ဒါဖြင့် ခုပဲ ငါသွားမေးမယ် .... မင်း နေဦး"

စကားဆုံးသည်နှင့် အဘိုးကြီးကြောင်နက်သည် ထိုင်ရာမှထကာ အခန်းထဲမှ ဒယီးဒယိုင်ဖြင့် ထွက်သွားတော့သည်။

တိန့်တောက်လည်း အဘိုးကြီးကို သူ့အရှိန်နှင့်သူ လွှတ်ပေးလိုက်ပြီး အခန်းထဲမှာပင် ထိုင်စောင့်နေလိုက်သည်။

အတန်ကလေးကြာသွားပြီးမှ အဘိုးကြီးကြောင်နက် ပြန်ဝင်လာသည်။ သူ့လက်ထဲတွင်လည်း အနီရောင်အိတ်ကလေး တစ်အိတ်ပါလာသည်။

သူက တိန့်ထောက်ရှေ့တွင် ထိုင်လိုက်ပြီး ပြုံးပြုံးရယ်ရယ်နှင့်ပင် ပြောသည်။

"သိပ်ပြီး ဟန်တာပဲ မောင်ရင်ရေ .... ဟုတ်တယ် .... ဟောဒီပစ္စည်းအိတ်ကလေးကို နတ်ကြီးနှစ်ပါးက သိမ်းဆည်းထားပေးတာတဲ့၊ ဘုရားစင်အောက်က နံရံအောက်ထဲမှာ ရှိတယ်လို့ ညွှန်လိုက်လို့ ကျုပ်တစ်ခါတည်း ယူလာခဲ့တာ .... ဒါ ထုပ်တန်းပေါ်က ပစ္စည်းအိတ်ပဲ"

ပြောပြောဆိုဆို အဘိုးကြီး ကြောင်နက်က တိန့်ထောက်ကို လှမ်းပေးလိုက်ပြီး တိန့်ထောက်လည်း ကျေးဇူးတင်စကားပြော၍ ယူလိုက်သည်။ အိတ်နီကလေးကို ဖွင့်ကြည့်ရာ သေတ္တာဘူးကလေးနှစ်ဘူးကို တွေ့ရသည်။

အဘိုးကြီးကြောင်နက်က တိန့်ထောက်ကို အကဲခတ်ကြည့်၍



ပြီး မေးသည်။

"အထဲမှာ ဘာပစ္စည်းတွေပါသလဲ မောင်ရင် .... "

"ကျွန်တော်လည်း မသိဘူး အဘ .... ပိုင်ရှင်ကို ပြန်ပေးပြီးမှပဲ မေးကြည့်ရတော့မှာပဲ .... "

"ဒီမယ် တိန့်ထောက် .... ဒီပစ္စည်းကို နတ်မေးပြီး ကျုပ်က ပြန်ယူပေးတာဟာ ဒီပစ္စည်းရှင်နဲ့ ကျုပ်နဲ့ လုပ်ငန်းတူတွေမို့လို့ စာနာစိတ်နဲ့ လုပ်ပေးလိုက်တာလို့ ပြောပြပါ .... "

"လုပ်ငန်းတူ ဟုတ်လား၊ အဘက ဘယ်သူ့ကိုပြောတာလဲ"

"ဒီပစ္စည်းကို ခိုးပြီး ဒီကျောင်းမှာ လာဝှက်ထားတဲ့လူကို ပြောတာပေါ့ .... "

"ဗျာ .... ဒီပစ္စည်းဟာ ခိုးရာပါ ပစ္စည်းလား .... "

အဘိုးကြီး ကြောင်နက် အေးဆေးစွာ ခေါင်းညိတ်၍ ....

"ဟုတ်တယ် .... ဒီပစ္စည်းဟာ ခိုးရာပါပစ္စည်းပဲ .... "

ဤအတိုင်းဆိုပါက ငွေနှင်းဖြူမှာ သူခိုးမလေးဖြစ်နေလေပြီ၊ လှပ်စွာ ချောမောလှပသော ငွေနှင်းဖြူလိုအလှမယ်ကလေး တကယ်ပဲ ခိုးဝှက်သည့်အလုပ်မျိုးကို လုပ်နေသလော။ အဘိုးကြီး ကြောင်နက်ကပင် မူးမူးရူးရူးနှင့် စိတ်ထဲတွင် ထင်ရာပြောနေလေသလား။

"နေပါဦး .... အဘက ဒီပစ္စည်းရှင် ဘယ်သူဘယ်ဝါဆိုတာ သိလို့လား .... "

အဘိုးကြီး ကြောင်နက် အသံထွက်အောင် ရယ်လိုက်ပြီး ....

"ဒီပစ္စည်းရှင်ဟာ နတ်သမီးလေးတစ်ပါးလို သိပ်ပြီး ချောမော

လှပတဲ့ မိန်းကလေးတစ်ယောက် မဟုတ်လား .... သူ သွားလေရာ အစေအပါး မိန်းကလေးတစ်ယောက်လည်း ပါတတ်တယ်လေ ...."

အဘိုးကြီးကြောင်နက်က တိတိကျကျ ပြောနေသဖြင့် တိန့်ထောက် မငြင်းနိုင်တော့ပါချေ။

"ဟုတ်ပါတယ်အဘ .... အဲ့ဒီမိန်းကလေးက အဘလိုအလုပ်မျိုးလည်း လုပ်သလား .... "

"အေး ဟုတ်တယ် .... "

"ဒါပေမယ့် သူကပြောတော့ ဒီပစ္စည်းဟာ သူ့ဘိုးဘွားပိုင်ပစ္စည်းဆို .... "

"ဟား .... ဟား .... ဟား .... ဘယ်ကလာ သူ့ဘိုးဘွားပိုင်ပစ္စည်းရမှာလဲကွ .... ပစ္စည်းရှင်က ဒီကျောင်းကိုလာပြီး သူ့ပစ္စည်းကိုရှာသေးတယ် .... ကျုပ်က ဦးအောင်ယူဝှက်ထားလိုက်နိုင်လို့ပေါ့ .... နို့မို့ပါသွားတာကြာပြီ .... "

သူ့လက်ထဲမှ ပစ္စည်းမှာ ခိုးရာပါပစ္စည်းဟု သိရသဖြင့် ကိုင်ထားရသည်ကိုပင် တိန့်ထောက် သိပ်လိပ်ပြာမသန့် ဖြစ်နေမိသည်။

အဘိုးကြီးကြောင်နက်က မေးပြန်သည်။

"ဒီပစ္စည်းပိုင်ရှင်က ဘယ်သူဖြစ်မလဲလို့ မောင်ရင်စဥ်းစားလို့ရသလား .... "

"ဘယ်ရပ့ါမလဲ အဘ .... "

"ကျုပ်ပြောလိုက်ရင် မောင်ရင် အံ့သြသွားမှာပဲ .... ဒီပစ္စည်းရှင်ဟာ ဝမ်ရဲ့ ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်းပဲ .... "



တိန့်ထောက်စိတ်ထဲတွင် အနည်းငယ် စိတ်သက်သာရာရသွားပြီး ....

"ဟုတ်လား အဘ .... ဝမ်ရဲ့ရဲတိုက်သခင်ကြီးဟာ မကောင်းမှုဒုစရိုက်တွေကို ကျူးလွန်နေတဲ့သူဆိုတော့ သူ ရထားတဲ့ပစ္စည်းမှန်သမျှဟာလည်း သန့်သန့်ရှင်းရှင်းနဲ့ တရားမျှတမှုကိုရှိမှာ မဟုတ်ဘူး.... ငွေနှင်းဖြူပြောသလို တစ်ချိန်က ဒီပစ္စည်း သူ့ဘိုးဘွားပိုင်ပစ္စည်းဖြစ်တယ်ဆို ဖြစ်နိုင်တယ် .... သူ့ ဘိုးဘွားပိုင်ပစ္စည်းကို ဝမ်ရဲ့ ရဲတိုက်သခင်ကြီးက မတရားသဖြင့် ယူထားလို့ သူ ပြန်ယူတာပဲ ဖြစ်လိမ့်မယ်"

"အေးလေ .... ဒါကတော့ ကာယကံရှင်တွေမှ သိမှာပဲ .... ဒါနဲ့ ချောက်မည်းကြီးထဲက ထန်အင်းဂူကို မောင်ရင် ရောက်ခဲ့ပြီးပြီလား .... "

"ဗျာ .... "

အဘိုးကြီးကြောင်နက်၏အမေးကြောင့် တိန့်ထောက် အံ့သြတကြီးဖြစ်သွားပြီး သူ့မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။

"ဘဘက ဘယ်လိုလုပ်သိသလဲ .... "

အဘိုးကြီး ကြောင်နက်က ပြုံး၍

"ကျုပ်သိတာပေါ့ .... မကြာမီရက်ကမှ ကျုပ်မိတ်ဆွေအားလုံးသိ သိုင်းသမားကြီး ချွမ်းကြည်ဆီကို ကျုပ်ရောက်ခဲ့သေးတယ် .... သူကပဲ မောင်ရင့်အကြောင်းကို ပြောပြလိုက်တာပေါ့ .... "

"ဘဘက အားလုံးသိ ချွမ်းကြည်ရဲ့မိတ်ဆွေ ဟုတ်လား ...."

"ဟုတ်ပါတယ် ....' သိပ်ပြီး ခင်မင်ရင်းနှီးတဲ့မိတ်ဆွေတွေပေါ့။

ကျုပ် သူ့ကို အချုပ်အနှောင်က လွတ်မြောက်စေချင်လှပါပြီ၊ ဒါကြောင့် မောင်ရင့်ကို မေးရတာပေါ့ .... ”

“ဟုတ်ကဲ့ .... ထန်အင်းဂူကို ကျွန်တော် ရောက်ခဲ့ပြီးပါပြီ အဘ .... မိုးကြိုးဓားသမားကြီး လီခုံးချီတော့ ကွယ်လွန်သွားပါပြီ .... ဒါပေမယ့် သူ့တပည့်ဆီက မိုးကြိုးဓားကို ကျွန်တော် ရလာခဲ့ပါတယ်”

“တော်ပါသေးရဲ့ကွယ် .... ဝမ်းသာစရာပဲ .... ဒါဆို ဒီမိုးကြိုးဓားနဲ့အားလုံးသိ ချွမ်းကြည်ကို ချည်နှောင်ထားတဲ့သံကြိုးကို ဖြတ်နိုင်ပြီပေါ့ .... သူ့ဆီကိုသာ အမြန်ဆုံး သွားလိုက်ပါမောင်ရင်ရယ် .... သူ့ခမျာလည်း မိုးကြိုးဓားရလာပြီဆိုတာကို သိရင် ဘယ်လောက်များ ဝမ်းသာရှာမလဲ .... ”

“ကျွန်တော် အမြန်ဆုံးသွားလိုက်ပါ့မယ် အဘ .... ဟောဒီ ပစ္စည်းကိုတော့ အဘဆီမှာ ခဏအစ်ထားခဲ့ပါရစေ .... ”

တိန့်ထောက်က ပြောပြောဆိုဆို သူ့လက်ထဲမှ အိတ်အနီကလေးကို အဘိုးကြီး ကြောင်နက်လက်ထဲသို့ လှမ်းပေးသည်။ အဘိုးကြီး ကြောင်နက်က နားမလည်ဟန်ဖြင့် တိန့်ထောက်ကို ကြည့်၍....

“ဘာဖြစ်လို့ ဒီပစ္စည်းကို ကျုပ်ဆီမှာ ပြန်ထားခဲ့မှာလဲ ....”

“ကျွန်တော် သွားလေရာ ဒီပစ္စည်းကို တတန်းတန်းယူသွားရမှာ အခက်အခဲဖြစ်နေလို့ပါ .... ဒီပစ္စည်းကို ယူခိုင်းတဲ့ငွေနှင်းဖြူနဲ့လည်း ဘယ်တော့ ထပ်တွေ့ရမယ်ဆိုတာ မှန်းလို့မရဘူး .... ဒါကြောင့် အဘဆီမှာပဲ အပ်ထားပြီး ကျွန်တော် ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ပြီးမှ လာယူပါ့မယ် .... ”



“ကောင်းပြီလေ .... ဒါဖြင့်လည်း ကျုပ် သိမ်းထားပေးပါ့မယ် .... ”

“ဒါဖြင့် ကျွန်တော် သွားတော့မယ် အဘ .... ”

တိန့်ထောက်သည် နှုတ်ဆက်စကားဆို၍ ထိုင်ရာမှ ထကာ ဘုရားကျောင်းပျက်ကြီးထဲမှ ထွက်ခွာလာခဲ့သည်။

ဘုရားကျောင်းပျက်ကြီးအပြင်ဘက်သို့ အရောက်တွင် လူရိပ်တစ်ရိပ် ကျောင်းပျက်ကြီးဆီသို့ ပြေးလာနေသည်ကို တွေ့ရသဖြင့် ခြသေ့်ကြီးအကွယ်တွင် ဝင်ပုန်းလိုက်မိသည်။

လူရိပ်မှာ ကျောင်းပျက်ကြီးထဲသို့ပြေးဝင်သွားသည်။ကျောင်းတွင် ထွန်းထားသော မီးရောင်ဖြင့် ထိုသူ၏အသွင်အပြင်ကိုလည်း တိန့်ထောက် မြင်ရသည်။

သူသည် ဝတ်စုံနက်ကို ဝတ်ဆင်ထားပြီး မျက်လုံးတွင် သားရေမျက်နှာဖုံးကို စွပ်ထားသည်။

ထိုသူ၏အသွင်အပြင်သည် မဟူရာသိုင်းသမားကြီး၏ အသွင်အပြင်မျိုးပင် ဖြစ်လေတော့၏။

## အခန်း(၉)

## ကြောင်နက်ထံမှ သဲလွန်စ

ဝတ်စုံနက်သည် ဘုရားကျောင်းဆောင်အလယ်တွင် ရပ်လိုက်ပြီး သူ့ခါးမှ ဓားကိုလည်း ဆွဲထုတ်ကိုင်လိုက်သည်။

ပြီးနောက် အတွင်းဘက်ကိုကြည့်၍ အော်ပြောလိုက်သည်။

"ကြောင်နက်ဆိုတဲ့ သူခိုးကြီး .... ကျုပ်ကိုထွက်ပြီး စကားပြောစမ်းပါဦး .... "

"ဘယ်သူလဲဟေ့ .... "

အတွင်းဘက်မှ အတိုးကြီး ကြောင်နက်၏ စကားသံ ပေါ်လာသည်။ စကားသံအဆုံးတွင် လူကိုယ်တိုင်လည်း ထွက်လာသည်။ သူသည် ဝတ်စုံနက်ကို မြင်ရသောအခါ ခြေလှမ်းတန့်ရပ်သွားပြီး ထိတ်လန့်တုန်လှုပ်ခြင်းလည်း ဖြစ်သွားရလေသည်။

"ဟင် .... ခင် ခင်ဗျား မဟူရာသိုင်းသမား .... "

ဝတ်စုံနက်က ခေါင်းညိတ်၍ အေးစက်စက်လေသံဖြင့် ပြန်ပြောသည်။

"ဟုတ်တယ် .... ကျုပ်က မဟူရာသိုင်းသမားပဲ .... "

"ကျွန်တော့်ဆီ ဘယ်လိုအကြောင်းနဲ့ ရောက်လာတာလဲ"

"ခင်ဗျားသိမ်းထားတဲ့ သေတ္တာဘူးကလေးနှစ်ဘူးကို ကျု
လိုချင်လို့ပဲ .... ကျုပ်ကို အေးအေးဆေးဆေး ထုတ်ပေးပါ .... "

"ဘာသေတ္တာဘူးလဲ .... "

"မသိချင်ယောင်ဆောင်မနေပါနဲ့ မြန်မြန်သာထုတ်ပေးပါ
ကျုပ်မှာ အချိန်မရှိဘူး .... "

"ကျွန်တော် တကယ့်ကို မသိလို့ပါ .... "

"ခင်ဗျားက သေချင်နေတာကိုး .... "

"ဝှစ် .... ဝှစ်"

ဝတ်မုံနက်က အဘိုးကြီးကြောင်နက်အား ခြောက်လှန့်သည့် အနေဖြင့် ဓားကိုနှစ်ချက် ဝှေ့ယမ်းပိုက်သည်။

ထိုစဉ် အဘိုးကြီးကြောင်နက်က ကျွဲရှောင် ခုန်လွှားလိုက်ပြီး ကျောင်းပြင်ကို ပြေးထွက်သွားသည်။



ဝတ်စုံနက်က ပြေးလိုက်ပြီး တစ်ချက်ခုန်လိုက်သည်နှင့် အဘိုးကြီး ကြောင်နက် ရှေ့ကိုရောက်လာပြီး ပြေးလမ်းကို ပိတ်လိုက်သကဲ့သို့ ဖြစ်သွားသည်။

အဘိုးကြီးကြောင်နက် ထိတ်လန့်တကြီးဖြင့် နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်စဉ်မှာပင် ဝတ်စုံနက်လက်မှ ဓားသွားက အဘိုးကြီးကြောင်နက်၏ လည်ပင်းပေါ် တင်မိလျက်သား ဖြစ်သွားသည်။

"အား .... အ"

အဘိုးကြီးကြောင်နက် ထိတ်လန့်တကြီး အော်မိသည်။

ဝတ်စုံနက်က လေသံတင်းတင်းဖြင့် ထပ်မေးသည်။

"ပစ္စည်းထုတ်ပေးမလား မပေးဘူးလား .... "

အဘိုးကြီးကြောင်နက် အသားတဆတ်ဆတ် တုန်နေလေသည်။ သူ လှုပ်ရှားလိုက်သည်နှင့် ထက်မြက်သော ဓားသွားက သူ့လည်ပင်းကို ပိုင်းဖြတ်သွားပေလိမ့်မည်။

"ကျွန် .... ကျွန်တော် တကယ် တကယ် မသိလို့ပါခင်ဗျာ၊ သတ်မယ်ဆိုရင်လည်း သေ .... သေရပါလိမ့်မယ် .... "

"စိတ်ချ .... ပစ္စည်းကို ထုတ်မပေးလို့ကတော့ ခင်ဗျားကို

သတ်မှာပဲ .... ဒါပေမယ့် ချက်ချင်းသေအောင်တော့ မသတ်ဘူး ... ဆိုးရွားတဲ့ ဝေဒနာတွေ ခပ်ကြာကြာခံစားရပြီးမှခင်ဗျား သေရစေ့မယ်"

ဝတ်စုံနက်က ပြောသလို လုပ်တော့မည်ဖြစ်ကြောင်း အဘိုး ကြီး ကြောင်နက် သိလိုက်သဖြင့် သူသည် နောက်ကို အနည်းငယ် ဆုတ်လိုက်ကာ ဆတ်ခနဲ ထိုင်ချလိုက်သည်။ ပြီးနောက် ခန္ဓာကိုယ်ကို မြေတွင် လိမ့်ချလိုက်သည်။

အဘိုးကြီးကြောင်နက် ဆတ်ခနဲထရပ်လိုက်ချိန်တွင် ဝတ်စုံ နက်၏ဓားက သူ့လည်ပင်းဆီ ဝင်းခနဲ ဝင်လာသည်။ သူ့အဖို့ မည်သို့မှ မရှောင်တိမ်းနိုင်သော အခြေအနေမျိုး။

"ချွမ်း .... "

ဓား ဓားချင်း ထိမိသံပေါ်လာသည်။ အဘိုးကြီးကြောင်နက် ၏ မျက်လုံးထဲတွင် မီးပွင့်မီးပွားများကို ဖွားခနဲ တွေ့လိုက်ရသည်။

ဝတ်စုံနက်မှာ ဓားကိုကိုင်ရင်း နောက်ကို ခြေသုံးလေးလှမ်း ယိုင်ပြီး ဆုတ်သွားသည်။

ထို့အတူ အေးစက်မာကျောသော အသံတစ်သံလည်း ပေါ် ထွက်လာသည်။

"ဘယ့်နှယ်လဲ .... မဟူသိုင်းသမားအတုရဲ့.... ကျုပ်နဲ့ခင်ဗျား နဲ့ တွေ့ကြရပြန်ပြီနော် .... "

အဘိုးကြီးကြောင်နက် အသံထွက်ပေါ်လာရာကို ကြည့်လိုက် သောအခါ နောက်ထပ် မဟူရာသိုင်းသမားတစ်ယောက်ကို တွေ့ရပြန် သည်။



အဘိုးကြီးကြောင်နက်က သူ့အသက်ကို လက်မတင်ကလေး ကယ်တင်လိုက်သည့် နောက်ထပ်ပေါ်လာသော ဝတ်စုံနက်ကို မေး မြန်းမိသည်။

"မိတ်ဆွေက ဘယ်သူလဲ .... "

"ကျုပ် မဟူရာသိုင်းသမား .... "

"ဟင် .... မဟူရာသိုင်းသမားက နှစ်ယောက်တောင်လား"

"သူက အတု .... ကျုပ်နာမည်ကို အလွဲသုံးစားလုပ်ပြီး .... ကျုပ်ဟန်ဆောင်ထားတဲ့ မဟူရာသိုင်းသမားအတု .... "

နောက်ထပ်ပေါ်ထွက်လာသော မဟူရာသိုင်းသမားအသွင် ကို ဖန်တီးထားသူမှာ တိန့်တောက်ဖြစ်ကြောင်း အဘိုးကြီး ကြောင်နက် မသိပါချေ။

ဝတ်စုံနက်က တိန့်ထောက်ထံ ခုန်သွား၍ တိုက်ခိုက်သည်။ တိန့်ထောက်ကလည်း သူ့ဓားကိုဝင့်၍ ပြန်တိုက်သည်။ ဓားဓားချင်းထိသံက တထန်းထန်းနှင့် ပေါ်ထွက်နေ၏။ တစ်ဦးနှင့်တစ်ဦး သဲသဲမဲမဲ တိုက်ခိုက်ကြရာ သိုင်းကွက်ခုနစ်ကွက်အထိ ရောက်လာသည်။

"ချွမ်း .... "

"ဟိုင်း .... "

ဝတ်စုံနက်၏ဓားမှာ နှစ်ပိုင်းပြတ်သွားသည်။ သူသည် နောက်ကို ခုန်ဆုတ်လိုက်ပြီး လက်ထဲမှဓားအကျိုးဖြင့် တိန့်ထောက်ကို ပစ်လိုက်သည်။

တိန့်ထောက်ကဝင်လာသော ဓားကျိုးကို သူ့ဓားဖြင့် လွှဲလိုက်သည်။

ထိုအခွင့်အရေးကိုယူပြီး ဝတ်စုံနက်က တရှိန်ထိုးထွက်ပြေးသွားတော့၏။

"ခင်ဗျားပြေးလို့ လွတ်မလား .... "

တိန့်ထောက်ကလည်း အော်ဟစ်ရင်း ပြေးလိုက်သည်။



မိမိရှေ့မှ ပြေးနေသော မဟူရာသိုင်းသမားအတုမှာ ကိုယ်ဖော့ပညာ အဆင့်မြင့်လှကြောင်း တိန့်ထောက် သိရမြင်ရ၏။

တိန့်ထောက် ကိုယ်ဖော့ပညာကိုသုံး၍ ပြေးလိုက်ပါသော်လည်း လိုက်မမီအောင် ဖြစ်နေသည်။

မကြာမီ တောအုပ်တစ်အုပ်အနီးသို့ ရောက်လာကြသည်။ အပြင်ဘက်တွင် လရောင်ဖြင့် ထိန်ထိန်လင်းနေသော်လည်း တောအုပ်ထဲတွင် မှောင်နှင့်မည်းမည်း ဖြစ်နေသည်။

တောအုပ်ထဲသာ မဟူရာသိုင်းသမားအတု ပြေးဝင်သွားပါက ရှာဖွေဖို့ လွယ်တော့မည် မဟုတ်ချေ။

ထို့ကြောင့် တိန့်ထောက်သည် ကိုယ်ဖော့ပညာကို အစွမ်းကုန် အသုံးချကာ အားသွန်ခွန်စိုက် တရှိန်ထိုးပြေးလိုက်သည်။

ထိုသို့ တရှိန်ထိုးခုန်လွှား၍ ပြေးလိုက်သောအခါ တိန့်ထောက်၏ ခန္ဓာကိုယ်က မဟူသိုင်းသမားအတု ရှေ့ဆီသို့ ရောက်လာသည်။

ပြေးလမ်းကို ပိတ်ရပ်လိုက်ခြင်းဖြစ်သဖြင့် မဟူရာသိုင်းသမားမှာခြေကိုတုံ့ခနဲ ရပ်လိုက်ရသည်။ သူသည် နောက်ကို ခုန်ဆုတ်ရန်ကြိုးစားသေးသော်လည်း တိန့်ထောက်၏ဓားက ပခုံးကို စိုက်ဝင်သွားသည်။

"အား .... "

မဟူရာ သိုင်းသမားအတု ညည်းတွားအော်ဟစ်ရင်း မြေပေါ်ခွေလဲကျသွားတော့၏။ သူ ရလိုက်သော ဒဏ်ရာမှာ သေလောက်သော ဒဏ်ရာမဟုတ်ပါချေ။ သူသည် ရုတ်ခြည်းထထိုင်ရန် ကြိုးစား

သော်လည်း တိန့်ထောက်၏ ဓားဦးက သူ့ရင်ဘတ်ကို ထောက်ထားပြီး ဖြစ်နေသည်။

မဟူရာသိုင်းသမားအတု မလှုပ်ရှားရဲတော့ပါချေ။ လှုပ်ရှားလိုက်သည်နှင့် တိန့်ထောက်၏ ဓားက သူ့ခန္ဓာကိုယ်ထဲသို့ နစ်မြုပ်ဝင်လာပေတော့မည်။

တိန့်ထောက်က မဟူရာသိုင်းသမား၏လေသံမျိုးဖြင့် အေးစက်စက် မေးမြန်းလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ .... ဘာကြောင့် ကျုပ်ရဲ့နာမည်ကို သုံးပြီး မဟုတ်တယုတ်အလုပ်မျိုးတွေ လုပ်နေရတာလဲ .... "

မဟူရာသိုင်းသမားအတုက အံကိုတင်းတင်းကြိတ်ထားရင်း ပြန်ပြောသည်။

"မပြောနိုင်ဘူး .... ခင်ဗျားသတ်ရင် သတ်ပစ်လိုက် .... "

"သတ်ရမယ် ဟုတ်လား .... စောစောက အဘိုးကြီးကြောင်နက်ကို ခင်ဗျားပြောခဲ့တဲ့စကား မှတ်မိသေးရဲ့လား .... ဒီလိုပဲ ကျုပ်လည်း ခင်ဗျားကိုသတ်ရင် ချက်ချင်းသေအောင် မသတ်ဘူး .... ပြင်းထန်တဲ့ ဝေဒနာကို အကြာကြီး ခင်ဗျားခံစားရပြီးမှ သေရစေမယ်"

"ခင်ဗျား ကြိုက်သလိုသာလုပ် .... ကျုပ် ဘာမှ မပြောနိုင်ဘူး .... "

တိန့်ထောက်က ဓားဦးချွန်ဖြင့် ဝတ်စုံနက်၏ရင်ဘတ်ကို လက်သန်းဖျားခန့် ထိုးသွင်းလိုက်သည်။

"အား .... "



နာကျင်လွန်းသဖြင့် ထိုသူက စူးစူးရှားရှား အော်သည်။

တိန့်ထောက်က တင်းမာစွာ ဆက်ပြောသည်။

"ခင်ဗျားပြောတော့မလား .... "

"မပြောဘူး .... "

တိန့်ထောက်က ဓားဦးချွန်ဖြင့် ဝတ်စုံနက်၏ရင်ဘတ်ကို ထပ်၍ အနည်းငယ် ထိုးစိုက်လိုက်ပြန်သည်။ ဝတ်စုံနက်က မအော်ဘဲ ကြိတ်၍ခံနေသည်။

တိန့်ထောက်က ရုတ်တရက် ဓားဦးချွန်ဖြင့် ဝတ်စုံနက်၏ သားရေမျက်နှာဖုံးကို ခွဲလှန်ချတ်လိုက်၏။ လက်စလက်နက တိကျလှသဖြင့် ဝတ်စုံနက်၏မျက်နှာကို မထိဘဲ သူ့မျက်နှာမှ သားရေမျက်နှာဖုံးက ကျွတ်သွားလေသည်။

ထိုအခါ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိ အဘိုးကြီးတစ်ဦး၏ မျက်နှာပြင်ပေါ်လာသည်။

၎င်းအဘိုးကြီးကို တိန့်ထောက် ယခုမှ ပထမဦးဆုံးအကြိမ်မြင်ဖူးခြင်းဖြစ်၏။

သူ့ကို မည်သူမည်ဝါမှန်းလည်း မသိပါချေ။

တိန့်ထောက်က ရုတ်ခြည်း အဘိုးကြီး၏ ပခုံးကို ဖျတ်ခနဲဆုပ်ကိုင်ပြီး အကြောကိုဖျစ်ညှစ်လိုက်၏။

"အ .... အ .... အား .... အား"

အဘိုးကြီးမှာ နာကျင်လွန်းသဖြင့် ရှူးရှူးရှားရှား အော်ရင်းတစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

သူ့မျက်နှာမှာ ရှုံ့မဲ့နေပြီး သူ့မျက်နှာပြင်ပေါ်တွင် ချွေးသီးချွေးပေါက်များပင် ထွက်လာသည်။

"ပြောမလား .... ပြောမယ်ဆိုရင် ခင်ဗျားကို ကျုပ် နှိပ်စက်ဖို့ မလိုတော့ဘူး .... အသက်ကိုလည်း ချမ်းသာပေးလိုက်မယ် .... နောင်ကို ကျုပ်အယောင်မဆောင်တော့ဘူးဆိုရင် ကျုပ် ကျေနပ်ပြီ"

"အား အား နာ နာလိုက်တာ၊ ကျုပ် ကျုပ် ပြောအီး"



အဘိုးကြီး စကားမဆုံးခင် တောအုပ်အတွင်းမှ အလင်းတန်းတစ်တန်း ပေါ်ထွက်လာပြီး အဘိုးကြီးနောက်ကျောကို ထိမှန်သွားသည်။

အဘိုးကြီး ဇာတ်ကျိုးကျသွားကာ လဲကျသွားသည်။

တောအုပ်ထဲမှ တစ်ဦးဦးက အဘိုးကြီးကို လုပ်ကြံနှုတ်ပိတ်လိုက်ခြင်းဖြစ်ကြောင်း တိန့်ထောက် သိလိုက်သည်။

တိန့်ထောက်က ချက်ချင်းပင် အလင်းတန်းပေါ်ထွက်လာသော သစ်ပင်ကြီးနောက်ဘက်ဆီသို့ ခုန်ဝင်လိုက်သည်။ လူရိပ်ဖြူဖြူတစ်ခု ပြေးထွက်သွားသည်ကို တိန့်ထောက် တွေ့ရလေသည်။

ထိုသူမျက်နှာကိုလည်း ရိပ်ခနဲ မြင်လိုက်ရသဖြင့် အံ့ဩကြီးဖြစ်သွားမိသည်။

ပြေးထွက်သွားသူမှာ ဝမ်ရဲ့ရဲတိုက်မှ 'ရောင်နီ'သိုင်းသမားဖြစ်နေသောကြောင့်ပင်တည်း။

ရောင်နီသိုင်းသမားမှာ ရဲတိုက်သခင်ကြီး၏ သမက်လောင်းဖြစ်သလို အခွင့်အရေးပေးခံထားရသူ တစ်ယောက်လည်း ဖြစ်၏။

တိန့်ထောက် အံ့ဩစိတ်ဖြင့် တွေဝေနေစဉ် ရောင်နီ သိုင်းသမားမှာ အမှောင်ထဲတွင် ပြေးဝင်ပျောက်ကွယ်သွားလေသည်။

ရောင်နီသိုင်းသမားနောက်သို့လိုက်၍ မီတော့မည် မဟုတ်သဖြင့် တိန့်ထောက်လည်း မဟူရာသိုင်းသမားအတုဆီသို့ ပြန်လှည့်လာခဲ့သည်။

မဟူရာသိုင်းသမားအတုမှာ သေဆုံးနေလေပြီ။

သူ့ကျောတွင် ဓားမြှောင်တစ်လက် စိုက်ဝင်နေသည်။

ငွေနှင်းဖြူဆိုသော အလှမယ်ကလေး၏ပစ္စည်းမှာ လွန်စွာအရေးကြီးသည့် ပစ္စည်းဖြစ်လိမ့်မည်ဟု တိန့်ထောက် တွေးမိလေသည်။

သို့မဟုတ်ပါက ဝမ်ရဲ့ ရဲတိုက်သခင်ကြီးသည် အဆင့်မြင့်သိုင်းသမားများကို ဤကဲ့သို့စေလွှတ်လိမ့်မည် မဟုတ်ပါချေ။

ယခုမှတော့ တိန့်ထောက် ဘာမှ မတတ်နိုင်တော့ပါချေ။ သူသည် အဘိုးကြီးကြောင်နက်ရှိရာ ဘုရားကျောင်းပျက်ကြီးဆီသို့ ပြန်သွားမည်အပြု သူ့အနီးသို့ အဘိုးကြီးကြောင်နက် ရောက်လာလေသည်။

အဘိုးကြီးကြောင်နက်က သေဆုံးနေသော မဟူရာသိုင်းသမားအတုကိုကြည့်ပြီး အံ့သြတကြီးပြောသည်။

"ဟင် .... သူက သွေးအေးသိုင်းသမားကြီး ယီဗိန်းပါလား"

တိန့်ထောက်က ဝင်မေးသည်။

"သူ့ကို ခင်ဗျားက သိလို့လား .... "

"သိတာပေါ့ .... သူဟာ ကျုပ်နဲ့လည်း ခင်မင်ရင်းနှီးသူပါ... ဘာဖြစ်လို့ မိတ်ဆွေကြီး မဟူရာသိုင်းသမားယောင်ဆောင်ပြီး ပစ္စည်းကို တောင်းရတာလဲ မသိဘူး .... "

"သူ့ကို တစ်ဦးဦးက စေခိုင်းလို့ ဖြစ်မှာပေါ့ .... "

အဘိုးကြီး ကြောင်နက်က တိန့်ထောက်ကို တကယ်ပင်မဟူရာသိုင်းသမားကြီးဟု ထင်မှတ်၍ လက်ဖမိုးနှစ်ဖက်ကိုယှက်ကာ ကျေးဇူးတင်စကား ပြောလေသည်။

"စောစောက ကျွန်တော့်အသက်ကို ခင်ဗျားကယ်လိုက်ပေ



လို့သာပေါ့ .... ဒီအတွက် ကျေးဇူးကြီးလှပါတယ် မဟူရာသိုင်းသမားကြီး ခင်ဗျား .... "

တိန့်ထောက်က သူ့အတွေးနှင့်သူ ငြိမ်နေသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က မိမိဆရာဖြစ်သူ မဟူရာသိုင်းသမားကြီး၏ နာမည်ကို အလွဲသုံးစားလုပ်ပြီး သိုင်းဂိုဏ်းကြီးကိုးဂိုဏ်း၏ နဂါးကိုးကောင် တံဆိပ်တုံးကို ခိုးခဲ့သူမှာ ဤသွေးအေးသိုင်းသမားကြီးပင် ဖြစ်လေသလောဟု တွေးနေခြင်း ဖြစ်၏။

သူက ခပ်တည်တည်ပင် အဘိုးကြီးကြောင်နက်ကို မေးသည်။

"ဒီလူရဲ့နာမည်သတင်းကို ကျုပ် မကြားဖူးပါဘူး .... သိုင်းလောကမှာ လှုပ်ရှားခဲ့သော ဘယ်လောက်ကြာပြီလဲ .... "

အဘိုးကြီး ကြောင်နက်က မျက်မှောင်ကြုတ် စဉ်းစားလိုက်ပြီးမှ ....

"ဒီလူသိုင်းလောကမှ ခြေချခဲ့တာ အနှစ်နှစ်ဆယ်လောက်ပဲ ရှိပါသေးတယ် .... ဒါပေမယ့် .... သူဟာ ကွမ်းဒိုက်နယ်ဘက်မှာပဲ လှုပ်ရှားခဲ့တာပါ .... သူနဲ့ကျုပ်နဲ့ သိကျွမ်းခင်မင်ကြတာလည်း ကွမ်းဒိုက်နယ်ဘက်မှာပါပဲ .... အခု ဒီလူကို ဒီမှာတွေ့ရတာ ကျုပ်တောင် အံ့သြနေမိတယ် .... ဒီလူ ဒီဒေသကို ရောက်လာပြီး လှုပ်ရှားတာ မကြာသေးဘူးနဲ့ တူတာပဲ .... "

"လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်က သူ့ရဲ့သိုင်းပညာဟာ ခုလိုပဲ အဆင့်မြင့်သလား .... "

"ဒီတုန်းက သူ့ရဲ့အသက်က သုံးဆယ်လောက်ပဲ ရှိသေးတာ

ပဲ .... ဒီလိုသိုင်းပညာ ဘယ်အဆင့်မြင့်ဦးမှာလဲ .... အလယ်ပိုင်း သိုင်းလောကအကြောင်းတောင် ဒီတုန်းက သူ ဘာမှ သိသေးတာ မဟုတ်ဘူး ....."

အဘိုးကြီးကြောင်နက်၏ စကားအရသာဆိုပါက ကျန်ရှိသော အနှစ် နှစ်ဆယ်က မဟာရာသိုင်းသမားယောင်ဆောင်ခဲ့သူမှာ သွေးအေး သိုင်းသမားကြီး ယီပိန်းဖြစ်နိုင်ကြောင်း တိန့်ထောက် တွေးမိသည်။

တိန့်ထောက်သည် အဘိုးကြီးကြောင်နက်ကို နှုတ်မဆက်ဘဲ ချာခနဲ လှည့်ထွက်ခဲ့သည်။

ထိုသူကား ဆရာဖြစ်သူ မဟာရာသိုင်းသမားကြီး၏ အမှုအရာ အတိုင်းပင် ဖြစ်လေသည်။

## အခန်း(၁၀)

## ထောင်ချောက်ထဲမှ လူနှစ်ယောက်

လိုယန်းမြို့တွင်းသို့ တိန့်ထောက်ဝင်ရောက်မိသည်နှင့် သူ့နောက်တွင် နောက်ယောင်ခံ၍ လူတချို့လိုက်လာနေကြကြောင်း စတင်သတိထားမိလာသည်။

သို့သော် သူသည် မသိချင်ယောင်ဆောင်နေခဲ့သည်။ လုံးဝလည်း ဂရုစိုက်ခြင်း မရှိချေ။

သူသည် တည်းခိုခန်းတစ်ခုတွင် အခန်းငှားလိုက်သည်။ နောက်ဘက်အဆောင်ကြီး တစ်ဆောင်လုံးကို ငှားလိုက်ခြင်းဖြစ်၏။

သို့မှလည်း သူဘာသာသီးသန့်နေထိုင်ရမည် ဖြစ်လေသည်။

ညနေစာထမင်းကို သူသည် အဆောင်ထဲတွင်ပင် စားသောက်ရန် မှာကြားထားလိုက်သည်။

ထမင်းစားချိန် ရောက်လာသောအခါ တည်းခိုခန်းမှ အလုပ်သမားက ညစာထမင်းဟင်းများကို သစ်သားလင်ဗန်းကြီးဖြင့် တိန့်ထောက်ထံ သယ်ယူလာသည်။

ထမင်းဟင်းများကို စားပွဲပေါ်တွင် ခင်းကျင်းချထားလို့ သောအခါ တိန့်ထောက် အံ့အားသင့်သွားရသည်။ စားသောက်ဖွယ်ရာ များမှာ လူနှစ်ဆယ်စာရှိနေသောကြောင့် ဖြစ်လေသည်။

တိန့်ထောက်က အစားအသောက် လာပို့သော တည်းခိုခန်း အမှုထမ်းကို နားမလည်ဟန်ဖြင့် ကြည့်၍ မေးမိသည်။

"ကျွန်တော် တစ်ယောက်တည်း စားမှာပဲ .... ဘာဖြစ်လို့ လူနှစ်ယောက်စာ လာပို့ရတာလဲ .... "

အမှုထမ်းက ခပ်ပြုံးပြုံးပင် ပြန်ပြောသည်။

"ဆရာလေးရဲ့မိတ်ဆွေကြီးတစ်ယောက်က ဒီညစာကို ဆရာ လေးနဲ့ နှစ်ယောက်အတူတူ စားမယ်ဆိုပြီး ဖွယ်ဖွယ်ရာရာ ဟင်းတွေ ကိုတောင်ရွေးပြီး မှာထားတာ .... "

တိန့်ထောက် စဉ်းစားမရအောင် ဖြစ်မိသော်လည်း ဘာမှ ပြန်မမေးတော့ချေ။ ဘယ်သူများ ဖြစ်လိမ့်မလဲဟု စိတ်ထဲမှတော့ စဉ်းစားနေမိ၏။

တည်းခိုခန်းအမှုထမ်း ပြန်ထွက်သွားပြီးသည့်တိုင်အောင် သူသည် အစားအသောက်များကို စတင် စားသောက်ခြင်းမရှိသေးဘဲ ရောက်လာမည့် မိတ်ဆွေဆိုသူကိုသာ စောင့်နေမိသည်။

သိပ်ပြီး မကြာလှပါချေ။

အဆောင်တံခါးပေါက်မှ လူတစ်ယောက် ဝင်လာသည်။

ထိုသူကိုမြင်တော့ တိန့်ထောက် အံ့သြဝမ်းသာသွားသည်။ ထိုသူကား အဘိုးကြီး ဟိုအိလောက်ပင် ဖြစ်လေတော့သည်။ အဘိုး



ကြီး ဟိုအိလောက်သည် တိန့်ထောက်ကို မြင်မြင်ချင်း ရယ်မောပြောဆို သည်။

"တိန့်ထောက် .... မင်းရဲ့မိတ်ဆွေဟာ ငါဖြစ်လိမ့်မယ်လို့ မင်း နည်းနည်းမှ မတွေးမိဘူးလား .... ဟား .... ဟား .... ဟား.... ဟား .... ဟား .... "

တိန့်ထောက်က ထရပ်ကာ လက်ဖမိုးနှစ်ဘက်ယှက်၍ ပြုံးပြုံး ရယ်ရယ် ပြန်ပြောသည်။

"ကျွန်တော်ကလည်း ဘကြီးဟို ဖြစ်လိမ့်မယ်လို့ စဉ်းစားမိ တာနဲ့ မစားသေးဘဲ စောင့်နေတာပါ .... "

ယခုအခါ အဘိုးကြီးဟိုမှာ ယခင်ကလို အဝတ်အစားကို ဖြစ် ကတတ်ဆန်း စုတ်စုတ်ပြတ်ပြတ် ဝတ်မထားချေ။ သန့်သန့်ပြန့်ပြန့် နှင့် ဝတ်စုံပြာကို ဝတ်ထားသည်။ ထို့ကြောင့် သူ့ရုပ်သွင်မှာ အနည်း ငယ် ပိုနုသွားသယောင်ရှိသည်။

အဘိုးကြီး ဟိုအိလောက်က တိန့်ထောက်နှင့် မျက်နှာချင်း ဆိုင်တွင် ဝင်ထိုင်သည်။

"ကြီးဟို၊ ဘယ်တုန်းက လို့ယန်းမြို့ကို ရောက်နေတာလဲ"

"သုံးရက်တောင်ရှိနေပြီ .... မင်း မြို့ထဲကို ရောက်လာ ကတည်းက ငါတွေ့သားပဲ .... မင်းနောက်ကို လူတစ်ချို့နောက်ယောင်ခံ လိုက်နေကြတာကိုကော မင်း သိရဲ့လား .... "

"သိပါတယ် .... ဂရုစိုက်စရာ မလိုပါဘူး .... "

"သွားတာလာတာ သတိတော့ထားပေါ့ကွာ .... မင်းနောက်

ကို ဘယ်သူတွေက ဘယ်လိုအကြံအစည်မျိုးနဲ့ လိုက်နေကြတာလဲမှ မသိတာ .... "

"သတိတော့ ထားရမှာပေါ့ ဘကြီး .... ဟို ဘယ်လိုသတင်းထူးတွေ ရခဲ့သေးသလဲ .... "

"တိမ်နဂါးကျောက်ယွင်စိမ်းဟာ ဝမ်ရဲ့ရဲတိုက်မှာ ရှိလို့နေတယ်လို့တော့ သတင်းကြားတာပဲ .... တိတိကျကျ ကြားရတဲ့သတင်းမျိုးတော့ မဟုတ်ပါဘူး .... "

"အင်း .... တိတိကျကျသိရအောင် ကျွန်တော်တို့ကိုယ်တိုင် ဝမ်ရဲ့ ရဲတိုက်ထဲကို ဝင်ကြည့်သင့် ကြည့်ရတော့မှာပဲ .... "

"လွယ်တော့ မလွယ်လှဘူး .... ဒါပေမယ့် နောက်ဆုံးတော့ ဒီလိုပဲ လုပ်ရတော့မှာပေါ့ .... "

ထို့နောက် တိန့်ထောက်နှင့် ဟိုအိလောက်တို့သည် စကားဖြတ်လိုက်ကြပြီးနောက် အစားအသောက်များကိုသာ အားပါးတရ စားသောက်ကြပြန်သည်။ စားသောက်ပြီးမှ တိန့်ထောက်က မိုးကြိုးဓားကို ရခဲ့ပြီဖြစ်ကြောင်း၊ အားလုံးသိ သိုင်းသမားကြီး ချွမ်းကြည်ကို သွားရောက် ကယ်ထုတ်တော့မည်ဖြစ်ကြောင်းကို ဟိုအိလောက်ကို ပြောပြီး မန်းစန်းတောင်သို့ ထွက်လာခဲ့လေသည်။



မန်းစန်းတောင်ပေါ်ရှိ သံချိုင်းဟောင်းကြီးဆီသို့တိန့်ထောက်ရောက်လာသောအခါ သန်းခေါင်တိုင်နေပြီ ဖြစ်၏။

အားလုံးသိချွမ်းကြည်ကို ချုပ်နှောင်ထားရာ မြေအောက်ခန်းကို ဝင်သည့်တံခါးပေါက် ကျောက်ပြားကြီးမှာ ပွင့်နေကြောင်းတွေ့ရသော် တိန့်ထောက် အံ့ဩတကြီး ဖြစ်သွားသည်။ အားလုံးသိ ချွမ်းကြည်အနေဖြင့် သံကြိုးကို ဖြတ်၍ထွက်သွားခြင်းတော့ ဟုတ်လိမ့်မည်မဟုတ်ချေ။ တစ်ဦးဦးက ဖွင့်သွားခြင်း ဖြစ်လိမ့်မည်ဟု တိန့်ထောက်တွေးမိသည်။

အားလုံးသိ ချွမ်းကြည်ကို တစ်ဦးဦးက လုပ်ကြံသတ်ဖြတ်သွားလေပြီလောဟု တွေး၍ စိုးရိမ်စိတ်လည်း ဝင်လာမိသည်။

တိန့်ထောက် သတိထားပြီး မြေအောက်ခန်းထဲသို့ ဆင်းခဲ့သည်။

မြေအောက်ခန်းထဲတွင် မည်သည့်လှုပ်ရှားသံကိုမှ မကြားရချေ။ ဥမင်လမ်းထဲတွင်ရှိသည့် အခန်းထဲတွင်မူ မီးရောင်ကို မြင်ရသည်။

တိန့်ထောက် ဥမင်လမ်းထဲသို့ ခြေကို ဖော့နင်းကာ ခပ်သွက်သွက် ပြေးဝင်လာသည်။ အလင်းရောင် ထွက်ပေါ်နေသော အခန်းထဲ

တွင် နံရံကိုမှီပြီး မျက်လုံးအပြူးသားဖြင့် ထိုင်နေသော အားလုံးသိ ချွမ်းကြည်ကို တိန့်ထောက် တွေ့ရလေသည်။

"ဦးကြီး ချွမ်းကြည် ဘာဖြစ်နေတာလဲ .... "

အားလုံးသိ ချွမ်းကြည်မှာ ကျောက်ရုပ်ကြီးကို ငြိမ်နေသည်၊ မည်သည့်စကားမှလည်း ပြန်မပြောချေ။

တိန့်ထောက်သည် စိုးရိမ်တကြီးဖြင့် အားလုံးသိချွမ်းကြည်ကို စမ်းသပ်ကြည့်သည်။ ထိုအခါမှ အကြောပိတ်ခံထားရခြင်းဖြစ်ကြောင်း တိန့်ထောက် သိရ၏။ သူသည် ချက်ချင်းပင် အားလုံးသိချွမ်းကြည်၏ သွေးကြောများကို ကောက်ညှစ်ကာ အကြောဖြေပေးလိုက်သည်။

အားလုံးသိ ချွမ်းကကြည်သတိရလာပြီး .... တိန့်ထောက်ကို အထိတ်တလန့် အော်ပြောသည်။

"တိန့်ထောက် .... အပေါ်ကိုမြန်မြန်တက် ထောင်ချောက်မှာ မင်းပါ မိလိမ့်မယ် .... "

"ဘာထောင်ချောက်လဲ .... "

"ရန်သူတွေအပေါ်မှာရှိနေ .... "

"ဝုန်း .... ဒုန်း"

အားလုံးသိ သိုင်းသမားကြီး ချွမ်းကြည်၏စကားမဆုံးခင်မှာပင် ကျယ်လောင်သော မြည်ဟည်းသံ ပေါ်ထွက်လာပြီး မြေအောက်ခန်းတစ်ခုလုံးမှာလည်း သွက်သွက်ခါသွားတော့၏။

တိန့်ထောက်အခြေအနေကို တွက်ဆမိလိုက်ပြီး ဥမင်လမ်းမှ ပြေးထွက်ကာ လှေကားပေါ်သို့ ခုန်တက်လိုက်သည်။ မြေတိုက်တံခါး



ပေါက်မှ မြေမှုန့်များ၊ ကျောက်ခဲကလေးများ တဖွဲဖွဲကျနေတုန်းဖြစ်၏။

တံခါးပေါက်အပြင်ဘက်မှ ကြီးမားလှသော ကျောက်တုံးကြီး တစ်တုံးဖြင့် ပိတ်ထားသည်ကိုလည်း တိန့်ထောက်တွေ့ရသည်။ သူသည် ထိတ်ခနဲဖြစ်သွားပြီး အတွင်းဘက်မှ ကျောက်တုံးကြီးကို တွန်းဖွင့်ကြည့်သည်။ ကျောက်တုံးကြီးမှာ ပွင့်ဖို့မဆိုထားနှင့် အနည်းငယ်ပင် မလှုပ်ချေ။

မည်သို့မျှ ဖွင့်မရသည့်အဆုံး တိန့်ထောက် စိတ်ပျက်လက်ပျက်ဖြင့် လှေကားပေါ်မှ ပြန်ဆင်းလာသည်။ ဥမင်လမ်းဝတွင်အားလုံးသိ ချွမ်းကြည်နှင့် မျက်နှာချင်းဆိုင်မိသည်။

"ဝင်ပေါက်ဝကို သူတို့တတွေ ကျောက်တုံးကြီးတွေနဲ့ ပိတ်သွားကြပြီ ဦးကြီး .... ဘယ်လိုမှ ဖွင့်မရဘူး .... "

အားလုံးသိ ချွမ်းကြည်ကလည်း သက်ပြင်းတစ်ချက် ချပြီး

"အင်း .... မင်း ရောက်မလာခင်ကလေးတင်ပဲ .... သူတို့တတွေရောက်လာပြီး ငါ့ကို အကြောပိတ်သွားကြတာ .... မင်း ရောက်လာတာကို သူတို့တတွေ အပြင်ဘက်က စောင့်ကြည့်နေကြတယ်လေ .... "

"သူတို့ဆိုတာ ဘယ်သူတွေလဲ .... "

"သူတို့ပြောသံဆိုသံတွေကို နားထောင်ကြည့်ရတာကတော့ ဝမ်းရဲ့ ရဲတိုက်ကလူတွေ ဖြစ်ပုံရတယ် တိန့်ထောက် .... "

တိန့်ထောက် ဘာမှ ပြန်မပြောဘဲ တခြားထွက်ပေါက် ရှိနိုင်မရှိနိုင် ရှာဖွေရန်အတွက် ဥမင်လမ်းတစ်ဖက်ဆီသို့ လာခဲ့သည်။အားလုံး

သိ ချွမ်းကြည်က သံကြိုးတချွင်ချွင်ဖြင့် နောက်မှပါလာသည်။

ဥမင်လမ်းတစ်ဖက်ခန်းရှိ မျက်နှာကျက်တွင် သုံးလက်မပတ်လည်ခန့်ရှိ လေဝင်ပေါက်ကလေး တစ်ပေါက်ကိုသာ တွေ့ရပြီး လူဝင်နိုင် ထွက်နိုင်သည့် တံခါးပေါက်ကိုမူ မတွေ့ရချေ။

တိန့်ထောက်၏ အကြံအစည်ကို ထိုအခါမှ အားလုံးသိ သိုင်းသမားက သိသွားပြီး စိတ်ပျက်လက်ပျက် ပြောသည်။

"ဒီမြေအောက်ကို ဝင်နိုင်ထွက်နိုင်တဲ့ အပေါက်ဆိုလို့ မင်းဝင်လာတဲ့ အပေါက်တစ်ပေါက်ပဲ ရှိတယ် .... ဒီထဲမှာ ကျုပ်က ဆယ်နှစ်လုံးလုံး နေလာခဲ့ရတော့ အားလုံးလှေ့လာပြီးပါပြီ .... တခြားဝင်ပေါက်ထွက်ပေါက် မရှိပါဘူး .... "

တိန့်ထောက်က ဘာမှပြန်မပြောဘဲ အကြံဉာဏ်ထုတ်ရန်အတွက် မြေပေါ်တွင် ထိုင်ချလိုက်သည်။ ဤအထဲမှ သူတို့တတွေ မထွက်နိုင်လို့ မဖြစ်ပေ။ ရန်သူက သူတို့ကို အချိန်မရွေး လုပ်ကြံနိုင်လေသည်။ လေဝင်ပေါက်မှ အဆိပ်ငွေ့များသာ လွှင့်ထုတ်ပါက သူတို့နှစ်ယောက်စလုံး မလွဲမသွေ သေကြရပေလိမ့်မည်။



ထိုစဉ် .... အားလုံးသိ ချွမ်းကြည်က မချင့်မရဲဖြင့် စကားဆိုသည်။

"ဒီကောင်တွေ ဝင်လာကြတော့ ငါလည်း ခုခံတိုက်ခိုက်ပါသေးတယ် .... ဒါပေမယ့် သံကြိုးတွေနဲ့ မလွတ်မလပ်တိုက်ခိုက်ရတော့ ဘယ်လွယ်မလဲ .... သူတို့ကို အရှုံးပေးလိုက်ရတာပေါ့ .... "

တိန့်ထောက်က အားလုံးသိ ချွမ်းကြည်၏ခြေထောက်မှ ခြေထိပ်သံကွင်းကို သေချာစွာ ကိုင်ကြည့်လိုက်ပြီး မေးသည်။

"ကြောင်နက်ဆိုတဲ့ အဘိုးကြီးကို ဦးကြီးသလား .... "

အားလုံး ချွမ်းကြည်က ခေါင်းညိတ်၍ ပြန်ပြောသည်။

"သိတာပေါ့ .... သိပ်ပြီး ခင်မင်ရင်းနှီးကြတဲ့ မိတ်ဆွေတွေပါပဲ .... သူနဲ့မင်းနဲ့ တွေ့ခဲ့ကြပြီလား .... မင်းကိုတွေ့ရင် ငါ့ဆီကို မြန်မြန်လာခဲ့ဖို့တောင် သူ့ကို မှာလိုက်သေးတယ် .... ဒါနဲ့ မိုးကြိုးဓားကို မင်းရခဲ့ရဲ့လား .... "

"ရခဲ့ပါပြီ .... ကျွန်တော်နဲ့ ပါလာပါတယ် .... "

"ဟာ .... ဝမ်းသာလိုက်တာကွာ .... "

တိန့်ထောက်က သူ မိုးကြိုးဓားရခဲ့ပုံကို ပြောပြပြီး ဓားမြှောင်

ကို ထုတ်ယူလိုက်သည်။ ဓားရောင် ဝင်းခနဲ လက်သွားသည်။

"ဒါ မိုးကြိုးဓားပါပဲ .... "

တိန့်ထောက်က ပြောပြောဆိုဆို ခြေထိတ်သံကွင်းထဲသို့ ဓားမြှောင်ကို ထိုးသွင်းကာ လှီးဖြတ်လိုက်သည်။ သံသံချင်း ပွတ်တိုက်မိသံနှင့်အတူ မီးပွင့်မီးပွားကလေးများ ပေါ်ထွက်လာသော်လည်း ခြေထိတ်သံကွင်းမှာ ပြတ်မသွားချေ။

အလွန်တရာ မာကျောလှသော သံကိုပင်လျှင် နှံ့ကဲ့သို့ လွယ်လွယ်ကူကူ လှီးဖြတ်နိုင်သော မိုးကြိုးဓားဟု နာမည်ကြီးနေသော်လည်း ယခုကဲ့သို့ ခြေထိတ်သံကွင်းကို ဖြတ်မရသောအခါ တိန့်ထောက်နှင့် အားလုံးသိ ချွမ်းကြည်တို့နှစ်ယောက်စလုံး နားမလည်နိုင်အောင် ဖြစ်ရသည်။ အံ့သြတကြီး ဖြစ်ကြရသည်။

ခြေထိတ်သံကွင်းတွင် ဓားရာပင် မထင်ချေ။

"တောက် .... ဟိုမိန်းမတော့ ကျွန်တော့်ကို လိမ်လှတ်လိုက်ပြီနဲ့တူတယ် .... "

တိန့်ထောက်က ဒေါသတကြီးဖြင့် ရေရွတ်ပြီး လက်ထဲမှ ဓားမြှောင်ကိုလည်း အခန်းနံရံသို့ ပစ်ပေါက်လိုက်၏။ အားလုံးသိ ချွမ်းကြည်အနှောင်အဖွဲ့မှ လွတ်မြောက်ရေးအတွက် မည်သို့လုပ်ရမည်မှန်း မသိတော့သဖြင့် စိတ်ပျက်လက်ပျက် ထိုင်နေမိသည်။

အားလုံးသိ ချွမ်းကြည်က ဓားမြှောင်ကျနေရာသို့ သံကြိုးတချွင်ချွင်ဖြင့် လျှောက်သွားပြီး ဓားမြှောင်ကို ကောက်ယူလိုက်သည်။ သူက ဓားကိုသေချာစွာကြည့်ပြီး သူ့ခြေထောက်မှ ခြေထိတ်သံကွင်းကို ဓားမြှောင်ဖြင့် ဖြတ်ပြန်သည်။ သို့သော် ခြေထိတ်သံကွင်းတွင် ဓားရာပင် မထင်ချေ။



တိန့်ထောက်ကတော့ ဓားမြှောင်ကို စိတ်မဝင်စားတော့ချေ။ မြေအောက်ခန်းထဲမှ မည်သို့ပြန်တက်နိုင်မည်ကိုသာ စဉ်းစားနေသည်။

"အင်း .... ဓားကတော့ ဓားကောင်းတစ်လက်ပါပဲ .... ထက်လိုက်တာကလည်း မြနေတာပဲ .... ဒါတောင် ဘာဖြစ်လို့ ဖြတ်မရတာပါလိမ့် .... "

အားလုံးသိ ချွမ်းကြည်က ဓားမြှောင်ကို သေချာစွာကြည့်ပြီး စဉ်းစားခန်း ဝင်နေပြန်သည်။ ခဏသာ စဉ်းစားပြီး သူ့မျက်နှာ တက်ကြွ လန်းဆန်းသွား၏။

"ဟုတ်ပြီ .... ဟုတ်ပြီ .... ဒီလိုပဲ လုပ်ကြည့်ရမယ် .... "

အားလုံးသိ ချွမ်းကြည်က အားတက်သရော ပြောလိုက်သော စကားသံကြောင့် စဉ်းစားခန်းဝင်နေသော တိန့်ထောက်က ဆတ်ခနဲ ကြည့်လိုက်သည်။

"ဘယ်လို လုပ်ကြည့်မှာလဲ ဦးကြီး .... "

"ဒီဓားကို မင်းရဲ့လက်နှစ်ဖက်နဲ့ စုကိုင်ထား .... ပြီးတော့ မင်းတစ်ကိုယ်လုံးမှာရှိတဲ့ အတွင်းအားတွေကို ဓားဆီလွှတ်လိုက် .... ထူးခြားမှု ရှိလိမ့်မယ်လို့ ငါ ထင်တယ် .... လုပ်ကြည့်စမ်းပါ .... "

တိန့်ထောက်လည်း ဓားမြှောင်ကို ယူလိုက်ပြီး အားလုံးသိ ချွမ်းကြည် ပြောသည့်အတိုင်း ပြုမူကြည့်သည်။ ထိုအခါ ဓားသွားမှာ စိမ်းဖန့်ဖန့် အရောင်တောက်ပြောင်လာသည်ကို တွေ့ကြရ၏။

အားလုံးသိ ချွမ်းကြည်က ပြောပြောဆိုဆို သူ့ခြေထောက်ကို စင်းပေးသည်။ ဓားမြှောင်ဆီမှ အငွေ့တန်းကလေးများလည်း လှုပ် တက်လာသည်။

တိန့်ထောက်က ချက်ချင်းပင် ခြေထိတ်သံကွင်းကို လှီးဖြတ် လိုက်သည်။ ရွှံ့ကိုလှီးရသကဲ့သို့ မိုးကြိုးဓားက ခြေထိတ်သံကွင်းကို လွယ်ကူစွာ လှီးဖြတ်နိုင်လေသည်။



"ဟား .... ဟား .... ဟား .... လွတ်ပြီဟေ့ လွတ်ပြီ"

ခြေထိတ်သံကွင်းနှစ်ကွင်းစလုံး ပြတ်သွားသောအခါတွင် အားလုံးသိ ချွမ်းကြည်က ဝမ်းသာအားရဖြင့် ရယ်မောလိုက်သည်။

"သံကွင်း အချုပ်အနှောင်က လွတ်သွားပေမယ့် ကျွန်တော်တို့တတွေ ဒီထဲက ထွက်မရတာ ခက်တယ်နော် ဦးကြီးချွမ်း .... "

တိန့်ထောက်စကားကြောင့် အားလုံးသိ ချွမ်းကြည် ငိုင်သွားပြန်သည်။

"တိန့်ထောက် တံခါးပေါက်ကို ပိတ်ထားတဲ့ ကျောက်တုံးကြီးက အတော်ကြီးသလား .... တို့နှစ်ယောက်အင်အားနဲ့ တွန်းဖယ်လို့ မရနိုင်ဘူးလား .... "

တိန့်ထောက်က ခေါင်းကိုခါယမ်းပြီး ....

"ကျွန်တော်တို့နှစ်ယောက်အားနဲ့ ဘယ်လိုမှ တွန်းဖယ်နိုင်မှာ မဟုတ်ဘူး ဦးကြီး။ အတွင်းအားကောင်းတဲ့ သိုင်းသမားဆယ်လောက် အင်အားနဲ့ ဒီကျောက်တုံးကြီးကို ပိတ်ထားတာပဲ ဖြစ်မယ် .... "

"ဒါဖြင့် .... ဒီထဲက တို့တတွေ ထွက်ဖို့မလွယ်ဘူးပေါ့ .... "

တိန့်ထောက် ဘာမှပြန်မပြောဘဲ မျက်နှာကျက်မှ လေဝင်

ပေါက်ကို မော့ကြည့်ပြီး စဉ်းစားနေသည်။ ပြီးမှ အကြံရဟန်ဖြင့် ထိုင်ရ
မှ ထရပ်သည်။ သူလက်ထဲတွင် မိုးကြိုးဓားကို ခပ်တင်းတင်း ဆုပ်ကိုင်
ထားသည်။

"ဟိတ် .... "

သူသည် စောစောကလိုပင် အတွင်းအားကို စုစည်းလိုက်ပြီး
မျက်နှာကျက်ဆီသို့ လွှားခနဲ ခုန်လိုက်သည်။

တိန့်ထောက်၏ အပြုအမူကို နားမလည်သဖြင့် အားလုံးသိ
ချွမ်းကြည်က ပါးစပ်အဟောင်းသားဖြင့် ကြည့်နေသည်။

လေဝင်ပေါက်ကလေးဆီသို့ တိန့်ထောက် ရောက်သွားပြီး
လေဝင်ပေါက်ဘေးနားမှ မျက်နှာကျက်ကို သူလက်ထဲမှ မိုးကြိုးဓားဖြင့်
ထိုးစိုက်သွင်းလိုက်သည်။

မိုးကြိုးဓားမြှောင်သွားက မျက်နှာကျက်တွင် စွပ်ခနဲ ဝင်
ရောက်သွားသည်။ ဓားကဲ မျက်နှာကျက်တွင် ထိုးစိုက်ဝင်နေသဖြင့်
ဓားကို ကိုင်ထားသော တိန့်ထောက်လည်း လေထဲတွင် တန်းလန်းကြီး
ဖြစ်နေသည်။

တိန့်ထောက်သည် အတွင်းအားကို စုစည်းပြီး ကျန်လက်တစ်
ဖက်ဖြင့် မျက်နှာကျက်ကို သုံးလေးချက်ဆင့် ရိုက်လိုက်သည်။

'ဝုန်း'ခနဲ၊ 'ဝုန်း'ခနဲ အသံကြီးပေါ်လာပြီး လေဝင်ပေါက်နေရာ
မှ မျက်နှာကျက်မှာ ပွင့်ထွက်ကုန်သည်။ အုတ်ခဲမြေမှုန့်များလည်း ပြို
ဆင်းကျကုန်သည်။

တိန့်ထောက်လည်း ဓားမြှောင်ကို ကိုင်လျက် အောက်ဘက်



သို့ ပြန်ကျလာသည်။ သူသည် တွေတွေကြီး ဖြစ်နေသော အားလုံးသိ
ချွမ်းကြည်လက်ကိုဆွဲပြီး၊ ဥမင်လမ်းထဲကို ပြေးဝင်ခဲ့သည်။

မျက်နှာကျက်မှ အုတ်ခဲမြေမှုန့်များမှာ တဝုန်းဝုန်းနှင့် ပြိုကျ
နေသည်။ သူတို့သာ ဥမင်လမ်းထဲသို့ ဝင်မပြေးပါက သူတို့ပေါ်သို့ အုတ်
ကျိုး အုတ်ပဲ့များ ကျလာနိုင်လေသည်။

အုတ်ကျိုး အုတ်ပဲ့များ အကျရပ်သွားပြီးနောက် မျက်နှာ
ကျက်တွင် ကြီးမားလှသော အပေါက်ကြီးတစ်ပေါက် ဖြစ်သွားသည်။
၎င်းအပေါက်မှကြည့်လျှင် ကြယ်ပွင့်ကလေးများ ဝင်းလက်နေသော
ကောင်းကင်ပြင်ကို လှမ်းမြင်ရလေသည်။

"လွတ်ပြီဟေ့ .... လွတ်ပြီ .... ဟား .... ဟား .... ဟား"

အားလုံးသိချွမ်းကြည်က ဝမ်းသာအားရ ရယ်မောလိုက်သည်။

တိန့်ထောက်နှင့် အားလုံးသိ ချွမ်းကြည်တို့နှစ်ယောက်စလုံး
ထိုမျက်နှာကျက်အပေါက်ကြီးမှ အပြင်ဘက်သို့ ခုန်ထွက်လိုက်ကြသည်။

သူတို့ပတ်လည်ကိုလည်း ဂရုတစိုက်ကြည့်သည်။ မည်သူ
တစ်ဦးတစ်ယောက်ကိုမျှတော့ မတွေ့ရတော့ချေ။

ရန်သူများက သူတို့ကို ဤမြေအောက်ခန်းမှ မည်သည့်နည်း
နှင့်မျှ လွတ်မြောက်နိုင်လိမ့်မည် မဟုတ်ဟု ယူဆကြသဖြင့် သက်ဆိုင်
ရာ အကြီးအကဲကို သွားရောက်သတင်းပို့နေခြင်း ဖြစ်လိမ့်မည်ဟု တိန့်
ထောက် တွေးမိသည်။

တိန့်ထောက်နှင့်အားလုံးသိ ချွမ်းကြည်တို့လည်း ချက်ချင်းပင်
မန်းစန်းတောင်ပေါ်မှ ဆင်းခဲ့ကြသည်။

တစ်လမ်းလုံး မည်သည့်အနှောင့်အယှက်ကိုမှ မတွေ့ရဘဲ၊ မြို့ထဲမှ တည်းခိုခန်းဆီသို့ ပြန်ရောက်လာကြသည်။

ဟိုအိလောက်က အားလုံးသိချွမ်းကြည်ပါလာသည်ကို မြင်ရသောအခါ ဝမ်းသာအားရဖြင့် ဆီးကြိုသည်။

တိန့်ထောက်ကလည်း မြေအောက်ခန်းတွင် ရန်သူထောင်ချောက်ထဲသို့ ကျရောက်ခဲ့ပုံကို ပြောပြလိုက်သည်။

ထို့နောက် သတိဖြင့် အိပ်စက်ကြလေသည်။

*

## အခန်း(၁၁)

## မိန်းမချောနှင့် လူပုကြီး

ညက အိပ်ရေးပျက်သော်လည်း တိန့်ထောက်တို့သုံးယောက်လုံး ခပ်စောစောပင်ထပြီး နံနက်စာ စားကြသည်။ စားသောက်ရင်းမှ တိန့်ထောက်က အားလုံးသိ ချွမ်းကြည်ကို မေးသည်။

"ကျွန်တော် လူသုံးယောက်ကို လိုက်ရှာနေပါတယ် ဦးကြီး။ တစ်ယောက်က တိမ်နဂါးကျောက်ယွင်စိမ်း .... နောက်နှစ်ယောက်က သံတောင်ပံငှက် သိုင်းသမားနဲ့ အသည်းမည်း ဟူဖေးတို့ပါပဲ .... သူတို့ကို ဦးကြီးချွမ်း သိပါသလား ....၊"

အားလုံးသိ ချွမ်းကြည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

"အင်း .... သူတို့က ထိပ်တန်းနာမည်ကျော်သိုင်းသမားတွေပဲ .... ဒါပေမယ့် ငါက ဆယ်နှစ်လုံးလုံး အချုပ်ခံနေရသူဆိုတော့ သိုင်းလောကရဲ့အကြောင်းကို အတော်ကလေး မျက်ခြည်ပြတ်နေပါတယ်၊ ငါ့ကို ဆယ်ရက်လောက် အချိန်ပေးမယ်ဆိုရင်တော့ စုံစမ်းပေးပါ့မယ်"

"တိမ်နဂါးကျောက်ယွင်စိမ်းဟာ ဝမ်ရဲ့ရဲတိုက်မှာ ခိုလှုံနေ

တယ်လို့တော့ သတင်းကြားရတာပဲ .... တိတိကျကျ ဟုတ် မဟုတ်တော့ မသိရသေးဘူး ဦးကြီးချမ်း .... ”

“သူ့အကြောင်းကို ငါ သိထားရသလောက်ပြောရရင် တိမ်နဂါး ကျောက်ယွင်စိမ်းဟာ အမည်မဲ့ သိုင်းသမားကြီးတစ်ယောက်ရဲ့ တပည့်ပဲ .... အမည်မဲ့ သိုင်းသမားကြီးဟာ တိမ်မြုပ်ပြီး နေထိုင်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်လေတော့ သူ့နာမည်ကို ဘယ်သူမှ မသိကြဘူး ဒါကြောင့် သိုင်းလောကသားတွေ့ သူ့ကို အမည်မဲ့သိုင်းသမားကြီးလို့ ခေါ်ကြတာပဲ .... သူ့မှာ တပည့်ရင်းနှစ်ယောက်ရှိတယ်၊ တစ်ယောက်ကတော့ ကျောက်ယွင်စိမ်းပဲ .... နောက်တစ်ယောက်ကိုတော့ ဘယ်သူ ဘယ်ဝါဆိုတာ ဘယ်သူမှ မသိကြဘူး .... သူကလည်း ဆရာလို ဇာတ်မြုပ်နေထိုင်တဲ့သူကိုး .... ”

“အမည်မဲ့သိုင်းသမားကြီးဟာ၊ ဘယ်မှာ ဇာတ်မြုပ်နေထိုင်ပါသလဲ ဦးကြီး .... ”

“နှင်းတောင်မှာပါ .... ”

“နှင်းတောင် ဟုတ်လား .... ရှန်းကျင်ဒေသက နှင်းတောင်ကို ပြောတာလား .... ”

“ဟုတ်တယ် .... ခုချိန်ထိ အမည်မဲ့သိုင်းသမားကြီး သက်ထင်ရှား ရှိနေဦးမယ်ဆိုရင်တော့ အသက်တစ်ရာကျော်နေပြီပေါ့ ....”

“တိမ်နဂါးကျောက်ယွင်စိမ်းဟာ နှင်းတောင်ကိုများ ပြန်သွားတာများ ဖြစ်နေမလား .... ”

ဟိုအိုလောက်က ခေါင်းကိုခါယမ်းပြီး ဝင်ပြောသည်။



“ကျောက်ယွင်စိမ်း နှင်းတောင်ကို ရောက်မသွားပါဘူး .... ကျုပ်ကိုယ်တိုင် နှင်းတောင်ကို သွားကြည့်ပြီးပါပြီ .... အမည်မဲ့သိုင်းသမားကြီးရဲ့ သင်္ချိုင်းအုတ်ဂူကိုပဲ တွေ့ခဲ့ရတယ် .... ”

“အင်း .... ဒါဆိုရင်တော့ ကျွန်တော်တို့တတွေ ဝမ်ရဲ့ရဲတိုက်ကိုပဲ စောင့်ကြည့်နေရမှာပေါ့ .... ”

အားလုံးသိ သိုင်းသမားကြီး ချမ်းကြည်က ဖြတ်မေးသည်။

“ကျောက်ယွင်စိမ်းက ချီယွင်ဂေဟာ သခင်ကြီးချူဟွားဟီရဲ့ လက်ရုံးတစ်ဆူပဲ မဟုတ်လား .... ”

တိန့်ထောက်က ခေါင်းညိတ်၍ ....

“အစကတော့ ဟုတ်ပါတယ် .... ခုတော့ သူကသစ္စာဖောက်ပြီး ချီယွင်ဂေဟာက ထွက်ပြေးသွားတယ်လို့ သိရပါတယ် ဦးကြီးချမ်း၊ အခု ဝမ်ရဲ့ရဲတိုက်မှာ သူရောက်နေတယ်လို့တော့ ကြားရတာပဲ .... ဝမ်ရဲ့ရဲတိုက်ကို ကျွန်တော်တို့ထဲက တစ်ယောက်ယောက် ဝင်စုံစမ်းနိုင်မယ်ဆိုရင်တော့ အကောင်းဆုံးပဲ .... ဘယ်သူ ဝင်ကြမလဲ .... ”

“ကျုပ် ဝင်မယ် .... ”

တံခါးပေါက်ဆီမှ စကားသံပေါ်လာသည်။ တိန့်ထောက်တို့သုံးယောက်စလုံး တံခါးပေါက်ဆီသို့ ကြည့်လိုက်သောအခါ အဘိုးကြီးကြောင်နက်ဝင်လာသည်ကို မြင်ကြရလေသည်။

အားလုံးသိ ချွမ်းကြည်နှင့် တိန့်ထောက်တို့က ဝမ်းသာအားရ ထိုင်ရာမှ ထရပ်လိုက်ပြီး ဆီးကြိုကြသည်။

အဘိုးကြီးကြောင်နက်၏ခါးတွင် ဘူးသီးခြောက်တစ်လုံး ချိတ်ထားသည်။ သူက စားပွဲဆီသို့ လျှောက်လာပြီး ခါးမှ ဘူးသီးခြောက်ကို ဖြုတ်ကာ စားပွဲပေါ်သို့ တင်လိုက်၏။ ပြီးမှ အားလုံးသိ သိုင်းသမားကြီး ချွမ်းကြည်ကို ပြုံးပြုံးကြီးကြည့်၍ပြောသည်။

“အားလုံးသိကြီးလွတ်လာပြီနော် .... ခုလို တွေ့ရတော့ ... ကျုပ်အများကြီး ဝမ်းသာပါတယ် .... ”

“ထိုင်ပါအဘ .... ကျွန်တော်တို့ရဲ့ မနက်စာဝိုင်းကို အဘ ရောက်လာတော့ ပိုစည်ကားသွားတာပေါ့ .... ”

တိန့်ထောက် စကားအဆုံးတွင် အဘိုးကြီး ကြောင်နက်လည်း ခုံတစ်လုံးတွင် ဝင်ထိုင်သည်။ ထိုင်မိလျှင် ထိုင်မိချင်း သူ့ဘူးခြောက်ထဲမှ အရက်ကိုမော့၍ ရေသောက်သလို သောက်သည်။

ပြီးမှ အားရသွားဟန်ဖြင့် လေပူတစ်ချက် မှုတ်ထုတ်၍ —

“ဝမ်ရဲ့ ရဲတိုက်ထဲကို ကျုပ်ဝင်ပြီး စုံစမ်းပေးပါ့မယ် ....”



အားလုံးသိ ချွမ်းကြည်က ခေါင်းညိတ်၍ ....

“နောင်ကြီး သွားတာတော့ အသင့်လျော်ဆုံးပဲ .... နောင်ကြီးက အိမ်တွေထဲကို လူမသိအောင် တိတ်တဆိတ်ဝင်တဲ့ပညာကို ကောင်းကောင်းကြီး တတ်ထားတယ် မဟုတ်လား .... ”

တိန့်ထောက်က ....

“အဘက ဝမ်ရဲ့ ရဲတိုက်ရဲ့ အနေအထားကို ကျွမ်းကျင်လို့လား .... ”

“ဒါတော့ ဘယ်ကျွမ်းကျင်ပါ့မလဲ .... ငါမှ မရောက်ဘူးတာ”

“ကျွန်တော်က ဝမ်ရဲ့ ရဲတိုက်မှာ ငယ်ငယ်ကလေးတည်းက နေလာခဲ့တဲ့သူပါ .... ဝမ်ရဲ့ ရဲတိုက်ရဲ့အနေအထားကို ကျွန်တော် သိသလောက် ပြောပြလိုက်ပါ့မယ် .... ”

တိန့်ထောက်က စာရွက်တစ်ရွက်ကိုယူပြီး သူ သိသလောက် မြေပုံညွှန်းဆွဲ၍ ပြောပြသည်။

အဘိုးကြီး ကြောင်နက်ကလည်း သေသေချာချာ မှတ်သားသည်။

တိန့်ထောက်က ရုတ်တရက် သတိရသဖြင့် ....

“ဒါနဲ့ အဘဆီမှာ ကျွန်တော်အပ်ထားတဲ့ပစ္စည်းကော .... ”

အဘိုးကြီးကြောင်နက်က သူ့ရင်ဖုံးအင်္ကျီထဲက စာရွက်ခေါက်ကလေးတစ်ခုကို နှိုက်ယူလိုက်ပြီး တိန့်ထောက်ကို ပေးရင်းပြောသည်။

“အဲဒီပစ္စည်း ဘယ်မှာထားတယ်ဆိုတာ ဒီစာရွက်ထဲမှာ ရေးထားပါတယ် .... လိုအပ်တဲ့အချိန်မှာ သွားယူပေါ့ .... ”

အားလုံးပင် မနက်စာကို ဝလင်အောင် စားသောက်ကြသည် အဘိုးကြီးကြောင်နက်တစ်ယောက်သာ အရက်ကိုဖိသောက် သည်။

စားသောက်ပြီးသည်နှင့် အဘိုးကြီးကြောင်နက်က ထိုင်ရာမှ ထသည်။

"ကျုပ်သွားမယ် .... ခုနစ်ရက်လောက်တော့ ကြာမယ် ... အီကျိုးမြို့မှာ ပြန်ဆုံကြတာပေါ့ .... "

ထို့နောက် အဘိုးကြီး ကြောင်နက်က အားလုံးကို နှုတ်ဆက် ပြီး ထွက်သွားသည်။

အားလုံးသိ ချွမ်းကြည်က ....

"ကျုပ်လည်း သတင်းထူးကလေးတွေကို ရအောင် စုံစမ်း လိုက်ဦးမယ် .... ကျုပ်နဲ့အတူ နောင်ကြီးဟိုလည်း လိုက်ခဲ့ပါလား"

"လိုက်မယ်လေ .... "

ဟိုအီလောက်ကလည်း ထိုင်ရာမှ ထသည်။

သူတို့တတွေ အီကျိုးမြို့တွင် ပြန်ဆုံကြမည်ဖြစ်ကြောင်း ပြော ၍ အားလုံးသိ ချွမ်းကြည်နှင့် ဟိုအီလောက်တို့ ထွက်ခွာသွားကြ

တိန့်ထောက်ကလည်း ကျသင့်ငွေကိုရှင်းကာ တည်းခိုခန်း ထွက်ခွာလာခဲ့လေသည်။

သူသည် လို့ယန်မြို့ထဲတွင် သတင်းထူးကို စုံစမ်းပြီး မထူး မှ ထွက်လာခဲ့ကာ လီနှစ်ဆယ်ခန့် ခရီးပေါက်လာခဲ့သည်။ တော ကြီးထဲသို့လည်း ရောက်လာသည်။



ထိုအချိန်တွင် နေဝင်နေပြီ ဖြစ်၏။

ထိုစဉ် သူ့ရှေ့မှ လူရိပ်တစ်ရိပ် ဖြတ်ပြေးသွားသည်ကို လှမ်း တွေ့လိုက်သည်။ ပြေးသွားသူမှာလည်း မျက်နှာအေး သီလရှင်ဖြစ် ကြောင်း မြင်ရသည်နှင့် တိန့်ထောက်လည်း ပြေးလိုက်ခဲ့သည်။

ရှေ့မှပြေးနေသော သီလရှင်ကြီးမှာ တန်းခနဲ ရပ်သွားပြီး နောက်ကို လှည့်မကြည့်ဘဲ မေးမြန်းသည်။

"နောက်က လိုက်လာတာ ဘယ်သူလဲ .... "

တိန့်ထောက်က ညင်သာစွာ ပြန်ပြောလိုက်သည်။

"တပည့်တော် ရောင်ခြည်သိုင်းသမား တိန့်ထောက်ပါ ...'

ထိုအခါမှ သီလရှင်ကြီး၏မျက်နှာ နောက်သို့ လှည့်လာပြီး တိန့်ထောက်ကို သေသေချာချာကြည့်သည်။

"လက်စသတ်တော့ မင်းကိုး .... နေပါဦး မင်းက ဘာဖြစ်လို့ ကျုပ်နောက်က လိုက်လာရတာလဲ .... "

တိန့်ထောက်က လက်ဖမိုးနှစ်ဖက်ကို ယှက်လိုက်ပြီး ....

"ကျွန်တော်က အီကျိုးမြို့ကို သွားမလို့ပါ၊ ဆရာလေးနောက်ကို လိုက်တာ မဟုတ်ပါဘူး .... အီကျိုးမြို့ကို ဒီလမ်းကပဲ သွားရမယ် မဟုတ်လား .... "

"မင်းကိစ္စက သိပ်ပြီးအရေးကြီးနေလို့လား .... "

"အရေးကြီးလှတယ်တော့ မဟုတ်ပါဘူး .... လူတစ်ယောက်ကို သွားစောင့်ရမှာပါ .... အဲဒီလူကလည်း နောက်လေးငါးခုနစ်ရက်မှ



ရောက်လာမှာပါ .... "

သီလရှင်ကြီးက စဉ်းစားလိုက်ပြီး ....

"မင်းရဲ့ကိစ္စ သိပ်ပြီး အရေးမကြီးသေးဘူးဆိုရင် ငါ့ကို အကူအညီတစ်ခုလောက် ပေးပါလား .... "

"ကျွန်တော် တတ်နိုင်တဲ့ အကူအညီမျိုးဆိုရင် ပေးပါ့မယ်...."

"ကျေးဇူးတင်ပါတယ်ကွယ်.... ဒီလိုဆို ငါ့နောက်က လိုက်ခဲ့ပါ .... "

သီလရှင်ကြီးက ဆက်ပြီး ထွက်ခွာသွားရာ တိန့်ထောက်လည်း လိုက်ခဲ့ရတော့၏။

သီလရှင်ကြီးကို မည်ကဲ့သို့ ကူညီရမည်ဖြစ်ကြောင်း တိန့်ထောက် မသိသော်လည်း သီလရှင်ကြီးက မပြောသဖြင့် သူကလည်း မမေးချေ။

သုံးလီခန့် ခရီးပေါက်လာသောအခါ အမှောင်ထုမှာ ပုံးလွှမ်းစပြုနေလေပြီ။

ထိုအခါမှ သီလရှင်ကြီးက ခြေလှမ်းကိုနှေးပြီး လျှောက်လိုက်သဖြင့် တိန့်ထောက်လည်း ဘေးချင်းယှဉ်လျှောက်ကာ မေးမြန်းရတော့၏။

"တပည့်တော်တို့ ဘယ်ကိုသွားကြမလို့လဲ .... "

"အိမ်ပျက်ကြီးတစ်ခုကိုပါ .... "

"တပည့်တော်က ဆရာလေးကို ဘယ်လိုအကူအညီမျိုး ပေးရမှာလဲ .... "

"ဒီအိမ်ပျက်ကြီးထဲမှာ ငါရှာနေတဲ့လူတစ်ယောက် ပုန်းနေတယ်လို့ သတင်းကြားထားတယ် .... လိုအပ်ရင် မင်းလည်း ဝိုင်းဝန်းတိုက်ခိုက်ပေးဖို့ပါ .... "

"အဲဒီလူရဲ့ သိုင်းပညာအဆင့်က .... ဆရာလေးထက် မြင့်လို့လား .... "

"သူ့ကိုတော့ မှုစရာမလိုပါဘူး .... သူ့မှာ အဆင့်မြင့် သိုင်းသမား တပည့်တပန်းတွေတော့ ရှိချင်ရှိနိုင်တယ် .... သူ့ဘက်က လူအင်အားများရင် သူ လွတ်မြောက်သွားမှာစိုးလို့ မင်းကို ခေါ်ခဲ့ရတာ ...'

"အဲဒီလူက ဘယ်သူလဲ ဆရာလေး .... "

"ရှူး .... အိမ်ပျက်ကြီးနား ရောက်နေပြီ .... စကားမပြောနဲ့တော့ .... အစောင့်တွေ ရှိနေနိုင်တယ် .... "

တိန့်ထောက်လည်း ဘာတစ်ခွန်းမှ ဆက်ပြီးမပြောရဲတော့ချေ၊

နှစ်ဦးသား တိတ်တဆိတ်ပင် အိမ်ပျက်ကြီးဆီသို့ ချဉ်းကပ်လာခဲ့ကြသည်။

တိန့်ထောက်လည်း အိမ်ပျက်ကြီးတစ်လုံးကို မှိုမှိုမည်းမည်း လှမ်းမြင်နေရသည်။ အိမ်ပျက်ကြီးထဲတွင် မီးရောင်မရှိဘဲ မှောင်နှင့်မည်းမည်း ဖြစ်နေသည်။

အနောက်ဘက်ဆောင်တွင်ရှိသော အခန်းတစ်ခန်းထဲတွင် မီးရောင် လင်းနေပြီး မီးရောင်က ပြတင်းပေါက်မှ လျှံထွက်နေသည်၊

အိမ်ပျက်ကြီးအပြင်ဘက်တွင် အစောင့်များ သွားလာလှုပ်ရှားနေသည်ကို လှမ်း၍ မြင်ကြရ၏။ အစောင့်များမှာ နှစ်ယောက်တစ်တွဲ



သုံးယောက်တစ်တွဲဖြင့် အိမ်ပျက်ကြီးကို လှည့်ပတ်ကာ စောင့်ကြပ်နေကြ၏။

သီလရှင်ကြီးက အခြေအနေကို အကဲခတ်၍ တီးတိုးပြောဆိုသည်။

"တိန့်ထောက်.... ဟို မီးလင်းနေတဲ့အခန်းထဲမှာ ဘာထူးခြားချက် ရှိသလဲလို့ မင်းသွားပြီးကြည့်စမ်းပါ .... ငါက ဒီကနေပဲ အခြေအနေ စောင့်ကြည့်နေမယ် .... "

တိန့်ထောက် ခေါင်းညိတ်ပြီး သစ်ပင်များ ချုံပင်များကို အကာအကွယ်ယူကာ အိမ်ပျက်ကြီး၏အနောက်ဘက်ဆောင်ဆီသို့ တိတ်တဆိတ် ချဉ်းကပ်ခဲ့သည်။

အနောက်ဘက်သို့ ရောက်လာသောအခါ ပြတင်းပေါက်ပိတ်ထားကြောင်း တွေ့ရပြီး ပျက်စီးနေသော ပြတင်းပေါက်ကြားမှ မီးရောင်ထွက်နေခြင်းကိုသာ မြင်ရ၏။

တိန့်ထောက်သည် အိမ်ပျက်ကြီးအနီးရှိ သစ်ပင်ပေါ်မှတစ်ဆင့် အိမ်ခေါင်မိုးပေါ်သို့ တက်ခဲ့သည်။ သူ့လှုပ်ရှားမှုက ညင်သာလှသဖြင့် မည်သည့်အသံမှ မထွက်ချေ။

အစောင့်များ၏ဝတ်စုံကို မြင်ရုံဖြင့် သူတို့မှာ ဝမ်ရဲ့ ရဲတိုက်မှ လူများဖြစ်ကြောင်း တိန့်ထောက်သိရသည်။

တိန့်ထောက်သည် ခေါင်မိုးပေါ်တွင် ဝပ်နေကာ မီးရောင်ထွက်ပေါ်လာရာ အခန်းထဲမှ အသံဗလံကို နားစွင့်ထောင်သည်။

"ဟင်း .... ဟင်း .... ဟင်း .... ခစ် .... ခစ် .... ခစ်"

အမျိုးသမီးတစ်ဦး၏ သဘောခွေ့.စွာ ရယ်မောလိုက်သော အသံကို ကြားရသည်။

တိန့်ထောက် တွေးမရအောင် ဖြစ်သွားပြီး ခေါင်မိုးမှ အုတ်ချပ်ကလေးတစ်ချပ်ကို အသာအယာ ခွာယူလိုက်ကာ မီးလင်းနေသော အခန်းထဲသို့ ချောင်းကြည့်လိုက်သည်။

ဦးစွာတွေ့လိုက်ရသည်မှာ အမျိုးသမီးတစ်ယောက်နှင့် လူပုကြီးတစ်ယောက် တစ်ဦးကိုတစ်ဦး ပွေ့ဖက်ထားခြင်းပင် ဖြစ်၏။ နှစ်ဦးစလုံး ကလူကျီစယ်ကာ သဘောခွေ့.နေကြသည်။

"ဟင် .... "

လူပုကြီး၏မျက်နှာကို မြင်ရသောအခါ တိန့်ထောက် အံ့သြသွားသည်။

ရဲ့ကျီထိန်ကို ဝိုင်းဝန်းလုပ်ကြံခဲ့သော ရုပ်ဆိုးအဘိုးကြီး၏ တပည့်လူပုကြီးဖြစ်နေသောကြောင့်ပင် ဖြစ်လေသည်။

အခန်း(၁၂)

# အဆိပ်ဘီလူး

စားပွဲတစ်လုံးပေါ်တွင် အရက်အိုးနှင့် စားဖွယ်ရာများလည်း ရှိနေသည်။

လူပုကြီးနှင့် အမျိုးသမီးတို့၏ မလှမ်းမကမ်းတွင် နောက်ထပ်မိန်းကလေးတစ်ယောက် ထိုင်နေသည်ကို မြင်ရပြန်သည်။

ထိုမိန်းကလေးမှာ လူပုကြီးနှင့် အမျိုးသမီးတို့ ကလူကျီစယ်ကာ သဘော ခွေ့.နေကြသည်ကို ကြည့်နေသည်။

ထိုမိန်းကလေး၏မျက်နှာကိုမြင်တော့ တိန့်ထောက် ပိုမိုအံ့သြတုန်လှုပ်သွားသည်။

ထိုမိန်းကလေးမှာ အလှမယ်ကလေးငွေနှင်းဖြူ၏ အစေအပါးမကလေး ယီရှမ်းဖြစ်နေသောကြောင့်ပင်တည်း။

ယီရှမ်းကိုယ်ပေါ်တွင် ဝတ်စုံစိမ်းကိုပင် ဝတ်ဆင်ထားသည်။

သူမ၏ မျက်နှာကလေးမှာ ပြုံးနေကာ ရွှက်သွေးကြွနေဟန်ဖြင့် သူမနှုတ်ခမ်းက တဆတ်ဆတ်တုန်နေ၏။

တိန့်ထောက်စိတ်ထဲတွင် ငွေနှင်းဖြူအပေါ် ခံပြင်းဒေါသဖြစ်သွားမိ၏။ ဤနေရာမျိုးသို့ ယီရှမ်းကို လွှတ်လိုက်ခြင်းအားဖြင့် ငွေနှင်းဖြူလည်း ကောင်းသောမိန်းမတစ်ယောက် မဟုတ်တော့ဟု တိန့်ထောက် တွေးမိသည်။

ဤနေရာတွင် ဝမ်ရဲ့ ရဲတိုက်မှလူများ စုဝေးနေလေရာ ငွေနှင်းဖြူလည်း ဝမ်ရဲ့ရဲတိုက်မှလူပင် ဖြစ်လိမ့်မည်ဟု စဉ်းစားမိသည်။

ထိုစဉ် အခန်းထဲသို့ ရုပ်ဆိုးအဘိုးကြီး ဝင်လာသည်ကို တိန့်ထောက် တွေ့ရပြန်သည်။

ဤနေရာတွင် ရုပ်ဆိုးအဘိုးကြီးနှင့် ဂျပုကြီးတို့ရော တပည့်နှစ်ယောက်စလုံးကိုပါတွေ့ရသဖြင့် တိန့်ထောက် အံ့အားသင့်သွားသည်။

ဤအတိုင်းဆိုလျှင် သူတို့ဆရာတပည့်နှစ်ယောက်စလုံး ဝမ်ရဲ့ ရဲတိုက်မှ အမှုထမ်းများ ဖြစ်နေလေပြီဟုလည်း တိန့်ထောက် တွေးမိပြန်သည်။

ရုပ်ဆိုးအဘိုးကြီးဝင်လာသည်ကို မြင်သည်နှင့် လူပုကြီးက မျက်နှာစပ်ဖြီးဖြီးဖြင့် လှမ်းပြောသည်။

"ဟိုမိန်းကလေးက ဆရာကြီးကို စောင့်နေရှာတာ ကြာလှပြီ .... ကျွန်တော်တို့ကို ကြည့်ပြီး သူ့ခမျာ သိပ်ပြီးစိတ်လှုပ်ရှားနေရှာတာ .... "

ရုပ်ဆိုးအဘိုးကြီးက တဟဲဟဲဖြင့်ရယ်၍ ယီရှမ်း၏ဘေးတွင် ဝင်ထိုင်လိုက်သည်။



"ငါ ရောက်လာပါပြီ မိန်းကလေးရယ် .... မင်းကိုယ်တိုင် ထူးခြားတဲ့အတွေ့တွေကို ခုပဲ တွေ့ရတော့မှာပါ .... ဟဲ .... ဟဲ .... ဟဲ .... "

ပြောပြောဆိုဆို ရုပ်ဆိုးအဘိုးကြီးက ယီရှမ်းကို မွှေ့ဖက်လိုက်သည်။ ယီရှမ်းကလည်း အသက်ပြင်းပြင်းရှူရင်း ရုပ်ဆိုးအဘိုးကြီးကို ပြန်ဖက်သည်။

"ဆရာကြီး ခင်ဗျာ .... "

ထိုစဉ် တံခါးပေါက်အပြင်ဘက်မှ ရိုကျိုးစွာ ခေါ်လိုက်သော အသံတစ်သံ ပေါ်ထွက်လာသည်။

ရုပ်ဆိုးအဘိုးကြီးမျက်နှာ သုန်မှုန်သွားကာ တံခါးပေါက်ဆီသို့ လှည့်ကြည့်လိုက်ပြီး ....

"ဘယ်ကောင်လာပြီး ရှုပ်နေတာလဲဟေ့ .... "

အပြင်ဘက်မှ အသံက ....

"ရဲတိုက်က ရောင်နီသိုင်းသမားရောက်လာပါတယ် ဆရာကြီး တပေးနိုင်းလိုက်လို့ပါ .... "

"ဟေ .... "

ရုပ်ဆိုးအဘိုးကြီးနှင့် လူပုကြီးတို့ တစ်ဦးကိုတစ်ဦး သဘောမပေါက် နားမလည်စွာဖြင့် ကြည့်လိုက်ကြ၏။ ရုပ်ဆိုးအဘိုးကြီးက မျက်မှောင်ကြုတ်သွားပြီး ....

"ရဲတိုက်သခင်ကြီးရဲ့ သမက်လောင်းက ဒီကိုဘာလာလုပ်တာပါလိမ့် .... "

"ကျွန်တော့်စာကို ထွက်ယူလိုက်ပါ့မယ် .... "

လူပုကြီးက ပြောပြောဆိုဆို လျှောက်သွားကာ တံခါးပေါက်မှ ထွက်သွားသည်။ လူပုကြီးနှင့် စာလာပေးသူ၏ ပြောသံကိုသာ တိန်ထောက် ကြားနေရသည်။

"ဘယ်မလဲစာ ပေးစမ်း .... ရောင်နီသိုင်းသမားကော ဘယ်မှာလဲ .... "

"အပြင်မှာပဲ စောင့်နေပါတယ် .... "

လူပုကြီးက စာကိုယူပြီး အခန်းထဲသို့ ပြန်ဝင်လာသည်။ သူက ဦးနှာ စာကိုဖတ်ပြီး မျက်လုံးပြူးသွားကာ သူ့လက်ထဲမှ စာကို ရုပ်ဆိုးအဘိုးကြီးထံ ကမ်းပေးရင်း ပြောသည်။

"သူ့စာထဲမှာ ဆရာကြီးရဲ့ကောင်မလေးကို ဒီတစ်ညသူနဲ့ ပျော်ပါးဖို့ ပေးပါလို့ တောင်းထားပါတယ် .... "

"ဟေ .... "

ရုပ်ဆိုးအဘိုးကြီးက စာကိုယူပြီး ဖတ်ကြည့်သည်။ ပြီးမှ ပြုံးဖြီးဖြီးနှင့် ယီရှမ်းကိုကြည့်၍ပြောသည်။

"ကဲ .... မိန်းကလေး .... လာခေါ်တဲ့လူနောက်ကို လိုက်သွားပေတော့ ရောင်နီသိုင်းသမားကလည်း မိန်းကလေးတွေ အကြိုက်ဆောင်တတ်တဲ့ လူစားမျိုးပါ .... "

ရုပ်ဆိုးအဘိုးကြီးက တံခါးပေါက်ဘက်သို့ကြည့်၍ ပြောလိုက်သည်။

"ရောင်နီသိုင်းသမားကို ပြောလိုက်ပါဟေ့ .... ဒီမိန်းကလေး



ကို တစ်ညမဟုတ်ဘူး .... ဆယ်ညလည်း ခေါ်ထားနိုင်တယ်လို့ ဟားဟား ဟား ဒါပေမယ့် သူ့ကို အမြဲတမ်း စိတ်ကြွဆေးကို တိုက်ဖို့တော့ မမေ့နဲ့လို့လည်း ပြောလိုက်ပါ .... "

လူပုကြီး၏ ယီရှမ်း၏လက်ကိုဆွဲကာ တံခါးပေါက်အပြင်ဘက်ကို ခေါ်သွားသည်။ တံခါးပေါက်ဝတွင် စောင့်နေသူ၏လက်ထဲသို့ ယီရှမ်းကိုအပ်ကာ အခန်းထဲ ပြန်ဝင်၍ တံခါးပိတ်လိုက်သည်။

တိန်ထောက် ခေါင်မိုးပေါ်တွင် မှောက်နေရာမှ ထရပ်လိုက်သည်။ ခေါင်မိုးပေါ်မှ အဆင်းသစ်ပင်ကို ကူးကာ မြေပေါ်ပြန်ဆင်းခဲ့သည်။ ယခုမှ ရုပ်ဆိုးအဘိုးကြီး၏စကားအရ ယီရှမ်းမှာ ဖမ်းဆီးခံရပြီး စိတ်ကြွဆေး တိုက်ကျွေးထားခြင်းကိုလည်း ခံထားရသူဖြစ်ကြောင်း သိရ၏။

ရောင်နီသိုင်းသမားမှာ ယီရှမ်းကိုပျော်ပါးရန် မည်သည့်နေရာသို့ ခေါ်သွားမည်မှန်း မသိချေ။ ယီရှမ်းကို ကယ်တင်ရပေလိမ့်မည်။

တိန့်ထောက်သည် သစ်ပင်ချုံပင်များကို အကာအကွယ်ယူ ပြီး အိမ်ပျက်ကြီးရှေ့ကို ရောက်အောင် လာခဲ့သည်။

အိမ်ပျက်ကြီးရှေ့ မြေကွက်လပ်တွင် ဝမ်ရဲ့ရဲတိုက်မှ သိုင်း သမားများက တန်းစီ၍ လက်နှစ်ဖက်ကိုချ ခေါင်းကိုငုံ၍ ရပ်နေကြ၏။

သူတို့ရှေ့တွင် ဝတ်စုံဖြူ ဝတ်ထားသော ရောင်နီသိုင်းသမား ရပ်နေပြီး တစ်ဖက်ကို မျက်နှာလွှဲထားသည်။

အိမ်ပျက်ကြီးထဲမှ အစောင့်တစ်ယောက်က ယီရှမ်းကို ဆွဲ ခေါ်ထုတ်လာသည်။

ယီရှမ်းမှာ ဆေးမိထားသဖြင့် အနည်းငယ်မျှ ရုန်းကန်ခြင်း မရှိဘဲ လိုက်လာသည်။

ရောင်နီသိုင်းသမားသည် ယီရှမ်းကိုမြင်လျှင် လျှောက်သွားပြီး သူ့ပခုံးပေါ် မွေ့တင်လိုက်သည်။ ပြီးနောက် မည်သည့်စကားမှ မဆိုဘဲ ခပ်သုတ်သုတ်လှမ်းထွက်သွားတော့၏။

တိန့်ထောက်သည် အနီးပတ်ဝန်းကျင်တွင် မျက်နှာအေး သီလရှင်ကြီး၏ အရိပ်အရောင်ကိုလည်း မမြင်ရချေ။

မည်သည့်နေရာတွင် ပုန်းကွယ်နေမှန်းလည်း မသိချေ။



ယီရှမ်းကိုလိုက်ကယ်ပြီးမှ ပြန်လာတော့မည်ဟု ဆုံးဖြတ်ကာ ရောင်နီသိုင်းသမားထွက်သွားရာနောက်သို့ ပြေးလိုက်ခဲ့သည်။

ရှေ့မှ ဖြူဖြူအရိပ်သဏ္ဍာန်မှာ ခပ်သွက်သွက် ပြေးနှင်လျက် ရှိ၏။ တိန့်ထောက်ကလည်း တရကြမ်းလိုက်သည်။

မကြာမီ တောအုပ်အပြင်ဘက်ကို ရောက်လာကာ မီလာ သည်။

"ရပ်လိုက် ...."

တိန့်ထောက် လှမ်းအော်ပြောသည်။

ရှေ့မှ ပြေးနေသော ဖြူဖြူအရိပ်သဏ္ဍာန်မှာလည်း တန့်ခနဲ ရပ်သွားသည်။ တိန့်ထောက်ကို နောက်ပြန်လှည့်ကြည့်သည်။ ပခုံးပေါ် မှ ယီရှမ်းကိုမူ ထမ်းမြဲ ထမ်းထားသည်။

တိန့်ထောက်အနီးကို ကပ်သွားပြီး ခက်ထန်စွာ ပြောလိုက် ၏။

"ပခုံးပေါ်က မိန်းကလေးကို ချလိုက်ပါ ...."

ရောင်နီသိုင်းသမားက သူ့ပခုံးပေါ်မှ ယီရှမ်းကို မြေပေါ် အသာအယာချလိုက်သည်။ ပြီးနောက် သူ့မျက်နှာကိုလည်း ဆွဲကုတ်၍ ခွာလိုက်၏။ သူ့မျက်နှာမှာ မျက်နှာဖုံးတု ကွာသွားပြီး မူလမျက်နှာပေါ် လာသည်။

သူ့မျက်နှာအမှန်ကို မြင်တော့ တိန့်ထောက် အံ့သြသွားသည်။

"ဟင် .... ငွေနှင်းဖြူ ...."

သူကား အလှမယ်ကလေး ငွေနှင်းဖြူ ဖြစ်နေလေသည်။

"ဟုတ်ပါတယ် .... ကျွန်မ ငွေနှင်းဖြူပါ .... ယီရှမ်းကို ကယ်ဖို့ ဒီနည်းနဲ့သာ အဆင်ပြေမှာမို့ ဒီနည်းကိုပဲ သုံးရတာပါ .... ဟင်း.... ဟင်း .... ဝမ်ရဲ့ ရဲတိုက်က လူတွေအားလုံး ရောင်နီသိုင်းသမားဆိုရင် မလွန်ဆန်ရဲကြဘူး မဟုတ်လား .... "

"အင်း .... တော်သေးတာပေါ့ .... နေပါဦး ညီမ .... ယီရှမ်းက ဘယ်လိုလုပ်ပြီး သူတို့လက်ထဲ ရောက်သွားတာလဲ .... "

"အီကျိုးမြို့မှာ သူတို့နဲ့ ညီမတို့နဲ့ တိုက်ပွဲဖြစ်ကြတယ်လေ၊ ယီရှမ်းကို သူတို့ ဖမ်းမိသွားကြတယ် .... ဩော် .... ဒါနဲ့ ညီမ ယူနိုင်းတဲ့ ပစ္စည်းကော အစ်ကို ရခဲ့ရဲ့လား .... "

"ရထားပြီးပါပြီ .... နောက်ကြုံတော့မှပဲ ယူပေါ့မယ် .... "

တိန့်ထောက်သည် မျက်နှာအေး သီလရှင်အား အကူအညီပေးရဦးမည်ဖြစ်ကြောင်း သတိရလိုက်၏။

"ဒါနဲ့အခု ညီမတို့ ဘယ်ကို သွားကြမှာလဲ .... "

"ညီမတို့ လိုယန်းမြို့ကိုပဲ သွားကြမယ် .... "

"ဒါဆိုလည်း သွားကြပေတော့ ညီမ .... ဒီမှာ ကြာကြာနေရင် အန္တရာယ် မကင်းဘူး .... နောက်မှ တွေ့ကြသေးတာပေါ့ .... အစ်ကို့မှာလည်း ကိစ္စတစ်ခု ဆောင်ရွက်စရာ ရှိသေးလို့ သွားလိုက်ဦးမယ်"

"ကောင်းပြီ အစ်ကို .... "

ငွေနှင်းဖြူက ဆေးမိ၍ ကြောင်ငေးငေးဖြစ်နေသေးသော ယီရှမ်းကို မွေ့ထမ်းကာ အပြေးကလေး ထွက်သွားသည်။

တိန့်ထောက်လည်း နောက်ကြောင်းကို ပြန်လှည့်လာခဲ့၏။



အိမ်ပျက်ကြီးရှေ့သို့ သူ ပြန်ရောက်လာသောအခါ မြေကွက်လပ်ကြီးထဲတွင် အတုံးအရုံးလဲကျနေကြသော ဝမ်ရဲ့ရဲတိုက်မှ သိုင်းသမားများကို တိန့်ထောက်တွေ့ရသည်။ အားလုံး အကြောပိတ်ခံထားရကြောင်း တိန့်ထောက်သိရလေ၏။

တိန့်ထောက်ဘေးဘီဝဲယာကို ကြည့်လိုက်စဉ်မှာပင် သစ်ပင်တစ်ပင်၏ နောက်ကွယ်မှ ဖြူဖြူအရိပ်သဏ္ဌာန်တစ်ခု ထွက်လာသည်။

"ဒီကိုလာခဲ့ တိန့်ထောက် .... "

ထိုဖြူဖြူသဏ္ဌာန်က တိန့်ထောက်ကို တီးတိုးလှမ်းပြောလိုက်ခြင်းသာ ဖြစ်သော်လည်း ကောင်းစွာကြားရသည်။ ဖြူဖြူအရိပ်မှာ သီလရှင်ကြီးပင် ဖြစ်လေသည်။

တိန့်ထောက်က သီလရှင်ကြီးနား လှစ်ခနဲ ရောက်သွားရ၏။

"အစောင့်တွေကို ဆရာလေးအကြောပိတ်လိုက်တာလား"

"ဟုတ်တယ် .... "

"ဆရာလေးရှာနေတဲ့ လူက ဟို ရုပ်ဆိုးအဘိုးကြီးလား"

"အေး .... ဟုတ်တယ် တိန့်ထောက် .... အဲဒီလူ ထွက်လာအောင် အပြင်ကနေ မင်း အသံပေးလိုက်စမ်းပါ .... "

တိန့်ထောက် ကိုယ်တိုင်လည်း ယုတ်မာသော ရုပ်ဆိုးအဘိုးကြီးနှင့် ဂျပုကြီးတို့ ဆရာတပည့်ကို တိုက်ခိုက်ချင်နေသူ ဖြစ်လေရာ အိမ်ပျက်ကြီးနောက်ဘက်ကို ပြေးလာပြီးအသံကြားအောင်ပင် ခပ်ကြမ်းကြမ်း ခုန်တက်လိုက်သည်။



ခေါင်မိုးပေါ်ရောက်သည်နှင့် သူက ကျယ်လောင်စွာ အော်ပြောလိုက်၏။

"ဟိတ် .... အယုတ်တမာကြီးတွေ အပြင်ထွက်ခဲ့စမ်း"

"ခေါင်မိုးပေါ်မှာ ဘယ်သူလဲ .... "

အခန်းထဲမှ မေးမြန်းသံနှင့်အတူ ဒိုးခနဲ၊ ဒေါက်ခနဲ အသံလည်းပေါ်ထွက်လာသည်။

တိန့်ထောက်က လွှားခနဲ ခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်သည်။

ခေါင်မိုးကို ဖောက်ပြီး အတွင်းဘက်မှ အလင်းရောင်တန်းတစ်တန်းက မိုးပေါ်တက်သွားသည်။ အထဲမှ လက်နက်ပုန်းနှင့်ပစ်လိုက်ခြင်းသာ ဖြစ်၏။

တိန့်ထောက် အိမ်ပျက်ကြီးရှေ့ကို ပြန်ရောက်လာသည်။ အထဲမှ ထွက်လာမည့် ရုပ်ဆိုးအဘိုးကြီးနှင့် ဂျပုကြီးတို့ကို စောင့်နေလိုက်ခြင်းဖြစ်၏။ ခဏသာကြာပြီး ပြေးထွက်လာကြ၏။ တိန့်ထောက်ကိုမြင်တော့ ခြေလှမ်းရပ်တန့်သွားကြ၏။

တိန့်ထောက်က သူတို့နှစ်ဦးကို ခပ်တင်းတင်း ပြန်ကြည့်သည်။

"မင်းတို့ ဘာလိုလုပ် .... "

ရုပ်ဆိုးအဘိုးကြီးစကားကို ဆုံးအောင် မပြောနိုင်ဘဲ လဲကျနေသော အစောင့်များကို မြင်သဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

တိန့်ထောက် ရယ်လိုက်ပြီး ....

"ဟား .... ဟား .... ဟား .... ဟား .... သိပ်ပြီး အံ့ဩသွားကြသလား .... "

ထိုစဉ် သီလရှင်ကြီးလည်း သစ်ပင်နောက်ကွယ်မှ ခုန်ထွက်လာပြီး တိန့်ထောက်ဘေးနားတွင် ရပ်လိုက်သည်။ သီလရှင်ကြီးကို တွေ့သောအခါ ရုပ်ဆိုးအဘိုးကြီး မျက်စိမျက်နှာ ပျက်သွားသည်၊ နောက်ကိုပင် ခြေတစ်လှမ်းဆုတ်သွားသည်။

သီလရှင်ကြီးက အေးစက်စက်လေသံဖြင့် ပြောလိုက်၏။

"ဘယ့်နှယ်လဲ အဆိပ်ဘီလူးရဲ့ .... ကျူပ်လက်က ပြေးလို့ လွတ်သေးရဲ့လား .... "

သီလရှင်ကြီး၏ စကားကြောင့် တိန့်ထောက် အံ့ဩတကြီး ဖြစ်သွားမိသည်။

၎င်း ရုပ်ဆိုးကြီးမှာ ဘီလူးရှစ်ဖော်အဖွဲ့မှ ဦးစီးခေါင်းဆောင် အဆိပ်ဘီလူးဖြစ်ကြောင်း ယခု သိရသောကြောင့် ဖြစ်လေ၏။

## အခန်း (၁၃)

## ရောင်နီသိုင်းသမား၏ ချိန်းဆိုပွဲ

အဆိပ်ဘီလူးကို မျက်နှာအေးသီလရှင်ကြီး လိုက်ရှာနေသည်မှာလည်း ပျောက်ဆုံးနေသော နဝရတ်စားအတွက်ပင် ဖြစ်ပေလိမ့်မည်။

လူပုကြီးမှာ ထိတ်လန့်ကြောက်ရွံ့လွန်းသဖြင့် နောက်ကို ချာခနဲ လှည့်ကာ ပြေးထွက်သွားသည်။

သီလရှင်ကြီးက သူ့လက်ထဲမှ သားမြီးယပ်ကို ဝှေ့ယမ်းလိုက်၏။

"ဝှစ် .... ဝှစ် .... ဝှစ် .... "

"အား .... "

လူပုကြီး ကျောကော့သွားကာ မြေပေါ်သို့ ဝုန်းခနဲလဲကျသွားသည်။

ရုပ်ဆိုးအဘိုးကြီးအသွင် ဆောင်ထားသော အဆိပ်ဘီလူးက ထိတ်လန့်စွာဖြင့် နောက်ကို ခြေသုံးလှမ်း ဆုတ်သွားသည်။

သီလရှင်ကြီးက လေသံတင်းတင်းဖြင့် မေးသည်။

"အဆိပ်ဘီလူး .... ကျုပ်ရဲ့နဝရတ်ဓားကို ပြန်ပေးပါ .... "

"နဝရတ်ဓား ဟုတ်လား .... ကျုပ်ဆီမှာ ရှိတယ်လို့ ဆရာလေးကို ဘယ်သူပြောသလဲ .... "

"ရှင်တို့ သိုင်းဘီလူးရှစ်ဖော်ထဲက ခုနစ်ယောက်စလုံးကို ကျုပ်တွေ့ပြီးပြီ .... ရှင့်ကို တွေ့ဖို့ပဲ ကျန်တယ် .... "

"ကျုပ် မသိဘူး .... "

"ဘာ .... "

"ဝှစ် .... ဝှစ် .... ဝှစ် .... "

သီလရှင်ကြီးက သူ့ လက်ထဲမှ သားမြီးယပ်ကို ဝှေ့ယမ်းပြန်သည်။

အဆိပ်ဘီလူးက နောက်ကို ခုန်ဆုတ်ပြီး တရှိန်ထိုးပြေးထွက်သွားသည်။

"မလွတ်စေနဲ့နော် တိန့်ထောက် .... "

တိန့်ထောက်နှင့်သီလရှင်ကြီးတို့ နှစ်ယောက်စလုံး အိမ်ခေါင်မိုးပေါ်ကို ခုန်တက်လိုက်ကြသည်။ အဆိပ်ဘီလူးမှာ အိမ်ခေါင်မိုးပေါ် ခုန်တက်သွားသောကြောင့် ဖြစ်လေသည်။

တိန့်ထောက်နှင့်သီလရှင်ကြီးတို့ ခေါင်မိုးပေါ်အရောက်တွင်မူ အဆိပ်ဘီလူး၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

မျက်စိတမှိတ်အတွင်း အဆိပ်ဘီလူးပျောက်သွားခြင်းအတွက် နှစ်ဦးစလုံး အံ့သြသွားကြသည်။



"အဆိပ်ဘီလူး ဘယ်ရောက်သွားပါလိမ့် .... "

"ခြံစည်းရိုး အပြင်ဘက်ကို ခုန်ပြီး ထွက်သွားတာလား"

"မဖြစ်နိုင်ဘူး .... ဒီအိမ်ကြီးထဲမှာတင် ပျောက်သွားတာ"

နှစ်ဦးသား အိမ်တွင်းအိမ်ပြင် ရှာဖွေကြသော်လည်း အဆိပ်ဘီလူးကို မတွေ့ကြရတော့ချေ။

တိန့်ထောက်နှင့်သီလရှင်ကြီးတို့ နှစ်ယောက်သည်လူစွဲရှာရင်းလှချင်း ကွဲသွားကြ၏။

အဆိပ်ဘီလူးကို မတွေ့တော့သဖြင့် တိန့်ထောက်လည်း သီလရှင်ကြီးနှင့် ပြန်မတွေ့တော့ချေ။

ထိန်ထောက်သည် ဟိုအိလောက်နှင့်အားလုံးသိချမ်းကြည် တို့ကိုတွေ့ဆုံရန် အီကျိုးမြို့သို့ ရောက်လာခဲ့လေသည်။

ဈေးလမ်းဆုံတွင်ရှိသော ကြည်ကျင်း စားသောက်ဆိုင်အပေါ်သို့ တက်လာကာ ဝရန်တာတွင်ရှိသည့် စားပွဲတစ်လုံးတွင် နေရာယူလိုက်၏။

ထိန်ထောက် ထိုင်နေသော နေရာမှ လူသွားလူလာများကို ကောင်းစွာ မြင်နေရ၏။

အချိန် စောနေသေးသဖြင့် စားသောက်သူ အနည်းငယ်သာ ရှိသည်။

အပေါ်ထပ်တွင် ထိန်ထောက်နှင့်ပါ စားသောက်သူ လေးဦးသာရှိသည်။

ကျန်သုံးဦးက စားပွဲတစ်လုံးတွင် ဝိုင်းထိုင်၍ စားသောက်နေကြ၏။ ထိန်ထောက်က အရက်နှင့်ဟင်းအနည်းနည်းကိုမှာပြီး အေးအေးလူလူ စားသောက်နေသည်။ စားသောက်ရင်းမှလည်း အားလုံးသိချမ်းကြည်တို့ကို တွေ့လိုတွေ့ငြား ကြည့်နေမိ၏။



တစ်ဘက်စားပွဲမှ လူသုံးယောက်ကလည်း အေးအေးဆေးဆေး စကားပြောရင်း စားသောက်နေကြသည်။

ခဏအကြာတွင် ပိုးဝတ်စုံကို ကောင်းမွန်သပ်ရပ်စွာ ဝတ်ဆင်ထားသော လူတစ်ယောက်အပေါ်ထပ်ကို ခပ်သွက်သွက်တက်လာလေသည်။

ပိုးဝတ်စုံနှင့်လူက လူသုံးယောက်ကို စားပွဲသို့ ချဉ်းကပ်သွားသည်။

သုံးယောက်ထဲမှ တစ်ယောက်က ထိုသူကို ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်စကား ဆိုလိုက်၏။

"စာရေးကြီးပါလား .... အောက်ထပ်က ငွေသိမ်းစားပွဲမှာ မထိုင်ဘဲ ထူးထူးခြားခြား ဘာဖြစ်လို့ အပေါ်ထပ်ကို တက်လာရတာလဲ .... "

ပိုးဝတ်စုံနှင့်စာရေးကြီးဆိုသူမှာ အသက်လေးဆယ်ရှယ်ခန့် ရှိနေလေပြီ။

စာရေးကြီးက စားပွဲမှ လူသုံးယောက်ကို ရိုကျိုးပြုံးရွှင်စွာဖြင့် စကားဆိုသည်။

"အားလုံးကို တောင်းပန်ပါတယ် ခင်ဗျာ .... အောက်မှာ ပုဂ္ဂိုလ်တစ်ဦး ရောက်လာပြီး ဒီအပေါ်ထပ် စားသောက်ခန်းတစ်ခန်းလုံးကို ငှားလိုက်ပါတယ် .... ဒါကြောင့် ခင်ဗျားတို့ အောက်ထပ်ကို ဆင်းပြီး စားဖို့ မေတ္တာရပ်ခံပါတယ် .... "

သုံးယောက်အနက်က အတော်ကလေး မူးနေသူက ခေါင်းကို

ခါယမ်းပြီး ....

"ဟာဗျာ .... အဓိပ္ပာယ်မရှိတာ .... ကျုပ်တို့က အရင်ရောက်လာပြီး ဒီအပေါ်ထပ်ကို ကြိုက်လို့ တက်စားကြတာပဲ .... ပြီးတော့ တန်ရာတန်ဖိုးလည်း ပေးထားတာပဲ .... ကျုပ်တို့ကို အောက်ဆင်းနိုင်းစရာမလိုပါဘူး .... "

နောက်တစ်ယောက်ကလည်း ဘုဆတ်ဆတ်ဖြင့် ဝင်ပြောသည်။

"နောက်မှ ရောက်လာတဲ့လူက ကျုပ်တို့ကိုနှင့်တိုင်း ဆင်းရမှာလား .... မဆင်းနိုင်ဘူး .... ဘယ်နည်းနဲ့မှ မဆင်းနိုင်ဘူး .... "

"နေကြပါဦး ခင်ဗျာ .... နေကြပါဦး .... "

စာရေးကြီးက လက်နှစ်ဘက်ကို ကာပြီး စားသောက်နေသူသုံးယောက်ကို တီးတိုး စကားဆိုလိုက်၏။

ထိုအခါမှ လူသုံးယောက်စလုံး မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကုန်ကြသည်။ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြသည်။

အရက်အတော်မူးနေသူပင် အမူးပျောက်သွားဟန်ဖြင့် စာရေးကြီးကို ညင်သာစွာ အသံနိမ့်၍ ပြန်ပြောသည်။

"ကောင်းပါပြီ စာရေးကြီးခင်ဗျာ ကောင်းပါပြီ .... ကျွန်တော်တို့တတွေ အောက်ထပ်မှာပဲ ဆင်းစားကြပါ့မယ် .... ကျွန်တော်တို့ ပြောမှား လုပ်ခဲ့မိတဲ့အတွက်လည်း တောင်းပန်ပါတယ် .... "

သုံးယောက်စလုံး အောက်ထပ်ကို ခပ်သွက်သွက်ဆင်းသွားကြသည်။



စာရေးကြီးက စားပွဲထိုး နှစ်ယောက်ကို လှမ်းခေါ်ပြီး လူသုံးယောက်၏စားပွဲမှ စားသောက်ဖွယ်ရာများကို အောက်ထပ်သို့ သယ်ယူစေသည်။ စားပွဲထိုးနှစ်ယောက်ကလည်း စားသောက်ဖွယ်ရာများကို အောက်ထပ်သို့ သယ်ယူသွားကြလေသည်။

သူတို့တစ်တွေ မသိမသာ အကဲခတ်ကြည့်နေသော တိန့်ထောက်သည် စားသောက်နေသူသုံးယောက် ချက်ချင်းအမူအရာပြောင်းပြီး အောက်ထပ်သို့ ဆင်းသွားသည်ကို စဉ်းစားမရ ဖြစ်မိ၏။ မည်ကဲ့သို့သော ပုဂ္ဂိုလ်ရောက်လာလေသနည်း။

စာရေးကြီးက တိန့်ထောက်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ချဉ်းကပ်လာသည်။

တိန့်ထောက်သည် စောစောက စကားများကို ကြားထားပြီးဖြစ်လေရာ အနီးသို့ရောက်လာသော စာရေးကြီးကို ဦးစွာ မေးလိုက်၏။

"ကျွန်တော်လည်း အောက်ထပ် ဆင်းစားနိုင်းမလို့လား"

စာရေးကြီးက မျက်နှာချိုသွေးကာ ရယ်မောလိုက်ပြီး ....

"ဟုတ်ပါတယ် .... ဆရာလေးလည်း အောက်ထပ်ကို နေရာရွေ့ပြီး စားသောက်ပါလို့ မေတ္တာရပ်ခံပါတယ် .... "

"နေပါဦး စာရေးကြီးရဲ့ .... အပေါ်ထပ်မှာ စားသောက်မယ့်သူတွေက ဘယ်လောက်တောင်များလို့လဲ .... "

"အားလုံးပေါင်း ငါးယောက်ပါ .... "



"ဟာဗျာ .... လူငါးယောက် စားသောက်မှာများ စားပွဲတစ်လုံးနဲ့ရတာပဲ .... လူသုံးလေးဆယ် စားသောက်နိုင်တဲ့ ဒီအပေါ်ထပ်ကို သူတို့ကို ဘာဖြစ်လို့ တစ်ခန်းလုံးငှားရတာလဲ .... "

တိန့်ထောက်အသံက တင်းမာကျယ်လောင်သွားသဖြင့် စာရေးကြီး မျက်လုံးပြူးသွားသည်။ သူက အသံကိုနှိမ့်ကာ ကိုယ်ကိုကိုင်းညွတ်လိုက်ပြီး ....

"ကျုပ် တောင်းပန်ပါတယ် ဆရာလေးရယ် .... အခု ရောက်လာတဲ့ ပုဂ္ဂိုလ်တွေကို ကျုပ်တို့အနေနဲ့ မဆန့်ကျင်ရဲလို့ပါ .... "

တိန့်ထောက်က အသံကျယ်ကျယ် ပြန်အော်ပြောသည်။

"နေပါဦး စာရေးကြီးရဲ့ .... ဒီလူတွေကို စာရေးကြီးတို့က မဆန့်ကျင်ရဲရအောင် ဒီလူတွေက ထူးထူးခြားခြားအစွယ်တွေ ထွက်နေလို့လား .... အမြီးတွေ ပေါက်နေလို့လား .... "

တိန့်ထောက်၏အသံက အောက်ထပ်မှပင် ကောင်းစွာ ကြားနိုင်လောက်၏။ စာရေးကြီး ပိုပြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

ထိုစဉ် လှေကားမှ တဒုန်းဒုန်းနှင့် နင်းတက်လာသော ခြေသံပေါ်ထွက်လာသည်။ ဝတ်စုံနက် ဝတ်ဆင်ထားသော အဘိုးကြီးတစ်ယောက် အပေါ်ထပ်ကို ရောက်လာသည်။

ထိုအဘိုးကြီးက စာရေးကြီးကို လေသံမာမာဖြင့် အော်မေးလိုက်၏။

"စာရေးကြီး .... ဒီလူက ခုထက်ထိ မဆင်းသေးဘူးလား"

စာရေးကြီးက ကျိုးနွံစွာဖြင့် အဘိုးကြီးကို ပြန်ပြောသည်။

"သူက အောက်ထပ်မှာ ဆင်းမစားနိုင်ဘူးလို့ ပြောနေတာနဲ့ ကျွန်တော် မေတ္တာရပ်ခံနေပါတယ် ခင်ဗျာ ...."

ဝတ်စုံနက်အဘိုးကြီးက ပြောပြောဆိုဆို တိန့်ထောက်ထံ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာသည်။ တိန့်ထောက်က ဝရန်တာဘက်ကို ကြည့်ပြီး မသိချင်ယောင်ဆောင်နေလိုက်၏။

ဝတ်ရုံနက်အဘိုးကြီးက တိန့်ထောက်အနီးတွင် ရပ်ပြီး တင်းမာစွာ ပြော၏။

"ဟေ့ကောင် .... အောက်မှာ ဆင်းစားစမ်း .... "

တိန့်ထောက်က အဘိုးကြီးကို ဖျတ်ခနဲကြည့်ပြီး လေသံမာမာဖြင့် ပြန်မေး၏။

"ခင်ဗျား ဘာပြောတယ် .... "

"မင်း နားပင်းနေသလား .... အောက်ထပ်ကို ဆင်းစားစမ်းလို့ ငါပြောနေတယ် .... "

"ကျုပ်လည်း ပိုက်ဆံပေးစားတာ .... ကျုပ် စားချင်တဲ့နေရာမှာ စားမယ် .... ကျုပ်ကို အမိန့်ပေးရအောင် ခင်ဗျားက ဘယ်သူမို့လဲ"

ဝတ်စုံနက်အဘိုးကြီး၏ မျက်နှာတချစ်မဲ့သွားပြီး လက်တစ်ဖက်ကို မြှောက်လိုက်ကာ လက်ချောင်း ငါးချောင်းနှင့် တိန့်ထောက်ကို ဖမ်းကုတ်လိုက်၏။

"အား .... "

ဝတ်စုံနက်အဘိုးကြီး နာကျင်စွာ အော်၍ နောက်ကို ယိုင်



ဆုတ်သွားသည်။ တိန့်ထောက်က သူ့လက်ကို တူဖြင့် ဆောင့်ထိုးလိုက်သောကြောင့် ဖြစ်လေသည်။

အဘိုးကြီးက ဒဏ်ရာရသွားသော လက်ကို ကျန်လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားရင်းမှ မျက်နှာ ရှုံ့မဲ့၍ မေးသည်။

"မင်း .... မင်း ဘယ်သူလဲ .... "

တိန့်ထောက်က အဘိုးကြီး၏မျက်နှာကိုပင် မကြည့်ဘဲ အေးစက်စက် လေသံဖြင့် ပြန်ပြောသည်။

"ကျုပ် ရောင်ခြည်သိုင်းသမား တိန့်ထောက် .... "

"ဟင် .... "

ဝတ်စုံနက်အဘိုးကြီး မျက်စိမျက်နှာပျက်သွားပြီး နောက်ကို ထပ်မံ ဆုတ်သွားသည်။

ထိုစဉ် အပေါ်ထပ်ကို လူလေးယောက် ရောက်လာပြန်သည်။

နှစ်ယောက်မှာ အသက်အရွယ်ငယ်သေးသော အမျိုးသားနှင့်အမျိုးသမီး ဖြစ်၏။ ထိုနှစ်ယောက်ကို မြင်ရသောအခါ ဝတ်စုံနက်အဘိုးကြီးက ရိုသေကျိုးနွံစွာ ဦးညွတ်လိုက်၏။

အမျိုးသားနှင့်အမျိုးသမီးနောက်တွင် ဝတ်စုံနက် ဝတ်ထားသော လူနှစ်ယောက်လည်း ပါလာသည်။

အမျိုးသားနှင့် အမျိုးသမီးစုံတွဲကို မြင်ရသောအခါတွင် တိန့်ထောက်မျက်နှာ တင်းမာခက်ထန်သွားသည်။

အမျိုးသားမှာ ရောင်နီသိုင်းသမားဖြစ်ပြီး အမျိုးသမီးမှာ ဝမ်ရဲ့ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်း၏သမီး ကျင့်ရဲ့ဝှာပင် ဖြစ်လေသည်။

ကျင့်ဝှာသည် နှာခေါင်းပြားပြား၊ နှုတ်ခမ်းထူထူ၊ နဖူးမောက် မောက်နှင့် ရုပ်ဆိုးသော မျက်နှာပြင်ရှိပြီး မျက်လုံးအစုံမှာ ကြွက်မျက် လုံးကဲ့သို့ ခပ်သေးသေး ခပ်ပြူးပြူး ရှိလေ၏။

သို့သော် သူမ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ နန်းတွင်းသူ တစ်ယောက်ပင် ရှုံးလောက်၏။



ရောင်နီသိုင်းသမားသည် တိန့်ထောက်ကို မြင်သည်နှင့် မျက်နှာကွက်ခနဲ ပျက်သွားသည်။ ချက်ချက်းပင် ဣန္ဒြေဆည်ကာ မပြုံးချင် ပြုံးချင်နှင့်ပြုံးလိုက်ပြီး ....

"ဟဲ .... ဟဲ .... ဟဲ .... ရောင်ခြည်သိုင်းသမားပါလား၊ အခုလို တွေ့ဆုံရဖို့ အတော်ကို ကြုံကြိုက်ခဲ့လှပါတယ်နော် .... "

တိန့်ထောက်က မခိုးမခန့် တစ်ချက်ပြုံးလိုက်ပြီး မည်သည့် စကားတစ်ခွန်းမှ ပြန်မပြောချေ။

ကျင့်ဝှာက ခါးထောက်ပြီး လေသံမာမာနှင့် တိန့်ထောက်ကို လှမ်းပြော၏။

"တိန့်ထောက် .... ဆယ်နှစ်နှစ်ကျော်ကျော် နင်တို့သားအမိ ကို ဝမ်ရဲ့ရဲတိုက်က ကျွေးမွေးစောင့်ရှောက်လာတဲ့ ကျေးဇူးကိုမှ မထောက် တို့လူတွေကို ဘာဖြစ်လို့ တိုက်ခိုက်ရတာလဲ .... "

တိန့်ထောက် လေသံတင်းတင်းဖြင့် ပြန်ပြောသည်။

"ဘာကျေးဇူးလဲ .... ခင်ဗျားအဖေ လူယုတ်မာကြီးကြောင့် ကျုပ်အမေ သေခဲ့ရတယ် .... ဒီတုန်းက သိုင်းပညာ လုံးဝမတတ် သေးတဲ့ ကျုပ်ကိုလည်း ခင်ဗျားတို့အားလုံး ဝိုင်းပြီး နှိပ်စက်ခဲ့ကြတယ်"

"နင် မဟုတ်တာမပြောနဲ့ ...."

ရောင်နီ သိုင်းသမားက ကျင့်ဝှာ၏ လက်တစ်ဖက်ကို ဆွဲကိုင်ပြီး ဝင်ပြောသည်။

"ကဲပါ ညီမရယ် .... တို့အခု ဒီကို လာကြတာ အေးအေးဆေးဆေး .... ပျော်ပျော်ပါးပါး စားသောက်ဖို့ လာကြတာ မဟုတ်လား၊ စိတ်ညစ်စရာတွေ ပြောမနေပါနဲ့ .... ညီမ စားချင်တာသာ မှာပါ"

သူတို့လူစုလည်း တိန့်ထောက်နှင့်မလှမ်းမဝေး စားပွဲတစ်လုံးတွင် ဝိုင်းထိုင်လိုက်ကြ၏။ သူတို့ ထိုင်လိုက်သည်နှင့် စားပွဲထိုးများကလည်း စားသောက်ဖွယ်ရာများကို သယ်ဆောင်လာကာ တည်ခင်းကြ၏။

ရောင်နီသိုင်းသမားတို့လူစုကို မြင်နေရသဖြင့် တိန့်ထောက်ရင်ထဲတွင် ခံပြင်းစွာ ဖြစ်နေမိ၏။ ဝမ်ရဲ့ရဲတိုက်တွင် သူတို့သားအမိ အနိုင်ကျင့်ခံကာ နေထိုင်ခံရပုံများကို ပြန်လည်၍ မြင်ယောင်လာမိ၏။

ထို့ကြောင့် သူက ရောင်နီသိုင်းသမားတို့ လူစုကို လှမ်းပြောလိုက်၏။

"ဒီမယ် ဝမ်ရဲ့ရဲတိုက်ကို ကျူပ် လာပြီးချေမှုန်းမယ်ဆိုတာ ခင်ဗျားတို့ရဲ့ ရဲတိုက်က သခင်ကြီးကို ပြောလိုက်စမ်းပါ ...."

ကျင့်ရဲ့ဝှာက လှောင်ရယ် ရယ်လိုက်ပြီး ....

"နင်က တယ်လည်း အပြောကြီးနေပါလား .... တို့ရဲ့ရဲတိုက်ကို ချေမှုန်းဖို့ ဖယ်ထား .... ရဲတိုက်ဝကို ရောက်အောင်ပဲ လာကြည့်စမ်းပါ ...."



"ကျင့်ရဲ့ဝှာ .... ကျူပ် လာတော့မှ ခင်ဗျားတို့ မတောင်းပန်နဲ့ ...."

"ခုပဲ နင့်ဓားကို ထုတ်လိုက်စမ်း တိန့်ထောက် ...."

ကျင့်ရဲ့ဝှာ ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

ရောင်နီသိုင်းသမားက ကျင့်ရဲ့ဝှာလက်ကို ဖမ်းဆွဲလိုက်ပြီး

"ဒီမှာတော့ ယှဉ်ပြိုင်ပွဲ လုပ်မနေပါနဲ့ ညီမရယ် .... စားသောက်ပြီးမှ မြို့ပြင်ကို ထွက်ပြီး ယှဉ်ပြိုင်ကြတာပေါ့ ...."

ရောင်နီသိုင်းသမားက တိန့်ထောက်ကိုကြည့်ပြီး ဆက်ပြောသည်။

"ဒီမယ် တိန့်ထောက် .... တို့တွေ စားသောက်ပြီးရင် မြို့ပြင်မှာ သွားပြီး ယှဉ်ပြိုင်ကြတာပေါ့ .... ဘယ့်နှယ်လဲ ...."

"စိန်လိုက်လေ ဖြစ်ပါတယ် ...."

တိန့်ထောက်က လေသံပြတ်ဖြင့် ပြန်ပြောသည်။

ထို့နောက် မည်သည့်စကားမှ ဆက်မပြောကြဘဲ ကိုယ့်ဘာသာကိုယ် ခပ်အေးအေး စားသောက်ကြသည်။

တိန့်ထောက် စားရင်းမှ တွေးနေသည်။

မိမိနှင့်ရောင်နီသိုင်းသမားမှာ ပညာအဆင့်ချင်း သိပ်ပြီးမကွာလှချေ။ ဘွဲ့နာမည်ချင်းလည်း ဆင်တူသည်။ သတိတော့ ထားရမည်။

ထိုစဉ် ဆိုင်ပေါ်ထပ်သို့ လူတစ်ယောက် တက်လာပြန်သည်။ မျက်ခုံးမွေးထူပြီး ဝတ်စုံစိမ်းကို ဝတ်ထားသည်။ ထိုသူ၏ မျက်နှာသွင်ပြင်မှာ မိန်းကလေး တစ်ယောက်ကဲ့သို့ ချောမောလှပ၏။

သူနောက်မှ စာရေးကြီးလည်း ပါလာပြီး အပေါ်ထပ်ကို မတက်ရန် တတွတ်တွတ်ပြောနေသည်။

ဝတ်စုံစိမ်းက စာရေးကြီးကိုဆတ်ခနဲ လှည့်ကြည့်ပြီး ပြန်ပြောသည်။

"ဘယ်လိုလဲ စာရေးကြီးရဲ့ .... အပေါ်ထပ်မှာ နေရာလွတ်တွေ အများကြီးရှိနေလျက်သားနဲ့ ဘာဖြစ်လို့ အပေါ်ထပ်မှာ စားခွင့်မရှိတာရတာလဲ .... ကျုပ်လည်း ထိုက်သင့်တဲ့ တန်ဖိုးကို ပေးစားတာပါ .... "

စာရေးကြီးမျက်နှာက ရှုံ့မဲ့သွားပြီး ....

"ဒီလိုပါ ခင်ဗျာ .... အပေါ်ထပ်တစ်ထပ်လုံးကို ဟိုစားပွဲက ပုဂ္ဂိုလ်တွေ ငှားထားပြီး ဖြစ်နေလို့ပါ .... "

"မလိုချင်ဘူး .... အပေါ်ထပ်မှာပဲ ကျုပ်စားမယ် .... "

ရောင်နီသိုင်းသမားက ဝတ်စုံစိမ်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ စာရေးကြီးကို လှမ်းပြောသည်။

"နေပါစေ စာရေးကြီး .... သူဆန္ဒရှိသလို စားပါစေ .... "

ဝတ်စုံစိမ်းက ရောင်နီသိုင်းသမားကို တစ်ချက် ပြန်ကြည့်ပြီး တိန့်ထောက် ဘေးနားမှ စားပွဲတွင် ဝင်ထိုင်လိုက်၏။

စာရေးကြီးလည်း ပခုံးတစ်ချက်တွန့်ပြီး ပြန်ဆင်းသွားသည်။

"ဘာများ သုံးဆောင်ပါမလဲ ဆရာလေး .... "

ဝတ်စုံစိမ်းက တိန့်ထောက် စားပွဲကို တစ်ချက်လှမ်းကြည့်လိုက်ပြီး လက်ညှိုးထိုးကာ စားပွဲထိုးကို ပြန်ပြောသည်။



"ဟိုစားပွဲက ဟင်းပွဲတွေအတိုင်းပဲ စီစဉ်ပေးပါ .... "

စားပွဲထိုးလည်း တိန့်ထောက် စားပွဲပေါ်မှ ဟင်းခွက်များကို ကြည့်ပြီး မှတ်သားကာ အောက်ထပ်သို့ ခပ်သုတ်သုတ် ဆင်းသွားလေသည်။

တိန့်ထောက်က ဝတ်စုံစိမ်းလူရွယ်ကို စောင်ငဲ့ကြည့်ပြီး ဝတ်စုံစိမ်းမှာ အသက်သုံးဆယ် ပတ်ဝန်းကျင်ခန့်ရှိကြောင်း တွေ့ရ၏။

ထိုသူကို တွေ့ဖူးသလိုလို ရှိသော်လည်း မည်သည့်နေရာတွင် တွေ့ဖူးကြောင်း စဉ်းစား၍ မရချေ။

ဝတ်စုံစိမ်းလူရွယ်ကလည်း တိန့်ထောက်ကို ပြန်ကြည့်ပြီး ရင်းနှီးဖော်ရွေစွာ ပြုံးပြသည်။

ခဏနှင့်စားပွဲထိုးသည် လင်ဗန်းတစ်ချပ်ပေါ်တွင် အရက်အိုးနှင့် ဟင်းပွဲများကို တင်ဆောင်လာကာ ဝတ်စုံစိမ်းလူရွယ် စားပွဲပေါ်တွင် ပြင်ဆင်ပေးလိုက်၏။

ဝတ်စုံစိန်းလူရွယ်က အရက်တစ်ခွက်ကို ငှဲ့ထည့်ပြီး တိန့်ထောက်ကို စောင်းငဲ့ကြည့်သည်။

တိန့်ထောက်ကလည်း ပြန်ကြည့်သဖြင့် အကြည့်ချင်းဆုံသွားသည်။

ဝတ်စုံစိမ်းလူရွယ်က ဖော်ရွေစွာ စတင်စားဆိုသည်။

"ညီလေးလည်း တစ်ယောက်တည်းပဲနဲ့ တူတယ် .... အစ်ကိုလည်း တစ်ယောက်တည်းဆိုတော့ ပျင်းစရာကြီး ဖြစ်နေမှာပဲ ....



ညီလေးစားပွဲကို အစ်ကိုရွှေ့ခဲ့ချင်တယ် ဖြစ်မလား .... "

တစ်ဘက်ကလူက ရင်းနှီးခင်မင်လိုစိတ်ဖြင့် ယဉ်ယဉ်ကျေးကျေး ခွင့်ပန်နေလေရာ တိန့်ထောက်မှာ ငြင်းဆန်ရန် မကောင်းတော့ချေ။

"ဟုတ်ကဲ့ .... နောင်ကြီး ဆန္ဒရှိရင်တော့ ရွှေ့လာခဲ့ပါ"

ဝတ်စုံစိမ်း လူရွယ်ကိုယ်တိုင် ဟင်းခွက်ပန်းကန်များကို သယ်ပြီး တိန့်ထောက် စားပွဲဆီသို့ ရွှေ့ပြောင်းလာသည်။

နှစ်ဦးသား မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။

နေရာတကျထိုင်ပြီးသည်နှင့် ဝတ်စုံစိမ်းလူရွယ်က ပျူငှာစွာ စကားဆို၏။

"ညီလေးက ရောင်ခြည်သိုင်းသမား တိန့်ထောက် မဟုတ်လား .... "

သူ့ကို ဝတ်စုံစိမ်းလူရွယ်က သိနေသဖြင့် တိန့်ထောက် အံ့သြသွား၏။

"အစ်ကိုက ဘယ်သူလဲ .... "

"အစ်ကို့ကို သိုင်းလောကသားတွေကတော့ အရိပ်နီ သိုင်းသမားလို့ ခေါ်ကြတာပဲ .... "

"ဩော် .... "

သိုင်းလောကတွင် အရိပ်နီသိုင်းသမားဟူသော ဘွဲ့နာမည်ကို တိန့်ထောက် မကြားဖူးသဖြင့် ငြိမ်နေလိုက်၏။

"ညီလေးက ဒီမြို့ကို အလည်အပတ်လာတာလား .... "

"ဟုတ်ကဲ့ .... ဆိုပါတော့ .... "

"ကောင်းပါတယ် .... သိုင်းသမားဆိုတာ ဒေသအနှံ့ ရောက်ဖူးလေ ကောင်းလေပဲ .... ဒါမှ အတွေ့အကြုံ များများရပြီး အများကြီးအကျိုးရှိနိုင်တာပေါ့ .... "

ထို့နောက် တိန့်ထောက်နှင့်အရိပ်နီ သိုင်းသမားတို့သည် စားသောက်ရင်းမှ သိုင်းလောက အကြောင်းကို စကားလက်ဆုံကျနေကြ၏။

အတန်ကြာသွားသောအခါ ရောင်နီသိုင်းသမားတို့ လူစုသည် စားသောက်ပြီးစီး၍ ထိုင်ရာမှ အသီးသီး ထရပ်လိုက်ကြ၏။

"တိန့်ထောက် .... မြို့အနောက်ဘက် ငါးလီဝေးတဲ့ တောအုပ်ထဲမှာ မင်းကို စောင့်နေမယ် .... ဘယ့်နှယ်လဲ .... မင်း လာဝံ့ပါ့မလား .... "

တိန့်ထောက်ကလည်း ခပ်အေးအေး ပြန်ပြောလိုက်၏။

"စိတ်ချ .... ကျုပ် ဆက်ဆက်လာခဲ့မယ် .... "

ရောင်နီ သိုင်းသမားတို့လူစု စားသောက်ဆိုင်မှ ထွက်ခွာသွားကြ၏။

ထိုအခါမှ အရိပ်နီသိုင်းသမားက တိန့်ထောက်ကို မေးသည်။

"ညီလေး .... သူတို့နဲ့ဘာဖြစ်လို့လဲ .... "

"ကျွန်တော်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ချိန်းသွားတာပါ .... "

"သူတို့က ဘယ်သူလဲ .... "

"ဝမ်ရဲ့ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်းရဲ့သမီး ကျင့်ရဲ့ဟွာနဲ့



သားမက်လောင်း ရောင်နီသိုင်းသမားလေ .... "

အရိပ်နီသိုင်းသမား မျက်မှောင် ကြုတ်သွားပြီး ....

"အင်း .... ဒီနယ်မြေဒေသဟာ ဝမ်ရဲ့ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်း ဩဇာအာဏာ လွှမ်းမိုးတဲ့ နယ်မြေဒေသပဲ .... ဒီ ဒေသတစ်ဝိုက် နေရာတိုင်းမှာ သူ့ရဲ့လူတွေ ရှိနေတယ် .... ညီလေး အနေနဲ့ အစစအရာရာ သတိထားနိုင်မှ တန်ကာကျမယ် .... "

"ဟုတ်ကဲ့ အစ်ကို .... ကျွန်တော် သတိထားပါ့မယ် .... "

"ဒါနဲ့ သူတို့ ချိန်းဆိုတဲ့နေရာကို ညီလေး သွားမလို့လား"

"သွားရမှာပေါ့ .... ကျွန်တော်ကိုယ်တိုင်ကလည်း သူတို့နဲ့ ခုလို တွေ့ချင်နေတာ .... "

"ညီလေး သဘောတူမယ်ဆိုရင် အစ်ကိုပါ ညီလေးနဲ့လိုက်ခဲ့မယ်လေ .... "

တိန့်ထောက်က ခေါင်းကို ခါယမ်းပြီး ....

"ကျေးဇူးတင်ပါတယ် အစ်ကို .... ကျွန်တော့် ပြဿနာကို ကျွန်တော့်ဘာသာပဲ ရှင်းချင်ပါတယ် .... အစ်ကို မလိုက်ပါနဲ့ .... "

"အင်းလေ .... ဒါကတော့ ညီလေးရဲ့ဆန္ဒအတိုင်းပဲပေါ့ .... ညီလေးနဲ့တော့ ထပ်တွေ့ချင်ပါသေးတယ် .... အေးအေးဆေးဆေး စကားပြောချင်သေးတယ် .... "

"ကျွန်တော်လည်း အစ်ကိုနဲ့ ထပ်တွေ့ချင်ပါသေးတယ် .... ခုတော့ ကျွန်တော့်ကို ခွင့်ပြုပါဦး .... "

ပြောပြောဆိုဆို တိန့်ထောက် ထိုင်ရာမှ ထရပ်သည်။

အရိုပ်နီသိုင်းသမားကလည်း ထရပ်ပြီး တစ်ဦးလက်ကိုတစ်ဦး ဆုပ်ကိုင်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် တိန့်ထောက် ဆိုင်အပေါ်ထပ်မှ ဆင်းခဲ့၏။ ငွေသိမ်းစားပွဲတွင် နှစ်ယောက်စလုံးအတွက် ကျသင့်ငွေကို ရှင်းခဲ့သည်။

ဆိုင်မှ ထွက်လာသည်နှင့် မြို့အနောက်ဘက်ကို လာခဲ့၏။



အနောက်ဘက်မြို့တံခါးအရောက်တွင် အသက်လေးဆယ်နီးပါး အရွယ်ခန့်ရှိ လူကြီးတစ်ယောက် သူ့ထံ ချဉ်းကပ်လာခဲ့သည်ကို တိန့်ထောက်တွေ့ရသည်။ ထိုလူကြီးက နှစ်ကိုယ်ကြား လေသံဖြင့် စကားဆိုသည်။

"တူမောင့်ကို ကျုပ် စောင့်နေတာ ကြာလှပြီ ...."

တိန့်ထောက်ကို မျက်မှောင်ကြုတ်၍ ပြန်ကြည့်ပြီး ....

"ခင်ဗျား ဘယ်သူလဲ ...."

"ကျုပ်က စေ့ကျားကြည့်ရွာက လာခဲ့တာပါ .... ရွာသူကြီးရဲ့ နိုင်းစေချက်ကြောင့် တူမောင့်ကို လာစောင့်နေတယ် ဆိုပါတော့ .... သူကြီးရဲ့ အိမ်ဂေဟာကို တူမောင်ရဲ့ လူနှစ်ယောက်ရောက်နေပါတယ် ...."

လူနှစ်ယောက်ဆိုသည်မှာ အားလုံးသိသိုင်းသမားကြီးချွမ်းကြည်နှင့် ဟိုအိလောက်တို့ ဖြစ်ကြောင်း တိန့်ထောက် ချက်ချင်းသိလိုက်၏။ သူက ကောင်းကောင်းမွန်မွန်ပင် ပြန်ပြောသည်။

"ခုလောလောဆယ်တော့ ကျွန်တော့်မှာ အရေးတကြီးသွားစရာရှိနေသေးလို့ လိုက်မာနိုင်သေးပါဘူး .... သူတို့ကို ကြည့်ပြောလိုက်

ပါ .... ကိစ္စ ပြီးစီးမှပဲ လာပါ့မယ်လို့ .... ကျွန်တော်မလာမချင်း ဒီမှာပဲ စောင့်နေပါလို့ .... ဒါနဲ့ ဈေးကျားကြည့်ရွာကို ဘယ်လို လာခဲ့ရမှာလဲ ....”

“ဒီကနေ အနောက်ဘက်လမ်းအတိုင်း ဆယ်လီလောက်သွားရင် ထင်းရှူးတောကို တွေ့ရပါလိမ့်မယ် .... ထင်းရှူးတောထဲမှာ ဈေးကျားကြည့်ရွာ တည်ရှိနေပါတယ် ....”

“ကောင်းပါပြီ .... ကျွန်တော် အမြန်ဆုံးရောက်အောင် လာခဲ့ပါ့မယ် .... ခုတော့ ကျွန်တော့်ကို ခွင့်ပြုပါဦး ....”

ထိုလူကြီးကို နှုတ်ဆက်ကာ မြို့ပြင်သို့ တိန့်ထောက် ဆက်လက် ထွက်ခွာလာခဲ့လေသည်။